အဿဘဝေယျ၊ ၏။ ဇမသို့ ဥဒကဒဟော၊ ဤရေအိုင်၌။ သြဠာရိကာ၊ ရုန့်ရင်းကုန်သော။ ''ကြီးကုန်သော, လည်းဟူ''။ ယေကေစိ၊ ခပ်သိမ်းကုန်သော။ ပါဏာ၊ သတ္တဝါတို့သည်။ ''ငါးတို့သည်, လည်းဟူ''။ သန္တိ၊ ကုန်၏။ သဗ္ဗေ၊ ကုန်သော။ တေ ပါဏာ၊ တို့သည်။ အန္တောဇာလိဂတာ၊ တံငါ၏ ကွန်တွင်း၌သာ တည်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ထွေ၊ ဤတံငါ၏ ကွန်တွင်း၌။ သိဘာဝ၊ နစ်ကုန်သည်သာလျင်။ ဟုတ္ထာ၊ ၍။ ဥမ္မုဇ္ဇမာနာပိ၊ သော်လည်း။ ဥမ္မုဇ္ဇန္တိ၊ ပေါ်ကုန်၏။ ထွေ၊ ဤတံငါ၏ ကွန်တွင်း၌။ ပရိယာပန္နာ၊ ဖွဲ့မိကုန်သည်။ ဟောန္တိ၊ ကုန်၏။ အန္တောဇာလိဂတာဝ၊ တံငါ၏ကွန်တွင်း၌ ရှိကုန်သည်သာလျင် ဟုတ္ထာ၊ ၍။ ဥမ္မုဇ္ဇမာနာ၊ သော်လည်း။ ဥမ္မုဇ္ဇန္တိ၊ ကုန်၏။ ဇုတိ ဧသော ပရိဝိတက္ကော၊ သည်။ အဿဘဝေယျ၊ ၏။ ဝေမေဝခေါ၊ ထိုအတူလျင်။ ဘိက္ခဝေ၊ တို့။ ယေကေစိ၊ ကုန်သော။ သမဏာဝါ၊ တို့သည် လည်းကောင်း။ ဗြာဟ္မဏာဝါ၊ ပုဏ္ဏားတို့သည် လည်းကောင်း။ ပုဗ္ဗန္တကပ္ပိကာ၊ ရှေးအဖို့ကိုကြံ၍ယူတတ်ကုန်သည်။ ဟုတ္ထာဝါ၊ ဖြစ်၍ လည်းကောင်း။ အပရန္တကပ္ပိကာ၊ သည်။ ဟုတ္ထာဝါ၊ ဖြစ်၍လည်းကောင်း။ ပုဗ္ဗန္တာပရန္တကပ္ပိကာ၊ ကုန်သည်။ ဟုတ္ထာဝါ၊ ဖြစ်၍ လည်းကောင်း။ ပုဗ္ဗန္တာပရန္တာနုဒိဋ္ဌိနော၊ ရှေးအဖို့ နောက်အဖို့ အစဉ်လိုက်၍ စွဲလမ်းကုန်သည်။ ဟုတ္ထာဝါ၊ ၍လည်းကောင်း။ ပုဗ္ဗန္တာပရန္တံ၊ ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ပ။

အမှာ ဤသို့ ခြောက်ဆယ့်နှစ်ပါး ကုန်သော မိစ္ဆာဒိဋ္ဌိတို့ဖြင့် အလုံးစုံကုန်သော မိစ္ဆာဒိဋ္ဌိတို့၏ ပေါင်း၍ ယူကုန်သည်၏ အဖြစ်ကြောင့် အလုံးစုံကုန်သော မိစ္ဆာဒိဋ္ဌိအယူ ရှိကုန်သောပုဂ္ဂိုလ်တို့၏ တခုတည်းသော ဝေဒနာတည်းဟူသော ကွန်ရက်၌ အကျုံးဝင်သည်၏ အဖြစ်ကိုပြပြီး၍ ယခုအခါ မိမိ၏ တစုံတယောက်သော မိစ္ဆာဒိဋ္ဌိ ပုဂ္ဂိုလ်၌ အကျုံးမဝင်သည်၏ အဖြစ်ကို ပြတော်မူလိုသည်ဖြစ်၍''ဥစ္ဆိန္နဘဝနေတ္တိကော ဘိက္ခဝေ

http://www.dhammadownload.com

တထာဂတဿ ကာဇယော'' အစရှိသော ဒေသနာပါဠိကို မိန့်သတည်း၊ ထိုပါဠိ၏ အတ္ထကား။

၁၄၇။ ဘိက္ခဝေ၊ တို့။ ဥစ္ဆိန္နဘဝနေတ္တိကော၊ အရဟတ္တမဂ်တည်းဟူသော သန်လျက်ဖြင့် အကြွင်းမဲ့ ဖြတ်အပ်ပြီးသော ဘဝတဏှာရှိသော။ တထာဂတဿ၊ ငါဘုရား၏။ ကာယော၊ ရူပကာယသည်။ တိဋ္ဌတိ၊ တည်၏။ ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ အဿ၊ ထိုငါဘုရား၏။ ကာယော၊ သည်။ ဋ္ဌဿတိ၊ တည်လတ္တံ့။ တာဝ၊ ထိုသို့ တည်သမျှသော ကာလပတ်လုံး။ နံ၊ ထို-ငါဘုရားကို။ ဒေဝါဝါ၊ နတ်တို့သည်လည်းကောင်း။ မနုဿာဝါ၊ လူတို့သည်လည်းကောင်း။ ဒက္ခန္တိ၊ မြင်ရကုန်လတ္တံ့။ (ဒက္ခန္တိကား အနာဂတ်၌ ဝတ္တမာန် ဝိဘတ်တည်း။ ထို့ကြောင့် ''ဒေဝါဝါ မနုဿာဝါ နံ ဒက္ခိဿန္တိ'' ဟု အဋ္ဌကထာဆရာ ဆိုသတည်း)။ ကာယဿ၊ ကိုယ်ခန္ဓာ၏။ ဘေဒါ၊ ပျက်သည်မှ။ **တနည်းကား**၊ ကာယဿ၊ ဇီဝိတိန္ဒြေ၏။ ဘေဒါ၊ ပျက်သည်မှ။ ဥဒ္ဓံ၊ ၌ ဇီဝိတပရိယာဒါနာ၊ ဇီဝိတိန္ဒြေ ပျက်ခြင်းကြောင့်။ နံ၊ ထိုငါဘုရားကို။ ဒေဝါဝါ၊ တို့သည်လည်းကောင်း။ မနုဿာဝါ၊ လူတို့သည်လည်းကောင်း။ နဒက္ခန္တိ၊ မမြင်ရကုန်လတ္တံ့။ သေယျထာပိ၊ ဥပမာ အဘယ်ကဲ့သို့ နည်းဟူမူကား။ ဘိက္ခဝေ၊ တို့။ အမ္ဗပိဏ္ဍိယာ၊ သရက်ခိုင်၏။ ဝဏ္ဏာ့ဆွတ်နှာယ၊ အညှာပြတ်ပြီးသည်။ သတိ၊ ရှိသော်။ **တနည်းကား**၊ ဝဏ္ဏာ့ဆွတ်နှာယ၊ အညှာပြတ်ပြီးသော။ အမ္ဗပိဏ္ဍိယာ၊ သရက်ခိုင်၌။ ယာနိကာနိစိ၊ အလုံးစုံကုန်သော။ အမ္ဗာနိ၊ သရက်သီးတို့သည်။ ဝဏ္ဏာပဋိဗန္ဓာနိ၊ အညှာနှင့်စပ်ကုန်သည်။ ''အညှာဖြင့် ဖွဲ့ကုန်သည်, လည်းဟူ''။ ဟောန္တိ၊ ကုန်၏။ သဗ္ဗာနိ၊ အလုံးစုံကုန်သော။ တာနိ အမ္ဗာနိ၊ ထိုသရက်သီးတို့သည်။ တဒန္တရာနိ၊ အညှာသို့ အစဉ် လိုက်သည်သာလျှင်။ ဘဝန္တိ ယထာ၊ ကုန်သကဲ့သို့။ ဧဝမေဝ၊ ထိုအတူလျှင်။ ဘိက္ခဝေ၊ တို့။ ဥစ္ဆိန္နဘဝနေတ္တိကော၊ အရဟတ္တမဂ်တည်းဟူသော သန်လျက်ဖြင့် အကြွင်းမဲ့ ဖြတ်ပြီးသော ဘဝတဏှာရှိသော။ တထာဂတဿ၊

http://www.dhammadownload.com

ငါဘုရား၏။ ကာယော၊ ရူပကာယသည်။ တိဋ္ဌတိ၊ တည်၏။ ယာဝ၊ အကြင်မျှ လောက်သော ကာလပတ်လုံး။ အသ၊ ထို-ငါဘုရား၏။ ကာယော၊ ရူပကာယသည်။ ဌဿတိ၊ တည်လတ္တံ့။ တာဝ၊ ထိုသို့တည်သမျှသော ကာလပတ်လုံး။ နံ၊ ထိုငါဘုရားကို။ ဒေဝါဝါ၊ တို့သည် လည်းကောင်း။ မနုဿာဝါ၊ တို့သည်လည်း ကောင်း။ ဒက္ခန္တိ၊ မြင်ရကုန်လတ္တံ့။ (ဝါသဒ္ဒါကား လုတ္တာနိဒ္ဒိဋ္ဌ တည်း)။ ကာယဿ၊ ရူပကာယ၏။ ဘေဒါ၊ ပျက်သည်မှ။ ဥဒ္ဓံ၊ ၌။ ဇီဝိတပရိယာဒါနာ၊ အသက်၏ကုန်ခြင်းကြောင့်။ နံ၊ ထိုငါဘုရား ကိုယ်ကို။ ဒေဝမနုဿာ၊ တို့သည်။ နဒက္ခန္တိ၊ မမြင်ရကုန်လတ္တံ့။ (ဂတိသဒ္ဒါကား ပရိသမာပနတည်း)။

၁၄၈။ ဧဝံ၊ သို့။ ဘဂဝတာ၊ သည်။ ဣမသ္မိံသုတ္တေ၊ ကို။ ဝုတ္တေ၊ ဟောတော် မူအပ်သည် ရှိသော်။ အာယသ္မာ၊ သော။ အာနန္ဒော၊ သည်။ ဘဂဝန္တံ၊ ကို။ ဧတံဝစနံ၊ ကို။ အဝေါစ၊ လျှောက်၏။ ကိံ အဝေါစ၊ အသို့ လျှောက်သနည်း ဟူမူကား။ ဘန္တေ၊ ဘုရား။ အစ္ဆရိယံ၊ အလွန်အံ့ဖွယ် ရှိစွတကား။ ဘန္တေ၊ ဘုရား။ အဗ္ဘုတံ၊ မဖြစ်ဘူးသော သဘောသည် ဖြစ်စွတကား။ ဘန္တေ၊ဘုရား။ အယံ ဓမ္မ ပရိယာယော၊ ဤတရားဒေသနာတော် သည်။ ကောနာမော၊ အဘယ်အမည်ရှိသနည်း။ ဣတိ ဧတံ ဝစနံ၊ ကို။ အဝေါစ၊ ၏။ အာနန္ဒ၊ အာနန္ဒာ။ ဣမသ္မိံ ပရိယာယေ၊ ၌။ ဣမတ္ထောပိ၊ ဤပစ္စုပ္ပန်ဘဝဖြစ်သော အကျိုးကို လည်းကောင်း။ ပရတ္ထောပိ၊ တမလွန်ဘဝ၌ဖြစ်သော အကျိုးကို လည်းကောင်း။ သက္ကာ၊ စွမ်းနိုင်၏။ (ဤလည်း အနိယတ် ထည့်သည်)။ တသ္မာ တိဟ၊ ကြောင့်။ ဣမံ ဓမ္မပရိယာယံ၊ ကို။ အတ္ထဇာလန္တိပိ၊ ဟူ၍ လည်း။ နံ၊ ကို။ ဓာရေဟိ၊ လော့။ ဗြဟ္မဇာလန္တိပိ၊ ဟူ၍လည်း။ နံ၊ ကို။ ဓာရေဟိ၊ လော့။ ဒိဋ္ဌိဇာလန္တိပိ၊ ဟူ၍လည်း။ နံ၊ ကို။ ဓာရေဟိ၊ လော့။ အနုတ္တရော သင်္ဂါမ ဝိဇယောတိပိ၊ အနုတ္တရ သင်္ဂါမဝိဇယဟူ၍လည်း။ နံ၊ ကို။ ဓာရေဟိ၊ လော့။ (ဣတိ သဒ္ဒါ

http://www.dhammadownload.com

ကား ပရိသမာ ပနတည်း)။ ဘဂဝါ၊ သည်။ ဇုဒံဝစနံ၊ ကို။ အဝေါစ၊ မိန့်တော်မူ၏။

၁၄၉။ တေဘိက္ခူ၊ တို့သည်။ အတ္တမနာ၊ နှစ်လိုဝမ်းသာကုန်သည်ဖြစ်၍။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဘာသိတံ၊ ဟော တော်မူအပ်သော တရားကို။ **ဘာနည်းကား**၊ ဘာသိတံ၊ စကား တော်ကို။ အဘိနန္ဒန္တိ၊ ကောင်းပြီဟု ဝန်ခံကုန်ပြီ။ (အဘိနန္ဒန္တိ၌ အန္တိဝဘတ်လည်း အတိတ်ကာလ၌ဖြစ်၏။ ထိုကြောင့် အဋ္ဌကထာ၌ ''အဘိနန္ဒန္တိတိ အနုမောဒိံသုစေဝ သမ္ပဋိစ္ဆိံသုစ''ဟု ဆိုသတည်း)။ ဇုမသ္မိံ ပန ဝေယျာကရဏာသ္မိံ၊ ဤဂါထာမရှိသော အမေးအဖြေနှင့်တကွသော ဤသုတ်ကို။ ဘည်မာနေ၊ ဟောတော်မူအပ်သည်ရှိသော်။ ဒဿ သဟာသိ လောကဓာတု၊ ဟသောင်းသော လောကဓာတ်သည်။ ''တသောင်းသော စကြဝဠာသည်လည်းဟူ''။ အကမ္ပိတ္ထ၊ လှုပ်ပြီ။

အမှာ ''သုတ္တဒေသနာ ပရိယောသာနေ''ဟု မဆို မူ၍ ''ဇုမသ္မိံ စ ပန ဝေယျာကရဏာသ္မိံ ဘည်မာနေ'' ဟု ဆိုခြင်းကြောင့် ဤသုတ်ကိုဟောသော အဆုံးဌာန စကြဝဠာတသောင်းမလှုပ်။ တပါးပါးသော မိစ္ဆာအယူကို ဟောတော်မူသော အဆုံးဌာန စကြဝဠာတသောင်း လှုပ်၏ဟု မှတ်အပ်၏။ ထိုကြောင့်အဋ္ဌကထာဌာ ''ဒွါသဋ္ဌိယာ ဒိဋ္ဌိဂတေသု ဝိနိဝေဌေတ္ဝာ ဒေသိယမာနေသု တသ္မာ တသ္မာ ဒိဋ္ဌိဂတသ္မာ ပရိယောသာနေ ပရိယောသာနေတိ ဒွါသဋ္ဌိယာ ဌာနေသု အကမ္ပိတ္ထ''ဟု ဆိုသတည်း။

ပဌမံ၊ သော။ မြဟ္မဇာလသုတ္တံ၊ မြဟ္မဇာလသုတ်သည်။
နိဋ္ဌိတံ၊ ပြီးပြီ။

---

http://www.dhammadownload.com

၂-သာမညဖလသုတ္တ-ရာဇာမစ္စကထာ

၁၅၀။ **ဘန္တေ** ကဿပ၊ အရှင် မဟာကဿပ။ ဇုဒံသုတ္တံ၊ ဤ-သာမညဖလသုတ်ကို။ ဘဂဝတော၊ ၏။ သံမုခါ၊ မျက်မှောက်တော်မှာ။ ဧဝံ ဧကေန အာကာရေန၊ တပါးသော အခြင်းအရာဖြင့်။ (ဤကား ဧဝံ သဒ္ဒါကို အာကာရ အနက် ယူ၍ ယောဇနာသာတည်း)။ ဧဝံ၊ ဘုရားဟောတော် မူတိုင်းသာလျှင်။ (ဤကား အဝဓာရဏ အနက်တည်း)'။ ဧဝံ၊ ဤသို့ ဘုရား ဟောတော်မူအပ်သောနည်းဖြင့်။ (ဤကား နိဒဿနအနက်)။ မေမယာ၊ သည်။ သုတံဥပလက္ခိတံ၊ မှတ်လိုက်ရ၏။ (ဤအနက်ကား မသဒ္ဒါကို မယာဟူသောအနက်, သုတံသဒ္ဒါကို ကမ္မသာဓနအနက်, ယူ၍ ယောဇနာသော အနက်တည်း။ ဘန္တေ ကဿပ၊ အရှင် မဟာကဿပ။ ဇုမဿ သုတ္တဿ၊ ဤသာမညဖလသုတ်**ကို**။ ဘဂဝတော၊ ၏။ သမ္မုခါ၊ မှ။ ဧဝံ ဧကေန အာကာရေန၊ ဖြင့်။ **တနည်းကား**၊ ဧဝံ၊ ဘုရားဟောတော်မူတိုင်းသာလျှင်။ **တနည်းကား**၊ ဧဝံ၊ ဤသို့ ဘုရားဟောတော်မူသောနည်းဖြင့်။ မေ မမ၊ ၏။ သုတံဥပဓာရဏံ၊ မှတ်လိုက်ရခြင်းသည်။ ဟောတိ၊ ၏။ (ဤကား မသဒ္ဒါကို မမ အနက်ယူ၍, သုတသဒ္ဒါကို ဘာဝသာဓန အနက်ယူ၍, ယောဇနာသော အနက်တည်း)။ ကော၊ သော။ သမယော၊ ၌။ ဘဂဝါ၊ သည်။ ရာဇဂဟေ၊ ရာဇဂြိုဟ် ပြည်၌။ ကောမာရဘစ္စသ၊ အဘယမင်းသားသည် ကောက်၍မွေးအပ်သော။ ဇီဝကဿ၊ ဇီဝက၏။ အမ္ဗဝနေ၊ သရက် ဥယျာဉ် တော၌။ မဟတာ၊ ဂုဏ်အားဖြင့် ကြီးသော။ ''ဂုဏ်အားဖြင့် မြတ်သော, လည်းဟူ''။ **တနည်းကား**၊ မဟတာ၊ အရေအတွက်အားဖြင့် များသော။ ဘိက္ခု၊ သံဃေန၊ ရဟန်းအပေါင်းနှင့်။ သဒ္ဒိံ၊ ကွ။ အမုတေဒ္ဓသေဟိ၊ အခွဲဖြင့်မှတ်အပ်သော တဆယ့်သုံး အတိုင်း အရှည် ရှိကုန်သော။ **တနည်းကား**၊ အခွဲနှင့်တကွ တဆယ့်သုံးအရေအတွက် ရှိကုန်သော။ ဘိက္ခု၊ သတေဟိ၊ ရဟန်းအရာတို့နှင့်။ (ဤကား သဒ္ဒတ္ထတည်း)။ အမု

http://www.dhammadownload.com

တေဇသေဟိ ဘိက္ခု သတေဟိ၊ တထောင့်နှစ်ရာ့ ငါးကျိပ် အရေ အတွက် ရှိကုန်သော ရဟန်းတို့နှင့်။ သဒ္ဒိ၊ တက္ခ။ (ဤကား အဓိပ္ပါယ်ထွက်တည်း)။ ဝိဟရတိ၊ ၏။

အမှာ　　"အမှုတေဇသေဟိ ဘိက္ခုသတေဟိ" ဟူသော ပါဠိဖြင့် မဟတာ ဘိက္ခုသံဃေန ဟူသော စကား၏ သရုပ်ကို ပြတော်မူသတည်း။ ။ဝစနတ္ထကား "အမှေန ဥပ လက္ခိတာနိ တေဇသ အမှုတေဇသာနိ"။ ယာနိသတာနိ၊ အကြင် အရာတို့သည်။ ~~အမှေန၊ အ~~ခွဲဖြင့်။ ဥပလက္ခိတာနိ၊ မှတ်အပ်ကုန် သော။ တေဇသ၊ တဆယ့်သုံးပါး တို့သည်။ ဟောန္တိ၊ ကုန်၏။ ဤတိ တသ္မာ၊ ကြောင့်။ တာနိသတာနိ၊ တို့သည်။ အမှုတေဇသာနိ၊ မည်ကုန်၏။ မဇ္ဈေလောပ တတိယာတပ္ပုရိသ်။ အရကား တထောင့် နှစ်ရာ့ငါးဆယ်တည်း။ **တနည်းကား**၊ "အမှေနသဟတ္ထေဇသ တေသန္တိ အမှုတေဇသာနိ။ ။တေသံသတာနံ၊ တို့အား။ အမှေ နဲ၊ အခွဲနှင့်။ သဟ၊ တက္ခ။ တေဇသ၊ တဆယ့်သုံးပါး အရေအတွက် တို့သည်။ သန္တိ၊ ကုန်၏။ ဤတိတသ္မာ၊ ထိုသို့ရှိကုန်သည်၏ သတ္တိ ကြောင့်။ တာနိသတာနိ၊ တို့သည်။ အမှုတေဇသာနိ၊ မည်ကုန်၏။ ဧတ္ထဆိဗဟုဗ္ဗီဟိ။ ။အရကား ရှေးနည်းလည်းကောင်းတည်း။ ။ ရာဇ၊ဟေဟူသော အာဓာရဖြင့် ဆွမ်းခံရွာကို ပြတော်မူ၏။ အမ္ဗ ဝနေဟူသော အာဓာရဖြင့်ကား နေရာအရပ်ကို ပြတော်မူ၏။ ထိုသရက်ဥယျာဉ်သည် ရာဇဂြိုဟ် ပြည်၏ မနီးမဝေးသော အရပ်၌ တည်၏။ ထိုကြောင့် ရာဇဂြိုဟ်ပြည် အနီး၌ နေတော် မူသော မြတ်စွာဘုရားကို သမီပူပစာရအားဖြင့် ရာဇဂြိုဟ်ပြည်၌ နေ၏ဟု ဆိုသတည်း။ ။ယေနသမယေန၊ ၌။ ဘဂဝါ၊ သည်။ ကောမာရ ဘစ္စသ၊ အဘယ မင်းသားသည် ကောက်၍ မွေး အပ်သော။ ဇီဝကသ၊၏။ အမ္ဗဝနေ၊ ၌။ ဝိဟရတိ၊ ၏။ (ဤကား အနိယတ် ထည့်သည်)။

http://www.dhammadownload.com

* တေနခေါပနသမယေန၊ထိုသို့ဘုရားသခင်ဗိဝကာ၏ သရဏဂုဏ်ဥာဉ်၌ နေတော်မူသော အခါ၌။ မာဂဓရာ၊ မာဂဓတိုင်းကို အစိုးရ ထသော။ ဝေဒေဟိပုတ္တော၊ ဝေဒေဟီ အမည်ရှိသော မိဖုရား၏ သားဖြစ်သော။ အဇာတသတ္တု၊ အဇာတသတ် အမည်ရှိသော။ ရာဇာ၊ သည်။ ပန္ဓရသေ၊ တဆယ့် ငါးရက်မြောက်ဖြစ်သော။ တဒဟုပေါသထေ၊ ထိုဥပုသ်နေ့၌။(တဒဟုကို တသို့ အဟု ဟုပုဒ်ဖြတ်)။ ကောမုဒိယာ၊ ကုမုဒြာကြာတို့၏ ပွင့်တုန်း ဖြစ်ထသော။ စာတုမာသိနိယာ၊ မိုးလေးလကို၏ အဆုံးဖြစ် ထသော။ ပုဏ္ဏာယ၊မိုးဥတုပြည့်ထသော။ပုဏ္ဏမာယ၊တန်ဆောင်မုန်းလပြည့်နေ့၌။ ရတ္တိယာ၊ ည၌်။ ရာဇာမစ္စပရိဝုတော၊ မင်း၏ အမတ်အပေါင်း ခြံရံလျက်။ ဥပရိပါသာဒဝရဂတော၊ မြတ်သော ပြာသာဒ်အထက်၌ လူးလာသွားလျက်။ နိသိန္နော၊သည်။ ဟောတိ၊ ၏။

အမှာ ဥပုသ်နေ့၌ အဋ္ဌမီ စတုဒ္ဒသီ ပန္နရသီအားဖြင့် သုံးပါးပြားသည်၏ အဖြစ်ကြောင့် အဋ္ဌမီဥပုသ်နေ့နှင့် စတုဒ္ဒသီ ဥပုသ်နေ့တို့ကို နစ်စေခြင်းငှာ ပန္နရသေဟူသော ဝိသေသနကို မိန့်သတည်း။ပန္နရသီဥပုသ်၏လည်း ဇက္ခပက္ခ သုက္ကပက္ခအားဖြင့် နှစ်ပါးရှိရကား ဇက္ခပက္ခကို နစ်စေခြင်းငှာ ပုဏ္ဏမာယ ဟူသော အာဓာရအထူးကို မိန့်ပြန်သတည်း။ပုဏ္ဏမာယ၏လည်းများသော အပြားရှိသည်၏ အဖြစ်ကြောင့် တပါးသော လပြည့်ကို နစ်စေခြင်းငှာ စာတုမာသိနိယာဟူသောဝိသေသနကို မိန့်ပြန်သတည်း။ တန်ဆောင်မုန်းလပြည့် ကာလ၌ ကုမုဒြာကြာတို့သည် ပွင့်ကုန်၏ ဟု သိစေခြင်းငှာ ကောမုဒိယာ ဟူသော ဝိသေသနကို မိန့်သတည်း။တန်ဆောင်မုန်းလပြည့်၌ မိုးဥတုပြည့်စုံသည်၏အဖြစ်ကို သိစေခြင်းငှာ ပုဏ္ဏမာယဟူသော ဝိသေသနကို မိန့်သတည်း။

* အထခေါ၊ ထိုတန်ဆောင်မုန်းလပြည့်နေ့ ည၌်အခါ၌။မာဂဓော၊မာဂဓတိုင်းကို အစိုးရထသော။ဝေဒေဟိပုတ္တော၊ ဝေဒေဟီအမည်ရှိသော မိဖုရား၏ သား ဖြစ် သော။ အာဇာတသတ္တု၊

http://www.dhammadownload.com

အဇာတသတ်အမည်ရှိသော။ ရာဇာ၊ သည်။ တဒဟုပေါသထေ၊ ၌။ ဥဒါန်၊ ဝမ်းမြောက်သော စကားကို။ ဥဒါနေသိ၊ မြွက်၏။ ကိုဝ် ဥဒါနေသိ၊ နည်းဟူမူကား။ ဘော၊ အချင်းတို့။ ရတ္တိ၊ ညဉ့်သည်။ ရှမဏီယာဝတ၊ မွေ့လျော်ဖွယ်ရှိစွတကား။ ''မွေ့လျော်ခြင်းကိုဖြစ်စေတတ်စွတကား,လည်းဟူ''။ ဒေါသိနာဝတ၊ အပြစ်ကင်းစွ တကား။ဘော၊တို့။ရတ္တိ၊သည်။ အဘိရူပါဝတ၊ အလွန်နှစ်လိုဖွယ်ရှိစွတကား။ ဒေါသိနာဝတ၊ အပြစ်ကင်းစွတကား။ ဘော၊တို့။ရတ္တိ၊သည်။ ဒဿနီယာဝတ၊ ရှုဖွယ်ရှိစွတကား။ဒေါသိနာဝတ၊ ကား။ ဘော၊ တို့။ ရတ္တိ၊ သည်။ ပါသာဒိကာဝတ၊ ကြည်ညိုဖွယ် ရှိစွတကား။ ဒေါသိနာဝတ၊ ကား။ ဘော၊ တို့။ ရတ္တိ၊ သည်။ လက္ခညာဝတ၊ မှတ်အပ်စွတကား။ ''နေလ အစရှိသည်တို့ကို မှတ်ခြင်းငှာ သင့်စွတကား,လည်းဟူ''။ ဒေါသိနာဝတ၊ကား။ (ဤရမဏီယာဝတ ဘော ဒေါသိနာ ရတ္တိ အစရှိသော ဝါကျငါးခုအပေါင်းကား ညဉ့်ကို ချီးမွမ်းသော ဝေဝုစ်ချည်းတည်း)။ ယံသမဏံဝါ၊ သို့လည်းကောင်း။ ယံဗြာဟ္မဏံဝါ၊ သို့လည်းကောင်း။ ပယိရူပါသတော-ပယိရူပါသန္တာနံ၊ ဆည်းကပ်ကုန်သော။ နော အမှာကံ၊ တို့၏။ စိတ္တံ၊စိတ်သည်။ ပသီဒေယျ၊ ကြည်ရာ၏။ ကံ၊ အဘယ်မည်သော။တံသမဏံဝါ၊သို့လည်းကောင်း။ တံဗြာဟ္မဏံဝါ၊ သို့လည်းကောင်း။ အဇ္ဇ၊ ယနေ့။ ''ယခု,လည်းဟူ''။ ပယိရူပါသေယျာမနုခေါ၊ ဆည်းကပ်ရကုန်အံ့နည်း။ ဇာတိ၊ သို့။ ဥဒါန်၊ ကို။ ဥဒါနေသိ၊ ၏။

အမှာ ကံနှင့်ဇာဇကို ကံနုခေါ အဇ္ဇဟု၊ ပုဒ်ဖြတ်။ ပယိရူပါသတောကား ဗဟုဝုစ်ဖြစ်သော နံဝိဘတ်ကို ကေဝုစ်ပြန်သောကြောင့် ဝစနဝိပလ္လာသ မည်၏။ ထိုသို့ ဗဟုဝုစ်ကို ကေဝုစ်ပြန်သောကြောင့် အဋ္ဌကထာ၌ ''ယံနောပယိရူပါသတော ဟိ ဝစနဗျတ္တိယောဂေါ သေ၊ ယံအမှာကံ ပဠိ ပုဿနဝသေန ပယိရူပါသန္တာနံ မဓုရံ ဓမ္မံ သုတ္ဝာ စိတ္တံ ပသီဒေယျာတိ အတ္ထော'' ဟု ဆိုသတည်း။

http://www.dhammadownload.com

၁၅၁။ ဧဝံ၊ ဤသို့။ ဝုတ္တေ၊ သော်။ အညတရော၊ တယောက် သော။ ရာဇအမစ္စော၊မင်း၏အမတ်သည်။ မာဂဓံ၊ မဂဓတိုင်းကို အစိုးရသော။ ဝေဒေဟိပုတ္တံ၊ ဝေဒေဟီ အမည်ရှိသော မိဖုရား၏သားဖြစ်သော။ အဇာတသတ္တုံ၊အဇာတသတ်အမည်ရှိသော။ ရာဇာနံ၊ကို။ တံဝစနံ၊ ကို။ အဝေါစ၊ ၏။ ကိံအဝေါစ၊ အသို့ ဆိုသနည်းဟူမူကား။ဒေဝ၊ကြီး။ကဿပေါ၊ကဿပမျိုးဖြစ်သော။ အယံပူရဏော၊ ဤပူရဏာသည်။ တုနည်းကား၊ ပူရဏော၊ တယောက်ဖြင့်ယုတ်သော တရာသောကျွန်ကိုပြည့်စေတတ်သော။ အယံကဿပေါ၊ ဤကဿပသည်။သံဃိစေဝ၊နှင့်လည်းပြည့်စုံ၏။ ဂဏိစ၊ ဂိဏ်းနှင့်လည်းပြည့်စုံ၏။ ဂဏာစရိယော၊ ဂိဏ်းတို့၏ ဆရာလည်းဖြစ်၏။ ဉာတော၊ ကျော်စောထင်ရှား၏။ ယသဿီ၊ အခြိအရံများ၏။ "များသော အခြိအရံရှိ၏,လော်"။ တိတ္ထကရော၊မိမိအယူကိုပြုကာက်၏။ဗဟုဇနဿ၊များသောလူအပေါင်း သည်။ သာဓုသမ္မတော၊ သူတော်ကောင်းဟူ၍ သမုတ်အပ်၏။ ရတ္တညူ၊ ညဉ့်၏အပိုင်းအခြားကိုသိ၏။ စိရပဗ္ဗဇိတော၊ ကြာမြင့် သော ရဟန်းပြုခြင်းရှိ၏။ အဒ္ဓဂတော၊ ရှည်မြင့်စွာသော ကာလ သို့ ရောက်ပြီ။ "မင်းနှစ်ဆက်သုံးဆက်တို့ကို လွန်ပြီ, လည်းဟူ"။ ဝယောအနုပ္ပတ္တော၊ ပစ္ဆိမအရွယ်သို့ရောက်ပြီ။ ဒေဝေါ၊ မင်းကြီး သည်။တံ၊တိုပူရာဏကဿပသို့။ ပယိရုပါသတု၊ ဆည်းကပ်တော် မူစေချင်၏။ ပူရဏံ၊ပူရဏာအမည်ရှိသော။ ကဿပံ၊ သို့။ ပယိရုပါသတော၊ ဆည်းကပ်သော။ ဒေဝဿ၊ မင်းကြီး၏။ စိတ္တံ၊ သည်။ အပ္ပေဝနာမပသီဒေယျ၊ ကြည်ညိုငြားအံ့လည်းမသိ။ "ကြည်ညို ရာ၏,လည်းဟူ"။ဇုတိတံဝစနံ၊ ကို။ အဝေါစ၊ လျှောက်လေ၏။ ဧဝံ၊ သို့။ ဝုတ္တေ၊ သော်။ပ။ တုဏှီ၊ ဆိတ်ဆိတ်နေသည်။ အဟောသိ၊ ၏။

၁၅၂။ အညတရော၊ သော။ ရာဇအမစ္စောပိ၊ သည်လည်း။ (ခေါ်သဒ္ဒါအနက်မရှိ)။ပ။ ဒေဝ၊ ကြီး။ ဂေါသာလော၊ နွားခြံ၌ ဖွါးသော။ အယံမက္ခလိ၊ ဤမက္ခလိသည်။ သံဃိစေဝ၊ သင်္ဃနှင့်

http://www.dhammadownload.com

လည်းပြည့်စုံ၏။ ဂဏီစ၊ ဂိုဏ်းနှင့်လည်းပြည့်စုံ၏။ ဂဏာစရိယောစ၊ ဂိုဏ်း၏ ဆရာလည်းဖြစ်၏။ ဉာတော၊ ကျော်စောထင်ရှား၏။ ယသဿီ၊ အခြံအရံများ၏။ တိတ္ထကရော၊ မိမိအယူကို ပြုတတ်၏။ ဗဟုဇနဿ၊ များသော လူအပေါင်းသည်။ သာဓုသမ္မတော၊ သူတော်ကောင်းဟူ၍ သမုတ်အပ်၏။ ရတ္တညူ၊ ညဉ့်၏ အဝိုင်းအခြားကိုသိ၏။ စိရပဗ္ဗဇိတော၊ ကြာမြင့်သောရဟန်းပြုခြင်းရှိ၏။ "ရဟန်းပြု၍ ကြာမြင့်ပြီ,လည်းဟူ"။ အဒ္ဓဂတော၊ ရှည်စွာသော အာယုန်သို့ရောက်ပြီ။ ဝယောအနုပ္ပတ္တော၊ ပစ္ဆိမအရွယ်သို့ရောက်ပြီ။ ဒေဝေါသည်။ တံမက္ခလိဂေါသာလံ၊ ထိုမက္ခလိဂေါသာလသို့။ ပယိရုပါသတု၊ ဆည်းကပ်စေချင်၏။ "ဆည်းကပ်တော်မူလော့ လည်းဟူ"။ မက္ခလိဂေါသာလံ၊သို့။ ပယိရုပါသတော၊ ဆည်းကပ်သော။ ဒေဝဿ၊၏။ စိတ္တံ၊သည်။ အပ္ပေဝနာမပသီဒေယျ၊ ကြည်ညိုငြားအံ့လည်းမသိ။ 'ကြည်ညိုရာ၏ လည်းဟူ'။ ဇုတိတေံဝစနံ၊ ကို။ အဝေါစ၊၏။ (နောက်၌ ဤနည်း ယောဇနာလေ။ ထူးရာကို သာ ယောဇနာအံ့)။

၁၅၃ ၁၅၄။ ဒေဝ၊ ကြီး။ ကေသကမ္မလော၊ လူဆံပင်ဖြင့် ယက်သော ကမ္မလာကို ဆောင်သော။ အယံအဇိတော၊ ဤအဇိတသည်။ (ဤမျှသာထူးသည်)။ ဒေဝ၊ကြီး။ ကစ္စာယနော၊ ကစ္စည်းအမျိုးဖြစ်သော။ အယံပကုဓော၊ ဤပကုဓသည်။

၁၅၅-၁၅၆။ ဒေဝ၊ ကြီး။ ဗေလဋ္ဌပုတ္တော၊ ဗေလဋ္ဌ၏သား ဖြစ်သော။ အယံသဉ္စယော၊ ဤသဉ္စယသည်။ နာဋပုတ္တော၊ နာဋ၏သားဖြစ်သော။ အယံနိဂဏ္ဌော၊ ဤနိဂဏ္ဌသည်။ ပ။

ကောမာရဘစ္စဇီဝကကထာ

၁၅၇။ တေနခေါပနသမယေန၊ ၌။ ကောမာရဘစ္စော၊အဘယမင်းသားသည် ကောက် မွေးအပ်သော။ ဇီဝကော၊ သည်။ မာဂဓဿ၊ သော။ ဝေဒေဟပုတ္တဿ၊ သော။ အဇာတသတ္တုဿ၊ သော။ ရညော၊၏။ အဝိဒူရေ၊ မနီးမဝေးသောအရပ်၌။ တုဏှီ

http://www.dhammadownload.com

ဘူတော၊ ဆိတ်ဆိတ်သာလျှင်။ နိသိန္နော၊ သည်။ ဟောတိ၊ ၏။ အထခေါ၊ ၌။ပ။ သမ္မဇ်ဝက၊ အရွယ်တူသောဇီဝက။ တွဲပန၊ သည်ကား။ ကိ်၊ အဘယ်ကြောင့်။ တုဏ္ဍိ၊ ဆိတ်ဆိတ်နေသည်။ အသိ၊ နည်း။ ဇူတိတော်ဝစန်၊ကို။ အဝေါစ၊ ဆိုလေ၏။ ဒေဝ၊ကြီး။ အရဟံ၊ သံသရာတည်းဟူသော စက်၏အကန့်ကို ဖျက်ဆီးတော်မူပြီးထသော။ သမ္မာသမ္ဗုဒ္ဓေါ၊ မဖောက်မပြန် မိမိအလိုလိုသာလျှင် အလုံးစုံသောတရားတို့ကို သဃ္ဃ။ ဉာဏ်ဖြင့် သိတော်မူပြီးထသော။ အယံဘဂဝါ၊ သည်။ အမှာကံ၊ တို့၏။ အမ္ဘဝနေ၊ ၌။ မဟာတာ၊ ဂုဏ်ဖြင့်မြတ်သော။ ''အရေအတွက်အားဖြင့် များကုန်သော, လည်းဟူ။ ဘိက္ခုသံဃေန၊ နှင့်။ သဒ္ဓိ်၊ ကွ။ အနုတေ္ဇသေဟိ၊ အခွဲနှင့်တကွတဆယ့်သုံးအရေအတွက်ရှိကုန်သော။ဘိက္ခုသတေဟိ၊ ရဟန်းအရာတို့နှင့်။ သဒ္ဓိ်၊ တကွ။ (ဤကား သဒ္ဒတ္ထတည်း)။ အနုတေ္ဇသေဟိ ဘိက္ခုသတေဟိ၊ တထောင့်နှစ်ရာ့ငါးကျိပ် အရေအတွက်ရှိကုန်သော် ရဟန်းတို့နှင့်။ သဒ္ဓိ်၊ ကွ။ (ဤကား အဓိပ္ပါယတ္ထတည်း)။ ဝိဟရတိ၊ နေတော်မူ၏။ တံပန ဘဝန္တံဂေါတမံ-တဿခေါပန ဘောတောဂေါတမဿ၊ ထိုအရှင်ဂေါတမ၏။ ဧဝံ၊ သို့။ ကလျာဏော၊ ကောင်းသော ဂုဏ်နှင့်ပြည့်စုံသော။ တနည်းကား၊ ကလျာဏော၊ အထူးသဖြင့်ချီးမွမ်းအပ်သော။ ကိတ္တိသဒ္ဒေါ၊ကျော်စောခြင်းသည်။ ''ကောင်းချီးကျူးသော အသံသည်, လည်းဟူ''။ အဗ္ဘုဂ္ဂတော၊ နှံ၍တက်၏။ ကိ်အဗ္ဘုဂ္ဂတော၊ အဘယ်သို့နှံ့၍တက်သနည်း ဟူမူကား။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဇူတိပိ ဇူမိနာ ကာရဏေန၊ ဤသို့ သံသရာဟူသော စက်၏အကန့်ကို ဖျက်ဆီးတော် မူတတ်သည်၏ အဖြစ်ကြောင့်လည်း။ အရဟံ၊ အရဟမည်တော်မူ၏။ ဇူတိပိ ဇူမိနာကာရဏေနပိ၊ ဤသို့ မဖောက်မပြန် အလုံးစုံသောတရားတို့ကို မိမိအလိုလိုသာလျှင် သဃ္ဃ။ ဉာဏ်ဖြင့် သိတော်မူတတ်သည်၏ အဖြစ်ကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ မည်တော်မူ၏။ ဇူတိ ဇူမိနာ ကာရဏေနပိ၊ ဤသို့ဝိဇ္ဇာသုံးပါး

http://www.dhammadownload.com

ဝိဇ္ဇာရှစ်ပါး, စရဏတဆယ့်ငါးပါးနှင့်ပြည့်စုံသည်၏အဖြစ်ကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော၊ မည်တော်မူ၏။ ဣတိ ဣမိနာ ကာရဏေနပိ၊ ထိသို့ ကောင်းသော စကားကို ဆိုတတ်သည်၏ အဖြစ်ကြောင့်လည်း။ သုဂတော၊ မည်တော်မူ၏။ ဣတိ ဣမိနာ ကာရဏေနပိ၊ လောကသုံးပါးကို သိတော်မူတတ်သည်၏အဖြစ်ကြောင့်လည်း။ လောကဝိဒူ၊ မည်တော်မူ၏။ ဣတိပိ ဣမိနာကာရဏေနပိ၊ မယဉ်ဿေးသောယောကျ်ား ယဉ်ပြေးသောယောကျ်ားတို့ကိုဆုံးမတတ်သည်၏အဖြစ်ကြောင့်လည်း။ အနုတ္တရော၊ အတုမရှိသော။ ပုရိသဒမ္မသာရထိ၊ ပုရိသဒမ္မသာရထိမည်တော်မူ၏။ ဣတိ ဣမိနာ ကာရဏေနပိ၊ ဤသို့ နတ်နှင့်တကွသော လူတို့ကို ဆုံးမတော်မူတတ်သည်၏ အဖြစ်ကြောင့်လည်း။ ဒေဝမနုဿာနံ၊ တို့၏။ သတ္ထာ၊ ဆရာဖြစ်တော်မူ၏။ ဣတိ ဣမိနာ ကာရဏေနပိ၊ ဤသို့ သစ္စာလေးပါး တရားတို့ကို မဖောက်မပြန် သိတော်မူတတ်သည်၏ အဖြစ်ကြောင့်လည်း။ ဗုဒ္ဓေါ၊ ဗုဒ္ဓ မည်တော်မူ၏။ ဣတိ ဣမိနာ ကာရဏေနပိ၊ ဤသို့ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသည်၏အဖြစ်ကြောင့်လည်း။ ဘဂဝါ၊ ဘဂဝါမည်တော်မူ၏။ ဣတိ၊ သို့။ အဗ္ဘာ၂ဂတော၊ နှံ၍တက်၏။ ဒေဒေါ၊ မင်းကြီးသည်။ တုံဘဂဝန်နံ၊ သို့။ ပယိရုပါသတု၊ ဆည်းကပ်တော်မူလော့။ တံဘဂဝန်နံ၊ သို့။ ပယိရုပါသတော၊ ဆည်းကပ်တော်မူသော အရှင်မင်းကြီး၏။ စိတ္တံ၊ သည်။ အပ္ပေါနာမပသီဒေယျ၊ ကြည်ညို့ရာ၏။ ''ကြည်ညိုဖြားအံ့လည်းမသိ, လည်းဟူ''။ ဣတိ တေဝစနံ၊ ကို။ အဝေါစ၊ ၏။

၁၅၀။ သမ္မဇ်ဝက၊ အရွယ်တူသော ဇီဝက။ တေနဟိ၊ ထိုသို့ တပြီးကား။ ဟတ္ထိယာနာနိ၊ ဆင်ယာဉ်တို့ကို။ ကပ္ပါပေဟိ၊ ကစေလော့။ ဣတိ၊ သို့။ အဝေါစ၊ ၏။ ဒေဝ၊ ကြီး။ ဧဝံသာဓု၊ ကောင်းပြီ။ ဣတိဒါ၊ ဤသို့လျှင်။ (အထက်ပဋိသုဏိတ္ဘာဒ်၌ သရူပဒဿနစဝ်လေ)။ ကောမာရဘစ္စော၊ အဘယမင်းသားသည် ကောက်၍ မှန်းအပ်သော။ ဇီဝကော၊ သည်။ မာဂဓဿ၊ သော။ ဝေဒေဟိ

http://www.dhammadownload.com

ပုတ္တသ၊ သော။ အဇာတသတ္တုသ၊ သော။ ရညော၊၏။ ဝစနံ၊ ကို။ ပဋိသုဏိတွာ၊ ၍။ ပဏ္ဍမတ္တာနိ၊ ငါးပါးအတိုင်း အရှည်ရှိကုန်သော။ဟတ္ထိနိကာသတာနိ၊ ဆင်မည်သာတရာတို့ကို။ (ဤကား သဒ္ဒတ္ထတည်း)။ ပဏ္ဍမတ္တာနိ ဟတ္ထိနိကာသတာနိ၊ ငါးရာသော ဆင်မည်သာတို့ကို။ ကပ္ပါပေတွာ၊ ကစေ၍။ရညောစ၊၏လည်း။ ''သည်လည်း, လည်းဟူ''။ အာရောဟနီယ၊ စီးခြင်းငှါလျောက်ပတ်သော။ နာဂံ၊ ဆင်ကို။ ကပ္ပါပေတွာ၊ ကစေ၍။ မာဂဓသ၊ သော။ ဝေဒေဟိပုတ္တသ၊ သော။ အဇာတသတ္တုသ၊ သော။ ရညော၊ အား။ဒေဝ၊ မင်းကြီး။ တေ၊သင်မင်းကြီး၏။ ဟတ္ထိယာနာနိ၊ ဆင်ယာဉ်တို့ကို။ ကပ္ပိတာနိခေါ၊ ကအပ်ကုန်ပြီ။ဒါနိ ဇာဒါနိ၊ ဦး။ ယသ၊ အကြင်သွားခြင်း၏။ ကာလံ၊ကို။ တွံ၊သည်။ မညသိ၊ သိတော်မူ၏။ တဒေဝ၊ ထိုသွားခြင်းကိုသာလျှင်။ အတ္တနော၊ ၏။ ရုစိယာ၊ အလိုအားဖြင့်။ ကရောဟိ၊ ပြုလော။ ဇာတိ၊ ဤသို့။ အဝေါစ၊ လျောက်၏။(ဤသို့ပါဌဆေသထည့်၍ယောဇနာလေ)။

၁၂၉။ အထခေါ၊ ၌။ပ။ ပဋ္ဌသု ဟတ္ထိနိကာသတေသု၊ ငါးရာကုန်သော ဆင်မည်သာတို့၌။ ပစ္ဆေကာ၊ ကုန်သော။ ဇာတိယော၊ တို့ကို။ အာရောပေတွာ၊ တင်၍။ အတ္တနာ၊ မိမိသည်။ အာရောဟကိယံ၊စီးအပ်သော။ ''စီးခြင်းငှါလျောက်ပတ်သော''။နာဂံ၊ ကို။ အဘိရုဟိတွာ၊ စီး၍။ ဥက္ကာသု၊ မီးရှူးတို့ကို။ ဓာရိယမာနာသု၊ ထွန်းကုန်လျက်။ ရာဇဂဟမှာ၊ ရာဇဂြိုဟ်ပြည်မှ။ မဟစ္ဆာ-မဟတာ၊ ကြီးစွာသော။ ရာဇာနုဘာဝေန၊ မင်း၏ တန်ခိုးဖြင့်။ နိယျာသိ၊ ထွက်လေ၏။ ယေနယတ္ထ၊ ၌။ ကောမာရဘစ္စသ၊ ကောမာရဘစ္စသည် ကောက်၍မွေးအပ်သော။ ဇီဝကသ၊ ၏။ အမ္ဗဝနံ၊ သရက်တောဥယျာဉ်သည်။အတ္ထိ၊ရှိ၏။ တေနတတ္ထ၊ သို့။ပါဃာသိ၊သွားလေ၏။တစ်နည်းကား၊ယေနဒိသာဘာဝေန၊ အကြင်အရပ်အဖို့ဖြင့်။ ကောမာရဘစ္စသ၊ သော။ ဇီဝကသ၊ ၏။ အမ္ဗဝနံ၊ သို့။ ဂန္တုံ၊ သွားအပ်၏။ တေနဒိသာဘာဝေန၊

http://www.dhammadownload.com

ဖြင့်။ ပါယာသိ၏။ပ။ရညော၊အား။ (အဟု၌စပ်)။ အမ္မဝနသ၊ ၏။ အဝိဒူရေ၊မနိုးမဝေးသောအရပ်၌။ဘယံ၊ကြောက်ခြင်းသည်။ အဟုဒေဝ၊ ဖြစ်သလျင်ကတည်း။ ဆမ္ဘိတတ္တံ၊ ကိုယ်ခက်ထရော် ရှိခြင်းသည်။ ''ကိုယ်၏တုန်လှုပ်ခြင်းသည်,လည်းဟူ။ အဟုဒေဝ၊ တည်း။ လောမဟံသော၊ အမွေးရွှင်ခြင်းသည်။ ''ကြက်သီး မွေးညှင်းထခြင်းသည်,လည်းဟူ။ အဟုဒေဝ၊တည်း။ပ။ ဘိတော၊ ကြောက်သည်ဖြစ်၍။ သံဝိဂ္ဂေါ၊ ထိတ်လန့်သည်ဖြစ်၍။ လောမဟဋ္ဌ ဇာတော၊ ကြက်သီးမွေးညှင်း ထသည်ဖြစ်၍။ ကောမာရဘစ္စံ၊ သော။ ဇိဝကံ၊ ကို။ တံဝစနံ၊ ကို။ အဝေါစ၊ ၏။ သမ္မဇိဝက၊ အရွယ်ဘူသောဇိဝက။ ကစ္စိ၊ အဘယ်ကြောင့်။ မံ၊ ကို။ ဝဠ္ဇေသိ၊ လှည့်ပတ်ဘိသနည်း။ (ဤအရာ၌ နဟူသော နိပါတ်ပုဒ်သည် ပုစ္ဆာအနက်၌ဖြစ်၏)။ သမ္မဇိဝက၊ က။ ကစ္စိ၊ ကြောင့်။ မံ၊ ကို။ ပလမ္ဘသိနု၊ ဖြားယောင်းဘိသနည်း။ သမ္မဇိဝက၊ က။ ကစ္စိ၊ ကြောင့်။ မံ၊ ကို။ ပစ္စတ္ထိကာနံ၊ ရန်သူတို့အား။ ဒေသိနု၊ ပေးဘိ သနည်း။ ကထံဟိ၊ အဘယ်ကြောင့်။ (တာဝ သဒ္ဒါကား ပဒါ လင်္ကာရတည်း)။ မဟာတော သော။ ဘိက္ခုသံဃသ၊ ၏။ အမှ တေဋ္ဌသာနံ ဘိက္ခုသဘာနံ၊ တထောင့်နှစ်ရာ့ငါးကျိပ်ကုန်သော ရဟန်းတို့၏။ ခိပိတသဒ္ဒါ၊ ချသော အသံသည်။ နေဝ ဘဝိဿတိနာမ၊ မဖြစ်သနည်း။ ဥက္ကာသိတသဒ္ဒါ၊ ချောင်းညှံ့ သော အသံသည်။ နဘဝိဿတိနာမ၊ နည်း။နိဋ္ဌေါသော၊စကား ပြောဟောသော အသံသည်။ နဘဝိဿတိနာမ၊ နည်း။ ဇူတိ၊ ဤသို့။ အဝေါစ၊ ၏။ (ဤအရာ၌ နာမသဒ္ဒါနှင့် ယှဉ်ခြင်းကြောင့် ဿတိဝိဘတ်သည် ပစ္စုပ္ပန်ကာလ၌ဖြစ်၏)။ မဟာရာဇ၊ ကြီး။ မာဘာယိ၊ မကြောက်လင့်။ဒေဝ၊ကြီး။အဟံ၊သည်။ တံ၊ သင်မင်း ကြီးကို။နဝဠ္ဇေမိ၊မလှည့်ပတ်။ဒေဝ၊ကြီး။တံ၊ကို။နပလမ္ဘာမိ၊မဖြား ယောင်း။ ဒေဝ၊ ကြီး။ တံ၊ ကို။ ပစ္စတ္ထိကာနံ၊ ရန်သူတို့အား။ နဒေမိ၊ မပေး။ မဟာရာဇ၊ ကြီး။ အဘိက္ကမ၊ ရှေသို့တက်လော့။ မဟာရာဇ၊ ကြီး။ အဘိက္ကမ၊ လော့။မဏ္ဍလမာဠေ၊ စည်းဝေးရာ

http://www.dhammadownload.com

စရပ်၌။ တေဒီပါ၊ ဤဆိမီးတို့သည်။ ဗျာယန္တိ၊ တောက်ပကုန်၏။ ဇုတိ၊ ဤသို့။ အဝေါစ၊ ၏။

သာမညဖလပုစ္ဆာ

၁၆၀။ ယာဝတိကာ၊ အကြင်မျှလောက်သော။ နာဂသဒ္ဒါ၊ဆင်၏။ ဘူမိ၊အရာသည်။ အတ္ထိ၊၏။ တာဝ၊ ထိုရွှေလောက်။ နာဂေန၊ ဖြင့်။ ဂန္ဒွာ၊ ၍။နာဂါ၊ဆင်ထက်မှ။ပစ္စောရောဟိတွာ၊သက်၍။ပတ္တိကောဝ၊ ခြေချည်းသာလျှင်။ ယေနဒိသာဘာဝေန၊ ဖြင့်။ မဏ္ဍလမာဠဿ၊ စည်းဝေးရာစရပ်၏။ ဒွါရံ၊ တံခါးသို့။ ဥပသင်္ကမိတဗ္ဗံ၊ ကပ်အပ်၏။ တေန ဒိသာဘာဝေန၊ ဖြင့်။ တံမဏ္ဍလမာဠံ၊ သို့။ ဥပသင်္ကမိ၊ ၏။ **တစ်နည်းကား**၊ ယေနယတ္ထ၊ အကြင်အရပ်၌။ မဏ္ဍလမာဠဿ၊ ၏။ ဒွါရံ၊ သည်။ အတ္ထိ၊ ၏။ တေနတတ္ထ၊ သို့။ ဥပသင်္ကမိ၊ ၏။ ဥပသင်္ကမိတ္ဝာ၊ ၍။ **ကောမာရဘစ္စံ**၊ သော။ ဇီဝကံ၊ကို။ **တေံဝစနံ**၊ ကို။ **အဝေါစ**၊ ၏။ ကိံ**အဝေါစ**၊နည်းဟူမူကား။ **သမ္မဇီဝကဿ**၊အရွယ်တူသောဇီဝက။ ဘဂဝါ၊ သည်။ ကထံ၊ အဘယ်အရပ်၌။နိသိဒတိပန၊နေတော်မူဘိသနည်း။ဇုတိ၊သို့။**တေံ**ဝစနံ၊ ကို။**အဝေါစ**၊၏။ မဟာရာဇ၊ကြီး။ သောဘဂဝါ၊ သည်။ မဇ္ဈေ၊အလယ်ဖြစ်သော။ ထမ္ဘံ၊တိုင်ကို။ နိဿာယ၊ ၍။ ပုရတ္ထာဘိမုခေါ၊ **အရွှေအရပ်သို့** ရွှေရှုပြု၍။ ဘိက္ခုသံဃဿ၊ ၏။ ပုရက္ခတော၊ ရှေ့မှ။**တစ်နည်းကား**၊ ဘိက္ခုသံဃဿ၊ ၏။ ပုရက္ခတော၊ ခြံရံအပ်သည်ဖြစ်၍။ နိသိန္နော၊ နေတော်မူ၏။ ဇုတိ၊သို့။**အဝေါစ**၊ ၏။

၁၆၁။ ။ပ။ ကေမန္တံ၊တင့်အပ်သောအရပ်၌။"လျောက်ပတ်စွာလည်းဟူ"။အဋ္ဌသိ၊ နေ၏။ ကေမန္တံ၊ ၌။ "စွာ, လည်းဟူ"။ ဋ္ဌိတောခေါ၊ နေပြီးသော။မာဂဓော၊ သော။ပ။ရာဇာ၊မင်းသည်။ တုက္ကိဘူတံ၊ အသံမရှိသည် ဖြစ်၍ဖြစ်သော။ ဘိက္ခုသံဃံ၊ ကို။ အနုဝိလောကေတွာ၊ အဖန်တလဲလဲကြည့်၍။ "တစိမ့်စိမ့်ကြည့်၍လည်းဟူ"။ ဝိပ္ပသန္နံ၊ကြည်သောရေရှိသော။ရဟဒံဇုဝ၊ရေအိုင်ကဲ့သို့။**တစ်နည်းကား**၊ရဟဒံ၊ ရေအိုင်သည်။ဝိပ္ပသန္နံဇုဝ။ကြည်ဇင်

http://www.dhammadownload.com

သကဲ့သို့။ဝိပွသန္နံ၊ စိတ်၏ကြည်လင်ခြင်းကြောင့်ဖြစ်သော။ ဥဒါနံ၊ ဝမ်းမြောက်သောစကားကို။ ဥဒါနေသိ၊ မြွက်၏။ ကိံဥဒါနေသိ၊ နည်းဟူမူကား။ ဘန္တေ၊ ရား။ တေရဟိ၊ ယခုအခါ၌။ ယေနဥပသမေန၊ အကြောင်းသို့သောငြိမ်သက်ခြင်းနှင့်။ဘိက္ခုသံဃော၊ သည်။ သမန္နာဂတော၊ ပြည့်စုံ၏။ ဤမိနာဥပသမေန၊ ဤရဟန်းတို့၏ငြိမ်သက်ခြင်းကဲ့သို့သော ငြိမ်သက်ခြင်းနှင့်။မေ၏။ပုတ္တော၊ သားဖြစ်သော။ ဥဒယဘဒ္ဒေါ၊ ဥဒယဘဒ္ဒအမည်ရှိသော။ ကုမာရော၊သတို့သားသည်။ "မင်းသားသည်, လည်းဟူ"။ သမန္နာဂတော၊ သည်။ ဟောတိ၊ ဖြစ်ပါမူကား။ သာဓုဝတ၊ ကောင်းစွတကား။ ဤတိ၊ သို့။ ဥဒါနံ၊ ဥဒါနိုးကို။ ဥဒါနေသိ၊ ၏။

ဘမှာ　အဇာတသတ် မင်း၏ မိမိသား၏ ရဟန်းတို့၏ ငြိမ်သက်ခြင်းကဲ့သို့ ငြိမ်သက်ခြင်းကို အောက်မေ့၍ စကားမဆိုမူ၍ ရဟန်းတို့ကိုသာ တစိမ့်စိမ့်ကြည့်၍ နေသည်၏ အဖြစ်ကြောင့် အဇာတသတ်မင်းနှင့် စကားပြောခြင်းကို ပြုတော်မူလို၍ "အာဂမာခေါ မဟာရာဇ ယထာပေမန္တိ" ဟူသော ပါဠိကို မိန့်သတည်း။ ထိုပါဠိ၏ အတ္ထကား။

မဟာရာဇ၊ ကြီး။ ယထာယတ္ထ၊ အကြင်သူ၌။ တုံ၊ သင် မင်းကြီး၏။ ပေမံ၊ ချစ်ခြင်းသည်။ အတ္ထိ၊ ၏။ တတ္ထ၊ ထိုချစ်သော သူသို့။ အာဂမာခေါ၊ ရောက်လေသလော။ ဤတိ၊ သို့။ အဝေါစ၊ မိန့်တော်မူ၏။ ဘန္တေ၊ ရား။ မေ၊ ၏။ ပုတ္တော၊ သော။ ဥဒယဘဒ္ဒေါ၊ သော။ ကုမာရော၊ သတို့သားကို။ "မင်းသားကို, လည်းဟူ"။ မေမယာ၊ သည်။ ဝိယော၊ ချစ်အပ်၏။ ဘန္တေ၊ ရား။ တေရဟိ၊၌။ယေနဥပသမေန၊ နှင့်။ ဘိက္ခုသံဃော၊သည်။ သမန္နာဂတော၊၏။ ဤမိနာဥပသမေန၊ ဤသို့ ရဟန်းတို့၏ ငြိမ်သက်ခြင်းကဲ့သို့သောငြိမ်သက်ခြင်းနှင့်။မေ၏။ပုတ္တော၊သော။ဥဒယဘဒ္ဒေါ၊ သော။ ကုမာရော၊သည်။သမန္နာဂတော၊သည်။ ဟောတု၊ဖြစ်ပါမူကား။ သာဓုဝတ၊ ကောင်းစွတကား။ ဤတိ၊ သို့။ အဝေါစ၊ ၏။ (သာဓုဝတကား ပါဠိသေသတည်း)။

http://www.dhammadownload.com

၁၆၂။ ပ။တိက္ခုသံဃသစ၊ အားလည်း။ အဋ္ဌလိ ံ၊ လက်အုပ်ကို။ ပဏာမေတွာ၊ညွတ်၍။ကေမန်္တ၊ဠ္ဍ။နိသိဒိ၊၏။ပ။ ဘန္တေ၊ရား။ ဘဂဝါ၊သည်။ မေ၊အား။ ပဋိသ၊ ပြဿနာကို။ ဝေယျာကရဏာယ၊ဖြေခြင်းငှာ။ သြကာသံ၊အခွင့်ကို။ သစေကရောတိ၊အံ့။ဝေ၊သို့။ အခွင့်ပြုတော်မူသည်။ သတိ၊သော်။ အဟံ၊ငါသည်။ဘဂဝန္တံ ကို။ ကိဗ္ဗဒေဝ၊ တစုံတခုလျှင်ဖြစ်သော။လေသမတ္တံ၊ အမြွက်စကား၀ ။ ပုစ္ဆေယျာမိ၊မေးအံ့။ ဣတိတေ ဝစနံ၊ကို။အဝေါစ၊၏။ ''ကိဗ္ဗဒေဝဒေသံ''ဟု အဋ္ဌကထာအလိုသော်ရှိသင့်သည်။ ''ကိဗ္ဗဒေဝ၊သော။ ဒေသံ၊ မေးသင့်သောအရာကို။ပုစ္ဆေယျာမိ၊ အံ့''။ ဤသို့ ယောဇနာလေ။ မဟာရာဇ၊ ကြီး။ ယံပဠ္ဍံ၊ ကို။ ပုစ္ဆိတုံ၊ ငှာ။ (ထည့်ပါ)။ အာကခ်ံသိ၊ ၏။ တံပဠ္ဍံ၊ ကို။ ပုစ္ဆ၊ လော။ **တနည်းကား၊** ပဠ္ဍံ၊ ကို။ ပုစ္ဆိတုံ၊ ငှာ။ (နှစ်ပုဒ်ထည့်ပါ)။ယာဒိအာကခ်ံသိ(အကယ်၍ အလိုရှိအံ့။ဝေ၊ဤသို့အလိုရှိသည်။ သတိ၊ သော်။ ပုစ္ဆ၊လော့။ ဣတိ၊သို့။ သဗ္ဗညုတညာဏေန၊ ဖြင့်။ ပဝါရေသိ၊ ဖိတ်တော်မူ၏။

အမှာ ဤနှစ်ပုဒ်လည်း ထည့်ပါ။ ။''ယဒါကခ်ံသိ''ကို နှစ်နည်း ယောဇနာရာ၌ ရှေးနည်းအလိုကား ''ယံအာကခ်ံသိ''ဟု ပုဒ်ဖြတ်။ နောက်နည်းအလိုကား ''ယဒိအာကခ်ံသိ''ဟု ပုဒ်ဖြတ်။ ။ဤသို့မြတ်စွာဘုရားသည် သဗ္ဗညုတညာဏ်ဖြင့် ဖိတ်ခြင်းကို ဖိတ်အပ်သည်ရှိသော် ဝမ်းမြောက်သည်ဖြစ်၍ အဇာတသတ်မင်းသည် ပြဿနာကို မေးလိုသည်ဖြစ်၍ ''ယထာနုခေါဣမာနိဘန္တေ ပုထုသိပ္ပါယတနာနိ''ဟူသော ပါဠိကို မိန့်သတည်း။ ထိုပါဠို၏ **အတ္ထကား**။

၁၆၃။ **ဘန္တေ၊** ရား။ ဣမာနိ သိပ္ပါယတနာနိ၊ ဤအတတ်တို့သည်။ ပုထုနုခေါ၊ များကုန်သလျှင်ကတည်း။

အမှာ ယထာသဒ္ဒါကိုကား အထက် ပညာယသိ ပုဒ်နှင့် ယှဉ်၍ နောက်မှ ယောဇနာလေ။ သိပ္ပါယတနာနိဒ္ဒ **အာယတန သဒ္ဒါသည် သဠာတိဒေသ, သမောသရဏ, နိဝါသ, ကာရဏ, ဤအာယတနသဒ္ဒါ၏ အနက်တို့တွင် ကာရဏအနက်၌**

http://www.dhammadownload.com

ဖြစ်၏။ ''သိပ္ပါနိဧဝ အာယတနာနိ သိပ္ပါယတနာနိ''ဟု အဝ
ဓာရဏကမ္မဓာရယ်ပြု။ ။အတတ်၏ အတတ်သည်တို့နှင့် ကင်း
၍ မဖြစ်သင့်သောကြောင့် အတတ်သည် တို့ကို ပြတော်မူ လို၍
''သေယျထိဒံ'' အစရှိသော ပါဠိကို မိန့်သတည်း။ ထိုပါဠိ၏
အတ္ထကား။

ဣဒံတေသိပ္ပိကာ၊ ထိုအတတ်သည် တို့သည်။ သေယျထာ
ကဟမေ၊ အဘာယ်သို့နည်း ဟူမူကား။ ဟတ္ထာရောဟာစ၊ ဆင်စီး
သူရဲတို့ လည်းကောင်း။ အဿာရောဟာစ၊ မြင်းစီး သူရဲတို့
လည်းကောင်း။ ရထိကာစ၊ ရထားစီးသူရဲတို့ လည်းကောင်း။
ဓနုဂ္ဂဟာစ၊ လေးသမားတို့လည်းကောင်း။ စေလကာစ၊ စစ်မြေ
အရပ်၌ ရဲတမ်းခွန်ကိုကိုင်၍ ရှေ့အရပ်၌ သွားတတ်ကုန်သော သူရဲ
တို့လည်းကောင်း။ စလကာစ၊ စစ်သည်အပေါင်းတို့ကို တပေါင်း
တည်း ပြုတတ်ကုန်သော သူရဲတို့ လည်းကောင်း။ ''စစ်သည်
အပေါင်းတို့ကို ပေါင်းရုံးခြင်းကို ပြုတတ်ကုန်သော သူရဲတို့လည်း
ကောင်း, လည်းဟူ''။ ပိဏ္ဍာဒါယိကာစ၊ သူတပါးတို့၏ စစ်သည်
အလယ်သို့ဝင်၍ သူတပါး၏ဦးခေါင်းကို ထန်းသီးခိုင်ကဲ့သို့ ယူနိုင်
ကုန်သော သူရဲတို့လည်းကောင်း။ (ကောင်းကင်သို့ခုန်၍ ထိုးစစ်
နိုင်သော သူရဲဟူလိုသည်)။ ဥဂ္ဂါ၊ ထင်ရှားကျော်စောကုန်သော။
ရာဇပုတ္တာစ၊ စစ်မြေအရပ်၌ ကျင်လည်ကုန်သော မင်းသားတို့
လည်းကောင်း။ ပက္ခန္ဒိနော၊ ကောင်းကင်သို့ပျံ၍ စစ်ထိုးနိုင်သော
သူရဲတို့လည်းကောင်း။ မဟာနာဂါစ၊ ဆင်ပြောင်ကြီး အားနှင့်
တူသော အားရှိကုန်သော သူရဲတို့လည်းကောင်း။သူရာစ၊ အလွန်
ရဲရင့်စွာသောသူရဲတို့လည်းကောင်း။ (လွှားကာနှင့်တကွ သမုဒြာ
ကိုကူးနိုင်သောသူရဲတို့ ဟူလိုသည်)။ စမ္မယောဓိနောစ၊ သားရေ
ဖြင့်ပြုသောဆင်တို့သို့ဝင်၍စစ်ထိုးနိုင်သော သူရဲတို့လည်းကောင်း။
''မြား၏အရုံးအတားဖြစ်သောကာလက်စွဲ၍စစ်ထိုးနိုင်သော သူရဲ
တို့လည်းကောင်း, သည်းဟူ''။ ဒါသိကပုတ္တာစ၊ ကျွန်မ၏သား
ဖြစ်သော သူရဲတို့လည်းကောင်း။အာဠာရိကာစ၊ အဝ်လျှိုသမား

http://www.dhammadownload.com

တို့လည်းကောင်း။ ကပ္ပကာစ၊ ဆေတ္တာသည်တို့ လည်းကောင်း။ နှာပကာစ၊ ရေချိုးသမားတို့ လည်းကောင်း။ သူဒါစ၊ စဖိုသည် တို့လည်းကောင်း။မာလာကာရာစ၊ ပန်းသည်တို့ လည်းကောင်း။ ရဇကာစ၊ ကဝါသည် တို့ဌင်း။ ပေသကာရာစ၊ ယက်ကန်း သည်တို့ လည်းကောင်း။ နဠကာရာစ၊ ကျူထရံသည်တို့ လည်း ကောင်း။ ကုမ္ဘကာရာစ၊ အိုးသည်တို့လည်းကောင်း။ ဂဏကာစ၊ ဂဏန်းအတတ် သည်တို့ဌင်း။ မုဒ္ဒိကာစ၊ လက်ဆစ်ချိုး၍ ရေတွက်တတ်သော အတတ်တို့သည်တို့ဌင်း။ ဣတိဣမေ၊ ဤသည်တို့တည်း။ အညာနိပိ၊ တပါးလည်းဖြစ်ကုန်သော။ ဧဝံဂတိကာနိ၊ ဤသို့သဘော ရှိကုန်သော။ ယာနိဝါ ပန ပုထုသိပ္ပါယတနာနိ၊ အကြင်များစွာကုန်သော အတတ်တို့သည်။သန္တိ၊ကုန်၏။ တေသိပ္ပိကာ၊ ထိုအတတ်သည်တို့သည်။တာနိပုထုသိပ္ပါယတနာနိ၊ ထိုများစွာကုန်သော အတတ်တို့ကို။ ဒဿေတွာ၊ ပြ၍။(နှစ်ပုဒ်ထည့်ပါ)။ ဒိဋ္ဌေဝဓမ္မေ၊ ပစ္စုပ္ပန်ဖြစ်သော အတ္တဘောဌ်ဒ်။ သန္ဒိဋ္ဌိကံ၊ ပစ္စက္ခမြင်အပ်သော။ ''ပစ္စက္ခမြင်အပ်သော အကျိုးရှိသော, လည်းဟူ''။ သိပ္ပဗလံ၊အတတ်၏အစွမ်းကို။ဥပဓိဝန်္တိ၊ မှီ၍ အသက်မွေးကုန်၏။ တေသိပ္ပိကာ၊ တို့သည်။ တေနသိပ္ပဗလေန၊ ထိုအတတ်၏ အစွမ်းဖြင့်။ အတ္တာနံ၊ မိမိကိုယ်ကို။ သုခေန္တိ၊ ချမ်းသာ စေကုန်၏။ ''ချမ်းသာသည်ကိုပြုကုန်၏,လည်းဟူ''။ ပိနေန္တိ၊နှစ်သက်စေကုန်၏။ ''နှစ်သက်သည်ကို ပြုကုန်၏,သည်းဟူ''။ မာတာပိတရော၊ တို့ကို။ သုခေန္တိ၊ ကုန်၏။ ပိနေန္တိ၊ ကုန်၏။ ပုတ္တဒါရံ၊ သားမယားကို။ သုခေန္တိ၊ ကုန်၏။ ပိနေန္တိ၊ ကုန်၏။ မိတ္တာမစ္စေ ချစ်သော အဆွေခင်ပွန်းတို့ကို။ သုခေန္တိ၊ ကုန်၏။ ပိနေန္တိ၊ ကုန်၏။ သမဏ ဗြာဟ္မဏေသု၊ဌ်။ ဥဒ္ဓဂ္ဂိကံ၊အထက်နတ်ပြည်ဌ်ဖြစ်သော မြတ်သော အကျိုးရှိထသော။ သောဝဂ္ဂိကံ၊ နတ်ပြည်သို့ရောက်ခြင်းငှာ ထိုက်ထသော။သုခဝိပါကံ၊ချမ်းသာသောအကျိုးရှိထသော။''ကောင်းသော အကျိုးရှိထသော, လည်းဟူ''။ သဂ္ဂသံဝတ္တနိကံ၊ အလွန်မြတ်သော ရူပါရုံ အစရှိသည်တို့ကို ဖြစ်စေတတ်သော။ ဒက္ခိဏံ၊

http://www.dhammadownload.com

အလျှကို။ ဒါနစေတနာ လည်းဟူ''။ ပတိဋ္ဌပေန်၊ ဖြစ်စေကုန်၏။ ''တည်စေကုန်၏,လည်းဟူ''။ ဘန္တေ၊ ရား။ ဇာမေသံသိပ္ပူပဒီဝိနံ၊ ဤအတတ်ကို မှီ၍ အသက်မွေးအပ် ကုန်သော သူတို့အား။ တံတံသိပ်ပံ၊ ထိုထိုသော အတတ်ကို။ နိဿာယ၊ ၍။ သန္ဓိဋ္ဌကံ၊ မျက်မှောက်၌ဖြစ်သော။ သိပ္ပဖလံ၊ အတတ်၏အကျိုးသည်။ပညာယတိ ယထာ၊ ထင်သကဲ့သို့။ (ဤပုဒ်ကား ပါဌသေသတည်း)။ ဧဝမေဝ၊ ထိုအတူလျှင်။ဒိဋ္ဌေဝဓမ္မေ၊ ၌။ သန္ဓိဋ္ဌကံ၊ ပစ္စက္ခ၌မြင်အစ်သော။ သာမညဖလံ၊ ရဟန်း၏ အကျိုးကို။ ပညပေတုံ၊ ထင်စွာပြုခြင်းငှာ။သက္ကာနုခေါ၊တတ်ကောင်းအံ့လော။''စွမ်းနိုင်အံ့လော, လည်းဟူ''။ ဇာတိ၊ ဤသို့။ ဝုစ္စတိ၊ ၏။

၁၆၄။ မဟာရာဇ၊ ကြီး။ တွံ၊ သည်။ အဘိဇာနာသိ၊ အောက်မေ့လော့။ ဇာဒံပဥံ၊ ကို။ အာဇည၊ ကုန်သော။ သမဏဗြာဟ္မဏော၊ တို့ကို။ တွံ၊ သည်။ ပုစ္ဆိတာနော၊ မေးဘူးသလော။ ''မေးဘူးပြီလော, လည်းဟူ''။ (ဤအဘိဇာနာသိနော။ပ။ ပုစ္ဆိတာတံဟူသောစကားကို မင်း၏အလိုကို သိလိုရှိသော မေးတော်မူသည်။ မင်း၏ဘပါး ရဟန်းပုဏ္ဏားတို့ကို မေးဘူးသည်၏ အဖြစ်ကို သိတော်မူသောကြောင့် မေးတော်မမူဟု သိအပ်၏)။ ဘန္တေ၊ ရား။ အဟံ၊ သည်။ အဘိဇာနာမိ၊ အောက်မေ့ပါ၏။ ဇာဒံပဥံ၊ ကို။ အာဇည၊ ကုန်သော။ သမဏဗြာဟ္မဏော၊ ကို။ ပုစ္ဆိတာ၊ မေးဘူးပြီ။ ဇာတိ၊ ဤသို့။ ရာဇာ၊ သည်။ ဘဂဝန္တံ၊ ကို။ အဝေါစ၊ လျှောက်၏။ မဟာရာဇ၊ ကြီး။ တေသမဏဗြာဟ္မဏာ၊ တို့သည်။ ကထံ၊ အသို့လျှင်။ ဗျာကရိ ံသု၊ ကြားကုန်သနည်း။ ''ဖြေကုန်သနည်း,လည်းဟူ''။ မဟာရာဇ၊ ကြီး။ တေ၊ သင်မင်းကြီးအား။ သစေအဂရု၊ အကယ်၍ ဝန်မလေးသည် ဖြစ်အံ့။ ဘာသဿု၊ ဆိုလော့။ ဇာတိ၊ ဤသို့။ ဘဂဝါ၊ သည်။ အဝေါစ၊ မိန့်တော်မူ၏။ ဘန္တေ၊ရား။ယထာ၊အကြောင်းအရပ်၌။ ဘဂဝါ၊ သုည်လည်းကောင်း။ ဘဂဝန္တရူပေါဝါ၊ဘုရားနှင့်တူသောပညာရှိသောသူသည် လည်းကောင်း။နိသိန္နော၊နေ၊လည်။အဿဟောတိ၊၏။တတ္ထ၊ထိုအရပ်၌။

http://www.dhammadownload.com

ဘာသိတုံ၊ ဆိုခြင်းငှာ။ (ထည့်ပါ)။ မေ၊ အား။ နဂရုခေါ်-နဂရုဝေ၊ ဝန်မလေးသလျှင်ကတည်း။ ဣတိ၊ သို့။ အဝေါစ၊ ဆို၏။ မဟာရာဇ၊ကြီး။တေနဟိ၊ထိုသို့တပြီးကား။ ဘာသဿု၊ ဆိုလေ့။ ဣတိ၊သို့။ အဝေါစ၊ မိန့်တော်မူ၏။

ပူရဏကဿပဝါဒ

၁၆၅။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ ဧကံ၊ တပါးသော။ သမယံ၊အခါ၌။ (ကေမိဒါဟံကို ဧကံ ဣဓ အဟံဟု ပုဒ်ဖြတ်။ ဣဓသဒ္ဒါကား နိပါတ်မျှသာအနက်မရှိ)။ယေနယတ္ထ၊၌။ ပူရဏော၊ ပူရဏ အမည်ရှိသော။ ကဿပေါ၊ ကဿပသည်။ အတ္ထိ၊ရှိ၏။တေနတတ္ထ၊သို့။ ဥပသင်္ကမိတ္ဝာ၊၍။ ပူရဏေန၊ သော။ ကဿပေန၊ နှင့်။ သဒ္ဓိံ၊ ကွ။ သမ္မောဒိ၊ ဝမ်းမြောက် ဝမ်းသာပြောဟော၏။ သမ္မောဒနီယံ၊ ဝမ်းမြောက်ခြင်းကို ဖြစ်စေတတ်သော။ ''ဝမ်းမြောက်ဝမ်းသာပြောဟောအပ်သော, လည်းဟူ''။ သာရဏီယံ၊ ရှည်မြင့်စွာသော ကာလပတ်လုံး အောက်မေ့အပ်ထသော။ ကထံ၊စကားကို။ဝိတိသာရေတွာ၊ ပြီးစေ၍။ ကေမန္တံ၊ ၌။ နိသီဒိ၊ ၏။ ကေမန္တံ၊ ၌။ နိသိန္နော၊ နေပြီးသော်။ ဘန္တေ၊ ရား။ အဟံ၊ သည်။ ပူရဏံ၊ သော။ ကဿပံ၊ ကို။ ဧတံဝစနံ၊ ကို။ အဝေါစ၊ ၏။ ဘောကဿပ၊ အရှင်ကဿပ။ ပုထု၊ များစွာကုန်သော။ ''အထူးထူးအပြားပြားရှိကုန်သော, လည်းဟူ''။ ဣမာနိ သိပ္ပါယတနာနိ၊ ဤအတတ်တို့သည်။သန္တိ၊ကုန်၏။ (ယထာသဒ္ဒါကို အထက် ပညာယတိသဒ္ဒါနှင့် ယှဉ်၍ယောဇနာလော။ အတတ်၏ အတတ်သည်တို့နှင့်ကင်း၍ မဖြစ်သင့်သည်၏ အဖြစ်ကြောင့် အတတ်သည်တို့ကို ပြတော်မူလို၍ ''သေယျထိဒံ'' အစရှိသောပါဠိကို မိန့်သတည်း။ ထိုပါဠိ၏ အတ္ထကား)။ ဣဒံတေသိပ္ပိကာ၊ ဤအတတ်သည်တို့သည်။ သေယျထာကတမေ၊ အဘယ်တို့နည်းဟူမူကား။ ဟတ္ထာရောဟာစ၊ ဆင်စီး သူရဲတို့ လည်းကောင်း။ အဿာရောဟာစ၊ မြင်းစီးသူရဲတို့ လည်းကောင်း။ ရထိကာစ၊

http://www.dhammadownload.com

ရထားစီး သူရဲတို့ လည်းကောင်း။ ဓနုဂ္ဂဟာစ၊ လေးသမားတို့ လည်းကောင်း။ စေလကာစ၊ စစ်မြေအရပ်၌ ရဲတံခွန်ကို ကိုင်၍ စစ်သည်တို့၏ ရှေ့၌ သွားကုန်သော သူရဲတို့ လည်းကောင်း။ စလကာစ၊ စစ်သည်တို့ကို ပေါင်းရုံးတတ်ကုန်သော သူရဲတို့လည်း ကောင်း။ ပိဏ္ဍာဒါယိကာစ၊ သူတပါးတို့၏ စစ်သည်၏အလယ် သို့ဝင်၍ သူတပါးတို့ ဦးခေါင်းကို ထန်းသီးခိုင်ကဲ့သို့ ယူနိုင်ကုန် သော သူရဲတို့လည်းကောင်း။ (ကောင်းကင်ထက်သို့ ခုန်၍ စစ်ထိုးနိုင်သော သူရဲဟူလို)။ ဥဂ္ဂါ၊ ကျော်စော ထင်ရှား ကုန်သော။ ရာဇပုတ္တာစ၊ စစ်မြေအရပ်၌ ကျင်လည်ကုန်သော မင်းသားတို့လည်းကောင်း။ ပက္ခန္ဒိနောစ၊ ငှက်ကဲ့သို့ကောင်းကင် သို့ပျံ၍ စစ်ထိုးနိုင်သော သူရဲတို့လည်းကောင်း။ မဟာနာဂါစ၊ ဆင်ပြောင်ကြီးအားနှင့် တူသော အားကြီးသော သူရဲတို့လည်း ကောင်း။ သူရာစ၊ အလွန်ရဲရင့်သော သူရဲတို့လည်းကောင်း။ စမ္မယောဓိနောစ၊ လွှား ကာ လက်စွဲကုန်သော သူရဲတို့လည်း ကောင်း။ ဒါသိကပုတ္တာစ၊ ကျွန်မသားဖြစ်သော သူရဲတို့လည်း ကောင်း။ အာဠာရိကာစ၊ အပ်လျှိုသမားတို့ လည်းကောင်း။ ကပ္ပကာစ၊ ဆတ္တာသည်တို့ လည်းကောင်း။ နှာပကာစ၊ ရေချိုးသမားတို့ လည်းကောင်း။ သူဒါစ၊ စဖိုသည်တို့လည်း ကောင်း။ မာလာကာရာစ၊ ပန်းသည်တို့ လည်းကောင်း။ ရဇကာစ၊ ကဝါသည်တို့ လည်းကောင်း။ ပေသကာရာစ၊ ယက် ကန်းသည်တို့ လည်းကောင်း။ နဠကာရာစ၊ ကျူထရံသည်တို့ လည်းကောင်း။ ကုမ္ဘကာရာစ၊ အိုးသည်တို့ လည်းကောင်း။ ဂဏ ကာစ၊ ဂဏန်း အတတ်သည်တို့ လည်းကောင်း။ မုဒ္ဒိကာစ၊ လက်ဆစ်ချိုး၍ ရေတွက်သော အတတ်သည်တို့ လည်းကောင်း။ ဇုတိဇုမေ၊ ဤသည်တို့တည်း။ အညာနိပိ၊ တပါးလည်း ဖြစ်ကုန် သော။ ဧဝံဂတာနိ၊ ဤသို့ သဘောရှိကုန်သော။ ယာနိဝါပန ပုထုသိပ္ပါယတနာနိ၊ အကြင် များစွာကုန်သော အတတ်သည် တို့သည်။ သန္တိ၊ ကုန်၏။ တေသိပိကာ၊ ထိုအတတ်သည်တို့သည်။

http://www.dhammadownload.com

တာနိသိပ္ပါယတနာနိ၊ တို့ကို။ ဒသေတွာ၊ ၍။ (နှစ်ပုဒ်ထည့်ပါ)။ ဒိဋ္ဌေဝဓမ္မေ၊ ၌။ သန္ဒိဋ္ဌိကံ၊ ပစ္စက္ခရှုအပ်သော အကျိုးရှိသော။ သိပ္ပဖလံ၊အတတ်၏အစွမ်းကို။ ဥပဓိဝန်လှ၊ မှီ၍အသက်မွေးကုန်၏။ ဧတသိပ္ပိကာ၊ တို့သည်။ တေနသိပ္ပဖလေန၊ ထိုအတတ်၏အစွမ်းဖြင့်။ အတ္တာနံ၊ကို။ သုခေန်လှ၊ ချမ်းသာသည်ကို ပြုကုန်၏။ ပိနေန်လှ၊ စိတ်၏ နှစ်သက်ခြင်းကိုပြုကုန်၏။ မာတာပိတရော၊ တို့ကို။ ပုတ္တဒါရံ၊ ကို။ မိတ္တာမစ္စေ၊ ချစ်သောအဆွေခင်ပွန်းတို့ကို။ သုခေန်လှ၊ ကုန်၏။ ပိနေန်လှ၊ ကုန်၏။ သမဏေသု၊ တို့၌လည်းကောင်း။ ဗြာဟ္မဏေသု၊ တို့၌လည်းကောင်း။ ဥဒ္ဓဂ္ဂိကံ၊ အထက်နတ်ပြည်၌ဖြစ်သော မြတ်သောအကျိုးကို ပေးတတ်ထသော။ သောဝဂ္ဂိကံ၊ နတ်ပြည်သို့ ရောက်ခြင်းငှာ ထိုက်ထသော။ သုခဝိပါကံ၊ ချမ်းသာသော အကျိုးရှိထသော။ သဂ္ဂသံဝတ္တနိကံ၊ အလွန် မြတ်သော အဆင်းအစရှိသည့်တို့ကို ဖြစ်စေတတ်ထသော။ ဒက္ခိဏံ၊ အလှူကို။ ''ဒါနစေတနာကို,လည်းဟူ''။ ပတိဋ္ဌပေန်လှ၊ဖြစ်စေကုန်၏။ ဘောကဿပ၊ပ။ဇမေသံ သိပ္ပဇီဝိနံ၊ ဤအတတ်ကိုမှီ၍ အသက်မွေးကုန်သောသူတို့အား။ တံတံသိပ္ပံ၊ ကို။ နိဿာယ၊ မှီ၍။ သန္ဒိဋ္ဌိကံ၊ မျက်မှောက်၌ဖြစ်သော။ သိပ္ပဖလံ၊ အတတ်၏ အကျိုးသည်။ ပညာယတိယထာ၊ ထင်ရှားဖြစ်သကဲ့သို့။ (ဤပုဒ်တို့ကား ပါဠိသေသတည်း)။ ဧဝမေဝ၊လျှင်။ ဒိဋ္ဌေဝဓမ္မေ၊၌။ သန္ဒိဋ္ဌိကံ၊ ပစ္စက္ခရှုနိုင်အပ်သော။ သာမညဖလံ၊ ရဟန်း၏အကျိုးကို။ ပညပေတုံ၊ ထင်စွာပြုခြင်းငှာ။ သက္ကာနုခေါ၊ စွမ်းနိုင်အံ့လော။ ဇုတိ၊ သို့။ အဟံ၊ သည်။ အဝေါစ၊ ၏။

၁၆၆။ ဧဝံ၊ ဤသို့။ ဝုတ္တေ၊သော်။ ဘဂ္ဂေ၊ ရှား။ ပူရဏော၊ သော။ ကဿပေါ၊ သည်။ မံ၊ ကို။ ဧတံဝစနံ၊ ကို။ အဝေါစ၊ ၏။ ကိံအဝေါစ၊ နည်းဟူမူကား။ မဟာရာဇ၊ ကြီး။ ကရောတောစ၊ မိမိပြုသောသူအားလည်းကောင်း။ ကာရယတောစ၊ သူတပါးကိုပြုစေသော သူအားလည်းကောင်း။ ဆိန္ဒတောစ၊ လက် အစသည်တို့ကို မိမိဖြတ်သောသူအား လည်းကောင်း။ ဆေဒါပယ

http://www.dhammadownload.com

တောစ၊ သူတပါးတို့ကို ဖြတ်စေတတ်သော သူအား လည်းကောင်း။ ပစတောစ၊ တုတ်နှင်တံဖြင့် ပုတ်ခပ်သော သူအား လည်းကောင်း။ပါစာပယတောစ၊ သူတပါးကို ပုတ်ခတ်စေသော သူအားလည်းကောင်း။ သောစတောစ၊ စိုးရိမ်သော သူအား လည်းကောင်း။ သောစပယတောစ၊ သူတပါးတို့ကို စိုးရိမ်စေ တတ်သော သူအားလည်းကောင်း။ ကိလမထောစ၊ မိမိပင်ပန်း သောသူအားလည်းကောင်း။ ကိလမာပယတောစ၊ သူတပါးကို ပင်ပန်းစေသောသူအားလည်းကောင်း။ ဖန္ဒတောစ၊ မိမိတုန်လှုပ် သော သူအားလည်းကောင်း။ ဖန္ဒာပယတောစ၊ သူတပါးတို့ကို တုန်လှုပ်စေသော သူအားလည်းကောင်း။ ပါဏာ၊ သတ္တဝါကို။ အတိပါတတောစ၊ မိမိသတ်သောသူအား လည်းကောင်း။ပါဏာ၊ ကို။ အတိပါတာပယတောစ၊ သူတပါးတို့ကို သတ်စေသော သူအားလည်းကောင်း။ အဒိန္နံ၊ အရှင်မပေးသော ဥစ္စာကို။ အာဒိယတောစ၊ မိမိခိုးယူသောသူအား လည်းကောင်း။ သန္ဓိ၊ အိမ်ခြံစပ်ကို။ ဆိန္နတောစ၊ ဖြတ်သောသူအား လည်းကောင်း။ နိလ္လောပံ၊ ပြည်ရွာကို ဖျက်ဆီးခြင်းကို။ ကတ္တာ၊ ၍။ ဟရတောစ၊ ဥစ္စာကို ဆောင်သော သူအားလည်းကောင်း။ ဧကာဂါရိကံ၊ တစ်အိမ်ကိုသာ ဖျက်ဆီးခြင်းကို။ ကရောတောစ၊ သူအားလည်း ကောင်း။ ပရိပန္ထေ၊ ခရီး၌။ တိဋ္ဌတောစ၊ တည်သော သူအား လည်းကောင်း။ (ခရီး၌စောင့်၍ လုယက်ခြင်းကို ပြုသည်ဟူလို သော်)။ ပရဒါရံ၊ သူတပါး၏မယားသို့။ ဂစ္ဆတော၊ သွား သောသူအားလည်းကောင်း။ မုသာ၊ ချွတ်လွဲသော စကားကို။ ဘဏတောစ၊ ဆိုသောသူအားလည်းကောင်း။ ခုရပရိယန္တေန၊ ထက်လွန်သောသော သင်ဓုန်းသွားနှင့် တူသော။ နေမိစက္ကေန၊ လက်နက်စက်သွားဖြင့်။ ပါပံ၊ ကို။ ကရောတော-ကရောန္တေန၊ ပြုသောသူသည်။ ပါပံ၊ မကောင်းမှုကို။ နကရိယတိ၊ မပြုအပ်။ ယောဇနေ၊ သည်။ ဇမိဿာ ပထဝိယာ၊ ၌။ ပါဏော၊ သတ္တဝါ တို့ကို။ ဧကံ၊ သော။ မံသခလံ၊ အသားစုကို။ ဧကံ၊ သော။ မံသ

http://www.dhammadownload.com

ပုဏ္ဏံ၊ အသာပုံကို။ ကရေယျ၊ အံ့။ (မံသခလံ, မံသပုဏ္ဏံ, ဤနှစ်ပုဒ်ကား ဝေဂုစ်တည်း)။ တတောနိဒါနံ၊ ထိုသို့ အသားစုကို ပြုခြင်းကြောင့်။ တဿဇနဿ၊ အား။ ပါပံ၊ သည်။ နတ္ထိ၊ ရှိ။ ပါပဿ၊ ၏။ အာဂမောပဝတ္တိ၊ ဖြစ်ခြင်းသည်။ နတ္ထိ၊ ရှိ။ ဂင်္ဂါယ၊ ဂင်္ဂါမြစ်၏။ ဒက္ခိဏံ၊ တောင်ဖြစ်သော။ တီရံ၊ ကမ်းသို့။ စေပိဂစ္ဆေယျ၊ အကယ်၍ ရောက်အံ့။ ဧဝံ၊ ဤသို့ ဂင်္ဂါမြစ်၏ တောင်ဘက်သို့ ရောက်သည်။ သတိ၊ သော်။ ဟနန္တော၊ မိမိသတ်သော သူသည် လည်းကောင်း။ ဃာတေန္တော၊ သူတပါးကို သတ်စေသော သူသည် လည်းကောင်း။ ဆိန္ဒန္တော၊ မိမိဖြတ်သော သူသည် လည်းကောင်း။ ဆေဒါပေန္တော၊ သူတပါးကို ဖြတ်စေသော သူသည်လည်းကောင်း။ ပစန္တော၊ မိမိပုတ်ခတ်သော သူသည် လည်းကောင်း။ ပါစာပေန္တော၊ သူတပါးကို ပုတ်ခတ်စေသော သူသည်လည်းကောင်း။ ပါပံ၊ ကို။ ကရောန္တောနာဝမ၊ ပြုသော မည်သည်။ နတ္ထိ၊ ရှိ။

အမှာ ပါပံကရောန္တော နာဝမကား ပါဌသေသတည်း။ ။ ဂင်္ဂါ တောင်ဘက်၌ နေကုန်သော သူတို့သည် အလွန်ရုန့်ရင်း ကြမ်းထမ်းကုန်၏။ ထိုကြောင့် ဂင်္ဂါတောင်ဘက်၌ နေသော သူတို့၏ အလိုသို့လိုက်၍ ပူရဏ ကဿပသည် ''ဒက္ခိဏာယ်ပေါ'' အစရှိသော စကားကို ဆိုလေသတည်း။

* တတော၊ ထိုသို့ သူ့အသက် သတ်ခြင်း အစရှိ သည်ကို ပြုခြင်းကြောင့်။ ပါပံ၊ သည်။ နတ္ထိ၊ ရှိ။ ပါပဿ၊ ၏။ အာဂမောပဝတ္တိ၊ ဖြစ်ခြင်းသည်။ နတ္ထိ၊ ရှိ။ ဂင်္ဂါယ၊ ၏။ ဥတ္တရံ၊ မြောက် ဖြစ်သော။ တီရံ၊ သို့။ စေပိဂစ္ဆေယျ၊ အံ့။ ဧဝံ၊ ဤသို့-ဂင်္ဂါ၏ မြောက်ဘက်သို့ ရောက်သည်။ သတိ၊ သော်။ ဒဒန္တော၊ မိမိအလှူပေးသော သူသည် လည်းကောင်း။ ဒါပေန္တော၊ သူတပါးကို အလှူပေးစေတတ်သောသူသည်လည်းကောင်း။ ယဇန္တော၊ မိမိ ပူဇော်သောသူသည်လည်းကောင်း။ ယဇာပေန္တော၊ သူတပါးကို ပူဇော်စေသော သူသည် လည်းကောင်း။ ပုညံ၊ ကို။

http://www.dhammadownload.com

ကရောန္တောနာမ၊ မည်သည်။ နတ္ထိ၊ မရှိ။ တတောနိဒါန်၊ ထို မကောင်းမှုကို ပြုခြင်းကြောင့်။ ပုညံ၊ သည်။ နတ္ထိ၊ ရှိ။ ပုညဿ၊ ၏။ အာဂမာပဝတ္တိ၊ သည်။ နတ္ထိ၊ ရှိ။ ဒါနေနစ၊ အလှူပေးခြင်း ကြောင့် လည်းကောင်း။ ဒမေနစ၊ ဇွန်ခြေကို ဆုံးမခြင်းကြောင့် လည်းကောင်း။ "ဥပုသ် စောင့်သော အမှုကို ပြုခြင်းကြောင့် လည်းကောင်း, လည်းဟူ"။ သံယမေနစ၊ နိစ္စသီလကို စောင့်ခြင်း ကြောင့် လည်းကောင်း။ သစ္စဝဇ္ဇေန၊ မှန်သော စကားကို ဆိုခြင်းကြောင့် လည်းကောင်း။ ပုညံ၊ သည်။ နတ္ထိ၊ ရှိ။ ပုညဿ၊ ၏။ အာဂမာပဝတ္တိ၊ သည်။ နတ္ထိ၊ ရှိ။ ဇာတိ၊ သို့။ အဓိစ္စ၊ ၏။ (ဂဂ်ါမြောက်ဘက်၌ နေသော သူတို့သည် ကုသိုလ်ကောင်းမှု၌ အလေ့အလာ ပြုကုန်၏။ ထိုကြောင့် "ဥတ္တရံစေပိ ဂဂ်ါဃ" အစ ရှိသော စကားကို ပူရာဏ ကဿပ ဆိုသတည်း)။ ဘန္တေ၊ ရား။ ဇာတ်းဝံ၊ သို့။ ပူရဏောဝ၊ သော။ ကဿပေါ၊ သည်။ သန္ဓိဋ္ဌိကံ၊ မျက်မှောက်၌ ရှုအပ်သော။ သာမညဖလံ၊ ရဟန်း၏ အကျိုးကို။ ပုဋ္ဌော၊ မေးအပ်သည်။ သမာနော၊ ဖြစ်လသော်။ မေ၊ အား။ အက်ိရိယံ၊ ကောင်းမှု, မကောင်းမှုကို မပြုခြင်းကို။ ဗျာကာသိ၊ ကြား၏။ (ပူရဏ ကဿပကား အကိရိယ အယူရှိ၏)။ ဘန္တေ၊ ဘုရား။ အမ်ဟံ၊ သရက်ပင်ကို။ ပုဋ္ဌော၊ သော။ ပုရိသော၊ သည်။ လဗုဇံ၊ တောင်ပိန္ဒဲကို။ ဗျာကရေယျ သေယျထာပိဝါ၊ ကြား သကဲ့သို့ လည်းကောင်း။ လဗုဇံ၊ ကို။ ပုဋ္ဌော၊ သော။ ပုရိသော၊ သည်။ အမ်ဟံ၊ ကို။ ဗျာကရေယျ သေယျထာပိဝါ၊ ကဲ့သို့လည်း ကောင်း။ ဧဝမေဝ၊ ထိုအတူလျှင်။ ဘန္တေ၊ ရား။ပ။ ဗျာကာသိ၊ ၏။ ဘန္တေ၊ ဘုရား။ တဿမယံ၊ ၏။ တေသော ပရိဝိတက္ကော၊ သည်။ အဟောသိ၊ ဖြစ်၏။ ကိံအဟောသိ၊ နည်းဟူမူကား။ ကထံဟိ၊ အဘယ့်ကြောင့်လျှင်။ မာဒိသော၊ ငါကဲ့သို့သော မင်း သည်။ ဝိဇိတေ၊ နိုင်ငံ၌။ ဝသန္တံ၊ နေသော။ သမဏံဝါ၊ ကိုလည်း ကောင်း။ ဗြာဟ္မဏံ ဝါ၊ ကိုလည်းကောင်း။ အပသာဒေတဗ္ဗံ၊ မည္သဉ်းဆဲ အပ်သည်ကို။ မညေ့ယျနာမ၊ နည်း။ ဇာတိ သော ပရိ

http://www.dhammadownload.com

ဝိတက္ကော၊ သည်။ အဟောသိ၊ ၏။ ဘန္တေ၊ ရား။ သောအဟံ၊ သည်။ ပူရဏသ၊ သော။ ကဿပသ၊ ၏။ ဘာသိတံ၊ စကားကို။ နေဝအာဘိနန္ဒိံ၊ ဝမ်းလည်းမမြောက်။ နပဋိကောသိံ၊ မြစ်လည်းမမြစ်။ အနဘိနန္ဒိတ္တာ၊ ဝမ်းမမြောက် မူ၍။ အပဋိကောသိတ္တာ၊ မမြစ်မူ၍။ အနတ္တမနော၊ နှလုံးမသာသည်။ ဟုတ္တာ၊ ဖြစ်၍။ အနတ္တမန ဝါပံ၊ မနှစ်လိုသောစကားကို။ အနိစ္ဆာရေတ္တာ၊ မမြဲက်မူ၍။ တမေဝ ဝါစံ၊ ထိုပူရဏ ကဿပဆိုသော စကားကိုလျှင်။ အနုဂ္ဂဏှန္တော၊ မမှတ်မူ၍။ "မယူမူ၍, လည်းဟူ"။ အနိကုဋ္ဌန္တော၊ နှလုံးဥ် မထားမူ၍။ အာသနာ၊ မှ။ ဥဋ္ဌာယ၊ ၍။ ပက္ကမိ၊ ဖ၏။

မက္ခလိဂေါသာလဝါဒ

၁၆၇။ ဘန္တေ၊ ရား။ အဟံ၊ ငါသည်။ ကေ၊ သော။ သမယံ၊ ၌။ (ဧကမိဒါဟံကို ဧကံ ဇ္ဈဓ အဟံဟုပုဒ်ဖြတ်၊ ဇ္ဈဓသဒ္ဒါကား နိပါတ် မျှသာ အနက်မရှိ)။ ယေနယတ္ထ၊ ၌။ မက္ခလိ၊ မက္ခလိအမည်ရှိသော။ ဂေါသာလော၊ ဂေါသာလသည်။ **တနည်းကား**၊ ဂေါသာလော၊ နွားခြံ၌ဖွားသော။ မက္ခလိ၊ မက္ခလိသည်။ အတ္ထိ၊ ရှိ၏။ တေန တတ္ထ၊ သို့။ ဥပသင်္ကမိ၊ ၏။ ဥပသင်္ကမိတ္တာ၊ ၍။ ဂေါသာလေန၊ နွားခြံ၌ဖွားသော။ မက္ခလိနာ၊ နှင့်။ သဒ္ဓိံ၊ ကွ။ သမ္မောဒိ၊ ဝမ်းမြောက် ဝမ်းသာ ပြောဟော၏။ သမ္မောဒနိယံ၊ ဝမ်းမြောက်ခြင်းကို ဖြစ်စေတတ် ထသော။ သာရဏီယံ၊ ရှည်မြင့် စွာသော ကာလပတ်လုံး အောက်မေ့အပ်ထသော။ ကထံ၊ စကားကို။ ဝိတိသာရေတ္တာ၊ ပြီးစေ၍။ပ။

၁၆၈။ မဟာရာဇ၊ ကြီး။ သတ္ထာနံ၊ သတ္ထဝါတို့၏။ သံကိလေသာယ၊ ညစ်ညူးခြင်းငှာ။ "ပူပန်ဆင်းရဲခြင်းငှာ, လည်းဟူ"။ ဟေတု၊ အကြောင်းသည်။ နတ္ထိ၊ ရှိ။ ပစ္စယော၊ ပစ္စည်းသည်။ နတ္ထိ၊ ရှိ။ (ဟေတု-ပစ္စယော, ဤနှစ်ပုဒ်ကား ဝေဒုစ်တည်း)။ သတ္တာ၊ တို့သည်။ အဟေတု၊ အကြောင်း မရှိကုန်ပဲ့။ အပစ္စယာ၊ ပစ္စည်း မရှိကုန်ပဲ့။ သံကိလိဿန္တိ၊ ညစ်ညူးကုန်၏။ "ပူပန် ဆင်းရဲကုန်

http://www.dhammadownload.com

၏, လည်းဟူ''။သတ္တာနံ၊တို့၏။ ဝိသုဒ္ဓိယာ၊ ဖြူစင်စွာဖြစ်ခြင်းငှာ။ ဟေတု၊ သည်။ နတ္ထိ၊ ရှိ။ ပစ္စယော၊ သည်။ နတ္ထိ၊ ရှိ။ သတ္တာ၊ တို့သည်။ အဟေတု၊ အကြောင်း မရှိကုန်ပဲ။ အပစ္စယာ၊ ကုန်ပဲ။ ဝိသုဇ္ဈန္တိ၊ ဖြူစင်ကုန်၏။ အတ္တကာရေ၊ မိမိသည် ပြုအပ်သော ကောင်းမှုသည်။ နတ္ထိ၊ ရှိ။ ပရကာရေ၊ သူတပါး ပြုအပ်သော ကောင်းမှုသည်။ နတ္ထိ၊ ရှိ။ ပုရိသကာရေ၊ ယောကျ်ားတို့၏ လုံ့လ သည်။ နတ္ထိ၊ ရှိ။ (ဤအတ္တကာရေ-အစရှိသော သုံးပုဒ်ကား ဣဒမ္မိ သိလသ္မိံ အစရှိသည်တို့ကဲ့သို့ ပဌမာ အနက်၌ သို့ဝိဘတ်တည်း။ ထိုကြောင့် အဋ္ဌကထာ၌ ''အတ္တကာရေတိ အတ္တကာရော''ဟု ဆိုသတည်း)၊ ဗလံ၊ ယောကျ်ားတို့၏ အစွမ်းသည်။ နတ္ထိ၊ ရှိ။ ဝိရိယံ၊ ယောကျ်ားတို့၏ ဝီရိယသည်။ နတ္ထိ၊ ရှိ။ ပုရိသထာမော၊ ယောကျ်ားတို့၏ အားထုတ်ခြင်းသည်။နတ္ထိ၊ ရှိ။ ပုရိသပရက္ကမော၊ ယောကျ်ားတို့၏ ပြင်းစွာအားထုတ်ခြင်းသည်။ နတ္ထိ၊ ရှိ။ (ဤပုရိသကာရေအစရှိသောငါးပုဒ်တို့ကား ဝီရိယကိုဟောသော ဝေါဟာရ ချည်းတည်း)။ သမ္မေ၊ ကုန်သော။ သတ္တာစ၊ ကုလားအုပ် နွားမြိ အစရှိ ကုန်သော သတ္တဝါတို့သည် လည်းကောင်း။ သမ္မေ၊ ကုန်သော။ ပါဏာစ၊ တခုသော ဇာန်ခြေ နှစ်ခုသော ဇာန်ခြေအစရှိ သည်တို့၏ အစွမ်းဖြင့်ဖြစ်သော သတ္တဝါတို့သည် လည်းကောင်း။ သမ္မေ၊ ကုန်သော။ ဘူတာစ၊ အဉ သူငယ်အိမ်တို့၌ ပြစ်ကုန်သော သတ္တဝါတို့သည် လည်းကောင်း။ သမ္မေ၊ ကုန်သော။ ဇီဝါစ၊ ဇီဝိ တိန္ဒြေရှိကုန်သော သူတို့သည်လည်းကောင်း။ အဝသာ၊ မိမိတို့၏ အစွမ်းမရှိကုန်။ အဗလာ၊ မိမိတို့၏ ခွန်အားမရှိကုန်။ အဝီရိယာ၊ မိမိတို့၏ ဝီရိယမရှိကုန်။ နိယတိသင်္ဂတိဘာဝ ပရိဏာမာ၊ အမြဲ ဤဘဝမှ ထိုဘဝသို့ ထိုဘဝမှ ဤဘဝသို့ ပြောင်းခြင်းသဘောဖြင့် အထူးထူးအပြားပြားရှိသည်၏အဖြစ်သို့ရောက်ကုန်သည်။ဟုတ္တာ၊ ၍။ ဆသု၊ ခြောက်ပါးကုန်သော။ အဘိဇာတီသုဧဝ၊ ထူးသော ဇာတ်တို့၌သာလျှင်။ ဌတ္တာ၊ ၍။ (တည့်ပါ)။ သုခဒုက္ခံ၊ ချမ်းသာ ဆင်းရဲကို။ ပဋိသံဝေဒေန္တိ၊ခံစားကုန်၏။ (ဆသွေဝါဘိဇာတိသု

http://www.dhammadownload.com

၌ဆသရုပ်ကားမည်းသောဇာတ်,ညိုသောဇာတ်, နီသောဇာတ်, ဝါသောဇာတ်,ဖြူသောဇာတ်, အလွန်ဖြူသောဇာတ်, ဤခြောက်ပါးတည်း။ ဤအဘိဇာတ်ကား မက္ခလိဂေါသာလ ပညတ်သောဇာတ်သာတည်း။) ဤမာနိ စုန္ဒသယောနိ ပမုခသတသဟဿာနိစ၊ ဤမြတ်သောအမျိုး တသန်းလေးသိန်းတို့သည်လည်းကောင်း။ (ခေါကား ပဒါလက်ံာရတည်း)။ ယောနိပမုခါနံ၊ မြတ်ကုန်သောအမျိုးတို့၏။ ဤမာနိ သဒ္ဒိသဇာနိစ၊ ဤခြောက်ထောင်တို့သည်လည်းကောင်း။ ယောနိပမုခါနံ၊ တို့၏။ ဤမာနိ ဆသတာနိစ၊ ဤခြောက်ရာတို့သည်လည်းကောင်း။ ဟောန္တိ၊ကုန်၏။ကမ္မုနော၊ ကံ၏။ ပဇ္ဇသတာနိ၊ ငါးရာတို့သည်လည်းကောင်း။ ပဇ္ဇကမ္မာနိစ၊ ငါးပါးကုန်သော ကံတို့သည်လည်းကောင်း။ တီဟိ ကမ္မာနိစ၊ သုံးပါးကုန်သောကံတို့သည်လည်းကောင်း။ဟောန္တိ၊ဖြစ်ကုန်၏။ (ဆိုအပ်ပြီးသော ''စုန္ဒသ ယောနိ ပမုခသဟဿာနိ သဒ္ဒိသတာနိ''အစရှိသည့်တို့၏သရုပ်ကား အဘယ်နည်းဟု မရှာအပ်ကုန်။ မက္ခလိဂေါသာလ၏ အလိုအားဖြင့် ဆိုလေ သည်သာတည်း)။ ကမ္မေ-ကမ္မာနိစ၊ ကံတို့သည် လည်းကောင်း။ အမုကမ္မေ-အမုကမ္မာနိစ၊ ထက်ဝက်သော ကံတို့သည်လည်းကောင်း။ ဟောန္တိ၊၏။ ဒွဒ္ဒိပဋိပဒါစ၊ ခြောက်ဆယ့်နှစ်ပါးကုန်သော အကျင့်တို့သည်လည်းကောင်း။ဒွဒ္ဒနွေရကပွါစ၊ခြောက်ဆယ့်နှစ်ပါးကုန်သောအနွေရကပ်တို့သည်လည်းကောင်း။ဟောန္တိ၊ကုန်၏။ (''ဒွဒ္ဒိသဋ္ဌိပဋိပဒါ ဒွဒ္ဒိသဋ္ဌိအနွေရကပွါ'' ဟု ဆိုအပ်လျက် သအက္ခရာချေ၍ အာကိုလည်း အရဿပြု၍ ''ဒွဒ္ဒိပဋိပဒါဒွဒ္ဒနွေရကပွါ'' ဟု ဆိုသတည်း။ ပရုပ်ကိုမရှာအပ်ပြီ။ မက္ခလိဂေါသာလ၏ မိစ္ဆာစကားသာ ဖြစ်သည်)။ ဆ၊ ကုန်သော။ အဂိဇာတိယောစ၊ မြတ်သောဇာတ်တို့သည်လည်းကောင်း။ အဋ္ဌ၊ ကုန်သော။ ပုရိသဘူမိယောစ၊ ယောကျ်ားတို့၏တည်ရာတို့သည်လည်းကောင်း။ဟောန္တိ၊ကုန်၏။ ကေနုပညာသအာဇီဝသတေ ကေနုပညာသ အာဇီဝသတာနိစ၊ တရားလေးဆယ့်ကိုးပါးကုန်သော အသက်မွေးခြင်းတို့သည်လည်း

http://www.dhammadownload.com

ကောင်း။ပ။ ကျေနပညာသနာဂါဝါသတေ- ကျေနပညာသနာဂါဝါသတာနိစ၊ တရာ့လေးဆယ့်ကိုးပါးကုန်သော နဂါးတို့၏ နေရာတို့သည်လည်းကောင်း။ ဝိသေ ဇုန်ဖြိယသတေ-ဝိသတိဇုန်ဖြိယသတာနိစ၊ တရာ့နှစ်ဆယ်သော ဇုန်ဖြေတို့သည် လည်းကောင်း။ တိ်သေ နိရယသတေ- တိ်သနိရယသတာနိစ၊ တရာ့သုံးဆယ်သော ငရဲတို့သည်လည်းကောင်း။ ဆတ္တိ်သရဇော ဓာတုယောစ၊ သုံးဆယ့်ခြောက်ပါးကုန်သော မြို့အညစ်အကြေး၏ တည်ရာတို့သည်လည်းကောင်း။ဟောန္တိ၊ကုန်၏။(သရုပ်ကိုမရှာအပ်ပြီ။ မက္ခလိဂေါသာလ၏မိန္ဆာစကားသာဖြစ်သည်)။ သညီဂဿာ၊ သညာရှိကုန်သော ပဋိသန္ဓေတို့သည်။ သတ္တာ၊ ခုနစ်ပါးတို့သည်။ အသညီဂဿာ၊ သညာမရှိကုန်သော ပဋိသန္ဓေတို့သည်။ သတ္တာ၊ တို့တည်း။ နိဂဏ္ဌိဂဿာ၊ အဆစ်ပဋိသန္ဓေတို့သည်။ သတ္တာ၊ တို့တည်း။ ဒေဝါ၊ နှတ်တို့သည်။သတ္တာ၊တို့တည်း။မနုဿာ၊တို့သည်။သတ္တာ၊ တို့တည်း။ ပိသာစာ၊ဘီလူးရက္ခိုသ်တို့သည်။သတ္တာ၊ တို့တည်း။သရာ၊တို့သည်။ သတ္တာ၊ တို့တည်း။ သပုဋ္ဌာ၊ အဖုရှိကုန်သော သဘောတို့သည်။ သတ္တာ၊တို့သည်။(သတ္တာသရုပ်လည်းမရှိပြီ။အဋ္ဌကထာ၌လည်းသရုပ်မရှိကြောင်းကိုဆို၏)။ သတ္တာသပုဋ္ဌသတာနိစ၊ အဖုငယ်ခုနစ်ရာတို့သည်လည်းကောင်း။ ဟောန္တိ၊ကုန်၏။ သတ္တာ၊ ကုန်သော။ ပပါတာ၊ ချောက်ကြီးတို့သည်။ဟောန္တိ၊ ကုန်၏။ သတ္တာပပါတာသတာနိ၊ ချောင်းငယ်ခုနစ်ရာတို့သည်။ ဟောန္တိ၊ကုန်၏။ သတ္တာသုပိနာ၊ အိပ်မက်ကြီး ခုနစ်ပါးတို့သည်။ ဟောန္တိ၊ ကုန်၏။ သတ္တာသုပိနသတာနိ၊ အိပ်မက်ငယ်ခုနစ်ရာတို့သည်။ ဟောန္တိ၊ ကုန်၏။ မဟာကပ္ပိနော၊ မဟာကပ်၏။ ယာနိစုလ္လာသိတိ သတသဟဿာနိ၊ အကြင်ရှစ်သန်းလေးသိန်းတို့သည်။သန္တိ၊ကုန်၏။ တာနိ စုလ္လာသိတိသတသဟဿာနိ၊ ထိုမဟာကပ်ရှစ်သန်းလေးသိန်းတို့ပတ်လုံး။ ဗာလေစ၊ သူမိုက်သည်လည်းကောင်း။ ပဏ္ဍိတေစ၊ ပညာရှိသည်လည်းကောင်း။ (ပဌမာအနက်၌ သို်ဝိဘတ်တည်း။ ဇုမေထည့်ပါ)။ဇုမေ၊ ဤသူတို့သည်။ သန္ဓာဝိတ္ထာ၊ ဤဘဝမှ ထိုဘဝသို့

http://www.dhammadownload.com

ထိုဘဝမှ ဤဘဝသို့ ပြောင်းကုန်၍။ သံသရိတ္တာ၊ ကျင်လည်ကုန်၍။ ဒုက္ခဿ၊ ဝဋ်ဆင်းရဲ၏။ အန္တံ၊ အဆုံးကို။ ကရိဿန္တိ၊ ပြုကုန်လတ္တံ့။ တတ္ထ၊ ထိုမဟာကပ် ရှစ်သန်းလေးသိန်းအတွင်း၌။ သံသာရသုဒ္ဓိ၊ သံသရာမှစင်ခြင်းသည်။ (ထည့်ပါ)။ နတ္ထိ၊ မရှိ။ အဟံ၊ ငါသည်။ ဣမိနာသီလေနဝါ၊ ဤသီလဖြင့်လည်းကောင်း။ ဣမိနာဝတေနဝါ၊ ဤကျင့်ဝတ်ဖြင့်လည်းကောင်း။ ဣမိနာတပေနဝါ၊ ဤခြိုးခြံသော အကျင့်ဖြင့်လည်းကောင်း။ ဣမိနာဗြဟ္မစရိယေနဝါ၊ ဤမြတ်သော အကျင့်ဖြင့်လည်းကောင်း။ အပရိပက္ကံ၊ မရင့်သေးသော။ ကမ္မံဝါ၊ ကိုမူလည်း။ ပရိပါစေဿာမိ၊ ရင့်စေအံ့။ ပရိပက္ကံ၊ ရင့်ပြီးသော။ ကမ္မံဝါ၊ သို့မူလည်း။ ဖုဿဖုဿ၊ ရောက်၍ရောက်၍။ ဗျန္တိ ံ၊ ကင်းခြင်းကို။ကရိဿာမိ၊ အံ့။ ဣတိ၊ သို့။ ဧဝံဣဒံဥဘယံ၊ ဤနှစ်ပါးစုံသည်။ နတ္ထိ၊ ရှိ။ မယာ၊ သည်။ ပရိယန္တကတေ၊ မဟာကပ် ရှစ်သန်းလေးသိန်းဖြင့် ပိုင်းခြားခြင်းကို ပြုအပ်ကုန်သော။ သံသာရေ၊ သံသရာပတ်လုံး။ ဒေါဏမိတေ-ဒေါဏမိတံဝိယ၊ စပ္ပွတ်တောင်းဖြင့်ခြင်သကဲ့သို့။ သုခဒုက္ခေ-သုခဒုက္ခံ၊ သည်။ ဟောတိ၊ ၏။ ဟာယနဝုနေ-ဟာယနဝုနံ၊ ယုတ်ခြင်း တိုးပွါးခြင်းသည်။ နတ္ထိ၊ ရှိ။ ဥက္ကံသဝကံသာ၊ အယုတ်အလွန်သည်။ နတ္ထိ၊ ရှိ။ သေယျထာပိနာမ၊ ဥပမာအဘယ်ကဲ့သို့ နည်းဟူမူကား။ သုတ္တဂုဠေ၊ ချည်လုံးကို။ခိတ္တေ၊ ပစ်အပ်သည်ရှိသော်။ သုတ္တဂုဠံ၊ ချည်လုံးသည်။ (ကတ္တားထည့်)။ သုတ္တပမာဏော၊ ချည်ရှိတိုင်းသောပမာဏဖြင့်။ (ကရိဏ်းထည့်)။ နိဗ္ဗေဌယမာနမေဝ၊ ပြေသည်ဖြစ်၍ သာလျှင်။ လေတိယထာ၊ သွားသကဲ့သို့။ ဧဝမေဝ၊ ထိုအတူသာလျှင်။ ဗာလေစ၊သူမိုက်သည်လည်းကောင်း။ပဏ္ဍိတေစ၊လည်းကောင်း။ ဣမေ၊ ဤသူတို့သည်။ သန္ဓာဝိတ္ထာ၊ ဤဘဝမှ ထိုဘဝသို့ ထိုဘဝမှ ဤဘဝသို့ပြောင်း၍။ သံသရိတ္ထာ၊ တပြောင်းပြန်ပြန် ကျင်လည်၍။ ဒုက္ခဿ၊ ဝဋ်ဆင်းရဲ၏။ အန္တံ၊ကို။ ကရိဿန္တိ၊ ကုန်လတ္တံ့။ ဣတိ၊ သို့။ မက္ခလိဂေါသာလော၊ သည်။ မံ၊ ကို။ အဝေါစ၊ ၏။

http://www.dhammadownload.com

၁၆၉။ ပ။သံသာရသုဒ္ဓိ၊ သေလျှင် သံသရာမှ စင်ခြင်းကို။ ဗျာကာသိ၊ကြား၏။ (မက္ခလိဂေါသာလကား အဟေတုကအယူရှိ၏)။ ပ။အပသာဒေတမ္ဗံ၊ ညှဉ်းဆဲအပ်သည်ကို။ (အကြင်းအနက်တူပြီ။ အဇိတဝါရဒ္ဒလည်း အနက်တူသည်များ၏။ ကွဲရာကိုသာ ယောဇနာအံ့)။

အဇိတကေသကမ္ဗလဝါဒ

၁၇၁။ ဘန္တေ၊ရား။ ကေသကမ္ဗလော၊ လူဆံပင်ဖြင့် ယက်သောကမ္ဗလာကို ဆောင်သော။ အဇိတော၊သည်၊ မိ၊ကို။ တံဝစနံ၊ကို။ အဝေါစ၊၏။ မဟာရာဇ၊ ကြီး။ ဒိန္နံဒိန္နဖလံ၊ အလှူအကျိုးသည်။ နတ္ထိ၊ရှိ။ ယိဋ္ဌ-ယိဋ္ဌဖလံ၊ ကြီးစွာသောယဇ်ပူဇော်ခြင်းအကျိုးသည်။ နတ္ထိ၊ရှိ။ ဟုတံ၊ ယဇ်ပူဇော်ခြင်း၏အကျိုးသည်။ နတ္ထိ၊ ရှိ။ သုကတဒုက္ကဋာနံ၊ ကုသိုလ်အကုသိုလ်ဖြစ်ကုန်သော။ ကမ္မာနံ၊တို့၏။ ဖလံ ဝိပါကော၊ အကျိုးသည်။နတ္ထိ၊ရှိ။ (ဖလသဒ္ဒါ ဝိပါကသဒ္ဒါ အနက်တူ၏)၊ အယံ လောကော၊ ဤပစ္စုပ္ပန်လောကသည်။နတ္ထိ၊ရှိ။ ပရော လောကော၊ တမလွန်လောကသည်။ နတ္ထိ၊ရှိ။မာတာ၊သည်။ နတ္ထိ၊ ရှိ။ ပိတာ၊သည်။နတ္ထိ၊ရှိ။ သြပပါတိကာ၊ သြပပါတိကဖြစ်သော။ သတ္တာ၊တို့သည်။ နတ္ထိနသန္တိ၊ ကုန်။ လောကေ၊ ၌။ သမဂ္ဂတာ၊ အလွန်မြတ်ထသော။သမ္မာပဋိပန္နာ၊ကောင်းသောအကျင့်ကို ကျင့်ကုန်ထသော။ ယေသမဏဗြာဟ္မဏာ၊ တို့သည်။ ဇုံမံလောကဉ္စ၊ ဤပစ္စုပ္ပန်လောကကိုဎင်း။ ပရံလောကဉ္စ၊ တမလွန်လောကကို လည်းကောင်း။သယံ၊မိမိတို့အလိုလို။အဘိညာ-အဘိညာယ၊မြတ်သောဉာဏ်ဖြင့် သိ၍။ သစ္ဆိကတွာ၊ မျက်မှောက်ပြု၍။ ပဝေဒေန္တိ၊ ကြားတတ်ကုန်၏။တေသမဏဗြာဟ္မဏာ၊ တို့သည်။ နတ္ထိနသန္တိ၊ ကုန်။ စာတုမဟာဘူတိကော၊လေးပါးသော မဟာဘူတ်ဖြင့်ပြီးထသော။ အယံပုရိသော၊ အတ္တဘောသည်။ယဒါ၊၌။ ကာလံကရောတိ၊ သေ၏။တဒါ၊၌။ပထဝီ၊အင္ဂုတ္တိုကဖြစ်သောပထဝီဓာတ်သည်။ ပထဝီကာယံ၊ ဗဟိရဖြစ်သောပထဝီဓာတ်သို့။ အနုပေတိ၊ ရောက်

http://www.dhammadownload.com

လေ၏။ အနုပဂစ္ဆတိ၊ အစဉ်လိုက်လေ၏။ (သေတိဟုလည်း ပါဠိ အချို့ရှိ၏။ အနုပေတိဟု ရှိသောပါဠိသည် အဋ္ဌကထာနှင့်ညီ၏)။ အာပေါ၊ အဇ္ဈတ္တိက သန္တာန်ဖြစ်သော အာပေါ ဓာတ်သည်။ အာပေါကာယံ၊ ဗာဟိရသန္တာန် ဖြစ်သော အာပေါ ဓာတ်သို့။ အနုပေတိ၊ ရောက်လေ၏။ အနုပဂစ္ဆတိ၊ အစဉ် လိုက်လေ၏။ (တေဇော ဝါယောတို့ ၌လည်း ဤနည်းအတူ)။ ဣန္ဒြိယာနိ၊ မနိန္ဒြေလျှင် ခြောက်ခုမြောက် ရှိကုန်သော ဣန္ဒြေတို့သည်။ အာကာသံ၊ ကောင်းကင်သို့။ သင်္ကမန္တိ၊ ပျံလေကုန်၏။ အာသန္နိပဗ္ဗမာ၊ အိပ်ရာ ညောင်စောင်းလျှင် ငါးခုမြောက် ရှိကုန်သော။ ပုရိသာ၊ တို့သည်။ မတံ၊ သေပြီးသောသူကို။ အာဒဲဟ၊ ၍။ ဂစ္ဆန္တိ၊ သွားကုန်၏။ (ညောင်စောင်း ခြေလေးချောင်းကို ကိုင်သော ယောကျ်ားလေးယောက်, ညောင်စောင်း, ၌ငါးပါးကို "အာသန္နိပဗ္ဗမာ ပုရိသာ" ဟု ဆိုသတည်း)။ ယာဝဠဟနာ၊ သင်းချိုင်းတိုင်အောင်။ပဒါနိ၊ ဂုဏ်အစုဂုဏ်အစုရှိသောလူတို့သည်။ **တနည်းကား**၊ ပဒါနိ၊ ကိုယ်တို့သည်။ "အကောင်တို့သည်, လည်းဟူ"။ ပညာယန္တိ၊ ထင်ကုန်၏။ အဋ္ဌိနိ၊ အရိုးတို့သည်။ ကာပေါတကာနိ၊ ခိုကောင်အဆင်းနှင့်တူသော အဆင်းရှိကုန်သည်။ ဘဝန္တိ၊ ကုန်၏။ အာဟုတိယော၊ ပေးအပ်သောအလှူသည်။ ဘဿန္နာ၊ ပြာအဆုံးရှိကုန်သည်။ ဘဝန္တိ၊ ကုန်၏။ (ဘဿန္နာဟုတိယောကို ဘဿန္နာ အာဟုတိယောဟု ပုဒ်ဖြတ်)။ ယဒိဒံ-ယံဣဒံဒါနံ၊ အကြင် အလှူသည်။ အတ္ထိ၊ ရှိ၏။ တံဒါနံ၊ ကို။ ဒတ္တုပညတ္တံ၊ သူမိုက်တို့သည် ပညတ်အပ်၏။ တေသံ၊ ထိုသူမိုက်တို့၏။ ဝိလာပေါ၊ စကားသည်။ တုစ္ဆံ၊ အချည်းနှီးတည်း။ မုသာ၊ ချွတ်လွဲ၏။ ယေကေစိ၊ ခပ်သိမ်းကုန်သော သူတို့သည်။ ဒါနဖလဿ၊ အလှူအကျိုး၏။ (သမ္မန်ထည့်)။ အတ္ထိကဝါဒံ၊ ရှိ၏ဟူသောစကားကို။ ဝဒန္တိ၊ ကုန်၏။ ဗာလေ-ဗာလောစ၊ သည်လည်းကောင်း။ ပဏ္ဍိတေ-ပဏ္ဍိတောစ၊ သည်လည်းကောင်း။ ဣမေ၊ ဤသူတို့သည်။ ကာယဿ၊ ကိုယ်ခန္ဓာ၏။ ဘေဒါ၊ ပျက်သည်မှ။ ဥစ္ဆိဇ္ဇန်၊ ပြတ်ကုန်၏။ ဝိနဿန်၊ ပျောက်ကုန်၏။ မရဏာ၊ သေ

http://www.dhammadownload.com

သည်မှ။ပရံ၊ နောက်၌။ နဟောန္တိ၊ကုန်။ ဣတိ၊သို့။အဇိတော၊အဇိတသည်။မံ၊ ကို။ အဓိဝါစ၊ ၏။ (အဇိတကား နတ္ထိက အယူရှိ၏)။

၁၇၂။ ။ပ။သာမညဖလံ၊ ကို။ ပုဋ္ဌော၊ မေးအပ်သည်။ သမာနော၊ ရှိသော်။ဥဒ္ဓေဒံ၊ ဘဝင်၏ပြတ်ခြင်းကို။ ဗျာကာသိ၊၏။လဗုဇံ၊ တောင်ပိန္နဲကို။ ပ။ မေ၊ ၏။ ဝိဇိတော၊ နိုင်ငံ၌။ ဝသန္တိ၊ နေသော။ သမဏော၀၀ါ၊ ကိုလည်းကောင်း။ ဗြာဟ္မဏော၀၀ါ၊ ကိုလည်းကောင်း။ အပသာဒေတဗ္ဗံ၊ညှဉ်းဆဲအပ်သည်ကို။ မညေဃျနာမ၊အောက်မေ့ရာအံ့နည်း။ပ။

ပကုဓကစ္စာယနော၀ါဒ

၁၇၃-၁၇၄။ ယေနယတ္ထ၊ ၌။ကစ္စာယနော၊ သော။ပကုဓော၊ သည်။ အတ္ထိ၊ ၏။ပ။ မဟာရာဇ၊ မြတ်သောမင်းကြီး။ အကဋ္ဌာ၊ ပစ္စည်းတို့သည် မပြုပြင်အပ်ကုန် ထသော။ အကဋ္ဌဝိဓော၊ ကံသည် မပြုပြင် မစီရင်အပ်ကုန် ထသော။ အနိမ္မိတာ၊ တန်ခိုးဖြင့် မဖန်ဆင်းအပ်ကုန် ထသော။ အနိမ္မာတာ၊ သူတပါးတို့ကို မဖန်ဆင်းစေအပ်ကုန်ထသော။ ဝဉ္ဈာ၊ မြုံကုန်ထသော။ ကူဋဋ္ဌာ၊ တောင်ထွတ်ကဲ့သို့ တည်ကုန်ထသော။ သေကဋ္ဌာယိဋ္ဌိတာ၊ မြစ္စာ စိုက်အပ်သော ကျောက်တိုင်တို့နှင့် တူကုန်ထသော။ သတ္တာ၊ ခုနစ်ပါးကုန်သော။ ဇာမေကာယာ၊ ဤကာယတို့သည်။ သန္တိ၊ ကုန်၏။ **တနည်းကား**၊ ဇာမေကာယာ၊ တို့သည်။ သတ္တာ၊ တို့တည်း။ **တနည်းကား**၊ သတ္တာ၊ ကုန်သော။ ဇာမေကာယာ၊ တို့သည်။ အကဋ္ဌာ၊ မပြုပြင်အပ်ကုန်။ အကဋ္ဌဝိဓော၊ ကံသည် မပြုပြင်မစီရင်အပ်ကုန်။ အနိမ္မိတာ၊ တန်ခိုးဖြင့် မဖန်ဆင်းအပ်ကုန်။ အနိမ္မာတာ၊ သူတပါးတို့ကို မဖန်ဆင်းစေအပ်ကုန်။ "(အနိမ္မာပေတဗ္ဗာ"ဟု ပါဠိအဋ္ဌကထာ အလိုသော်ကား "အနိမ္မာတာ"ဟု ရှိသင့်၏)။ ဝဉ္ဈာ၊မြုံ၏။ ကူဋဋ္ဌာ၊ တောင်ထွတ်ကဲ့သို့ တည်ကုန်၏။ သေကဋ္ဌာယိဋ္ဌိတာ၊ မြစ္စာစိုက်၍ထားအပ်သော ကျောက်တိုင်ကဲ့သို့ တံ့ကုန်၏။ ဘေသတ္တကာယာ၊ တို့သည်။ နဇ္ဇန္တိ၊ မတုန်လှုပ်ကုန်။

http://www.dhammadownload.com

*တံ၊ ထိုတတိယပုဂ္ဂိုလ်သည်လည်း။ အညော၊ တယောက်သော ပုဂ္ဂိုလ်သည်။ ဧဝံ၊ သို့။ အာဟ၊ ၏။ ကိံ အာဟ၊ နည်းဟူမူတား။ ဘော၊ အရှင်။ ဧတံ-သော အဘိသညာနိရောဓော၊ သည်။ ဧဝံ၊ သင်ဆိုတိုင်း။ နခေါပန ဘဝိဿတိ၊ မဖြစ်လတ္တံ့။ ဘော၊ အရှင်။ မဟိဒ္ဓိကာ၊ ကုန်သော။ မဟာနုဘာဝါ၊ ကြီးသော ဘုန်းအာနုဘော်ရှိကုန်သော။ ဒေဝတာ၊ တို့သည်။ ဇုမသဿ ပုရိသဿ၊ ၏။ သည်၊ကို။ ဥပကမုန္တိ ပိ၊ကုန်၏။ အပကမုန္တိ ပိ၊ ကုန်၏။ ယသ္မိံ သမယေ၊ ၌။ ဒေဝတာ၊တို့သည်။ပုရိသဿ၊၏။ သည်၊ကို။ ဥပကမုန္တိ၊ ကုန်၏။တသ္မိံ သမယေ၊ ထိုသို့ငင်သောအခါ၌။ သောပုရိသော၊ သည်။သညီ၊သည်။ ဟောတိ၊၏။ ယသ္မိံ သမယေ၊ ၌။ အပကမုန္တိ၊ ပယ်ကုန်၏။ တသ္မိံ သမယေ၊ ထိုသို့ပယ်သောအခါ၌။ သောပုရိသော၊သည်။ အသညီ၊သည်။ဟောတိ၊၏။ဇုတိ၊ သို့။ အာဟ၊ ၏။ ဇုတ္ထံ-ဇဝံ ဇုမိနာ အာကာရေန၊ ဤသို့သော အခြင်းအရာဖြင့်။ ဧကော၊ အချို့ကုန်သော သူတို့သည်။ အဘိသညာ နိရောဓံ၊ ကို။ ပညပေန္တိ၊ ကုန်၏။

အမှာ ဤစတုတ္ထပုဂ္ဂိုလ်ကား နတ်ဘီလူ ဖမ်းသောသူသည် အကြင်အခါ၌ နတ်ဘီလူးဖမ်း၏။ထိုအခါ၌ သညာကင်း၏။အကြင်အခါ၌ဘီးလူးဖမ်း၍ လွှတ်၏။ ထိုအခါ၌ သညာရှိ၏။ထိုသို့ဖြစ်ခြင်းကိုရည်၍ နတ်တို့သည်ယောက်ျား၏ သညာကို ငင်လည်းငင်ကုန်၏။ ပယ်လည်း ပယ်ကုန်၏ဟု ဆိုသတည်း။

*ဘန္တေ၊ရား။တဿမယံ၊၏။သတိ၊သတိသည်။ ''အောက်မေ့ခြင်းသည်,လည်းဟူ''။ ဘဂဝန်ကယော၊ ကိုသာလျင်။ အာရဗ္ဘ၊ အာရုံပြု၍။ ဥဒပါဒိ၊ ၏။ ကိံ ဥဒပါဒိ၊ ဟူမူကား။ ယောဘဂဝါ၊ သည်။ဇုမေသံမမွာနံ၊ ဤသညာ၏ချုပ်ခြင်းသဘော တရားတို့၌။ သုကုသလော၊ အလွန်လိမ်မာတော်မူ၏။ သောဘဂဝါ၊ သည်။

http://www.dhammadownload.com

အဘိသညာနိရောဓံ၊ ကို။ ကထေယျ၊ ဟောတော်မူပါမူကား။ အဟောနှုန့၊ ပြော်-ကောင်းစွတကား။ ယောသုဂတော၊ အကြင် ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား သည်။ ဇမေသံမဗွာနံ၊တို့၌။ သုကုသလော၊၏။ သောသုဂတော၊ သည်။ အဘိသညာနိရောဓံ၊ကို။ ကထေယျ၊ မူကား။ အဟောနှုန့၊ တကား။ဇတိ၊သို့။ တဿမ္မယံ့၊ ၏။ သတိ၊ သည်။ ဥဒပါဒိ၊ ၏။ (အဘိသညာ နိရောဓံ ကထေယျ ဤနှစ်ပုဒ်ကား ပါဠိသေသ တည်း။ ဘဂ္ဂေ၊ ရား။ ဘဂဝါ၊ သည်။ အဘိသညာ နိရောဓသ၊ သညာချုပ်ခြင်း၌။ကုသလော၊လိမ်မာတော်မူ၏။ ဘဂဝါ၊ သည်။ အဘိသညာ နိရောဓသ၊၏။ပကတညူ၊သဘောကို သိတော်မူ၏။ ဘဂ္ဂေ၊ရား။ ကထံ-ကေန အာကာရေန၊ ဖြင့်။ အဘိသညာ နိရောဓော၊ သည်။ ဟောတိနုခေါ၊ ဖြစ်သနည်း။ ဇတိ၊သို့။ ပေါဠိ ပါဒေါ၊ သည်။ ဘဂဝန္တံ၊ ကို။ ပုစ္ဆိ၊ ၏။

သဟေတုကသညုပ္ပါဒနိရောဓကထာ

၄၁၂။ ပေါဠိပါဒ၊ဒ။တတြ၊ ထိုရဟန်းပုဏ္ဏားတို့၌။ ယေတေ သမဏဗြာဟ္မဏာ၊ တို့သည်။ ဧဝံ၊ သို့။ အာဟံသု၊ ကုန်၏။ ကိံ အာဟံသု၊ ကုန်သနည်း။ ပုရိသဿ၊ ၏။ သညာ၊ တို့သည်။ အဟေတူ၊ အကြောင်းမရှိကုန်ဝဲ။ ဥပ္ပဇ္ဇန္တိ ပိ၊ ဖြစ်လည်းဖြစ်ကုန်၏။ နိရုဇ္ဈန္တိ ပိ၊ချုပ်လည်းချုပ်ကုန်၏။ ဇတိ၊ သို့။ အာဟံသု၊ ကုန်၏။ တေသံ သမဏ ဗြာဟ္မဏာနံ၊ တို့၏။ (ဝစနံ ထည့်ပါ)။ ဝစနံ၊ သည်။ အာဒိဘေဝ-အာဒိမှိ၊ အစ၌။ အပရဒ္ဓံ၊ ချွတ်ယွင်းသည်။ ဟောတိ၊၏။ တံဝစနံ၊ ထိုသို့ ချွတ်ယွင်း၏ဟူ၍ ငါဆိုခြင်းသည်။ ကိဿ၊အဘာယိမည်သော။ ဟေတု၊ အကြောင်းကြောင့်နည်းဟူမူ ကား။ပေါဠိပါဒ၊ဒ။ပုရိသဿ၊ ၏။ သညာ၊ တို့သည်။ ဟိယျော၊ ကြောင့်။သဟေတူ၊အကြောင်းရှိကုန်သည်။ဟုတ္တာ၊၍။ သပ္ပစ္စယာ၊ ပစ္စည်းရှိကုန်သည်။ ဟုတ္တာ၊ ၍။ ဥပ္ပဇ္ဇန္တိ ပိ၊ ကုန်၏။ နိရုဇ္ဈန္တိ ပိ၊ ကုန်၏။ တသ္မာ၊ ကြောင့်။ တေသံ သမဏ ဗြာဟ္မဏာနံ၊ တို့၏။

http://www.dhammadownload.com

အပရဒ္ဓံ၊ သည်။ ဟောတိ၏။ သိက္ခာ-သိက္ခာယ၊ သိက္ခာသုံးပါး တို့၏ အပေါင်းကို အားထုတ်ခြင်းကြောင့်။ ကော၊ အချို့သော။ သညာ၊ သညာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ သိက္ခာ-သိက္ခာယ၊ ကြောင့်။ ကော၊အချို့သော။ သညာ၊ သည်။ နိရုဇ္ဈတိ၊ ချုပ်၏။

၄၁၃။ သိက္ခာ၊သိက္ခာဟူသည်ကား။ ကာစ၊နည်း။ ဇုတိ-ဇုဒံ ဝစနံ၊ ကို။ ဘဂဝါ၊ သည်။ ပုဿဝဝေသန၊ ကဏေတုကမျတာ ပုဿဝ၏ အစွမ်းအားဖြင့်။ အဝေါစ၊ ၏။ ။(ပုဿဝဝေသနကား ကြီယဒဝိသိသ ထည့်သည်။ ယခု အခါ၌ မြတ်စွာ ဘုရားသည် သညာ၏ အကြောင်းနှင့် တကွဖြစ်ခြင်း ချုပ်ခြင်းကို ပြခြင်းငှာ, ဘုရားဖြစ်သောအခါမှစ၍ အစဉ်ဖြစ်သော ဓမ္မကိုထားတော်မူလို သည်ဖြစ်၍ ''ဇုဓပေါဠဒါဒ'' အစရှိသောဒေသနာကိုမိန့်သတည်း။ ထိုဒေသနာ၏အတ္ထကား)။ ။ပေါဠဒါဒ၊ ဒ။ ဇုလောကော၊ ဤလူ့ပြည်၌။အရဟံ၊ကိလေသာတည်းဟူသောရန်သူတို့မှဝေးတော်မူထ၍သော။ သမ္မာသမ္ဗုဒ္ဓေါ၊ မဖောက်မပြန် မိမိအလိုလိုသာလျှင် အလုံးစုံသောတရားကို သယမ္ဘူဉာဏ်ဖြင့် သိတော်မူပြီးထ၍သော။ တထာဂတော၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ပ။ သာမညဖလံ-သာမညဖလေ၊သာမညဖလသုတ်၌။ ဝိတ္ထာရေတဗ္ဗံယထာ၊ ကဲ့သို့။ ဧဝံ-တထာ၊ တူ။ ဝိတ္ထာရေတဗ္ဗံ၏။ပေါဠဒါဒ၊ဒ။ဧဝံခေါသို့။ ဘိက္ခု၊ ရဟန်းသည်။ သိလသမ္ပန္နော၊ သည်။ ဟောတိ၊ ဖြစ်၏။ပ။ ဇုမေ ပဋိပဒါဝရကော၊ တို့ကို။ပဟိနေ၊ တို့ကို။ အတ္တနိ၊ ၌။သမနုပဿတော သမနုပဿနာသ၊မြင်သော။ တဿဘိက္ခုနော၊အား။ ပါမောဇ္ဇံ၊ ဝမ်းမြောက်ခြင်းသည်။ ဇာယတိ၊ ၏။ ပမုဒိတဿ၊ ဝမ်းမြောက်သောရဟန်အား။ ပီတိ၊ ပြင်းစွာနှစ်လိုခြင်းသည်။ ဇာယတိ၊ ၏။ ပီတိမနဿ၊ ပီတိနှင့်ယှဉ်သော စိတ်ရှိသော။ ဘိက္ခုနော၊ ၏။ ကာယော၊ရူပကာယသည်။ပဿမ္ဘတိ၊ ငြိမ်း၏။ ပဿဒ္ဓကာယော၊ ငြိမ်းသော ရူပကာယရှိသော။ ဘိက္ခု၊ သည်။ သုခံ၊ သုခဝေဒနာကို။ ဝေဒေတိ၊ခံစား၏။ သုခိနော၊ သုခဝေဒနာနှင့် ပြည့်စုံသော။ ဘိက္ခုနော၊ ၏။ စိတ္တံ၊သည်။သမာဓိယတိ၊ တည်ကြည်၏။ သော

http://www.dhammadownload.com

ဘိက္ခု၊သည်။ ကာမေဟိ၊ ကိလေသာကာမတို့မှ။ ဝိဝိစ္စေဝ ဝိဝိစ္စ ဧဝ၊ ဆိတ်၍လျှင်။ ''ကင်း၍လျှင်, လည်းဟူ''။ အကုသလေဟိ၊ ကုန်သော။ ဓမ္မေဟိ၊တို့မှ။ဝိဝိစ္စေဝ၊လျှင်။ (ဧဝသဒ္ဒါကို လိုက်ပါ)။ သဝိတက္ကံ၊ထသော။ သဝိစာရံ၊ ထသော။ ဝိဝေကဇံ၊ နိဝရဏမှ ကင်းခြင်းကြောင့်ဖြစ်သော။နိဝရဏမှကင်းသော သမ္မယုတ်တရား အပေါင်းကြောင့်ဖြစ်ထသောလည်းဟူ။ ပီတိသုခံ၊ ပီတိသုခလည်း ရှိထသော။ပဌမံဈာနံ၊ကို။ ဥပသမ္ပဇ္ဇ၊၍။ ဝိဟရတိ၊ နေ၏။ တဿ ဘိက္ခုနော၊ထိုပဌမဈာန်နှင့်ပြည့်စုံသောရဟန်းအား၊ပုရိမာ ဈာန်၏ရှေ့အဖို့၌ဖြစ်သော။ ဈာန်မရမီရှေ့အဖို့၌ ဖြစ်သောလည်းဟူ'။ ယာ ကာမသညာ၊ အကြောင်းမဖြစ်သေးသော ကာမသညာသည်။ ဥပ္ပဇ္ဇေယျ၊ ၏။ သာကာမသညာ၊ သည်။ နိရုဇ္ဈတိ၊ ၏။ တသ္မိံ သမယေ၊ ထိုပဌမဈာန်ကို ဝင်စားသောအခါ၌။ ဝိဝေကဇံ ပီတိသုခံ သုခုမသစ္စသညာ၊ နိဝရဏမှ ကင်းခြင်းကြောင့်ဖြစ်သော ပီတိသုခနှင့်ယှဉ်သော သိမ်မွေ့စွာသော သညာသည်။ သစ္စာ၊ ထင်ရှားစွာဖြစ်သည်။ ဟုတ္တာ၊ ၍။ ဟောတိ၊ ၏။ (ဝိဝေကဇံ ပီတိသုခံ ဟူသောပုဒ်တို့၌ နိဂ္ဂဟိတ်ကား အာဂုံတည်း။ သုခုမသညာသစ္စာ ဟောတိဟုဆိုအပ်လျက် ပဒဝိပ္ပလ္လာသအားဖြင့် သုခုမသစ္စသညာဟု ဆိုသတည်း။ ထိုကြောင့် အဋ္ဌကထာ၌ ''ဝိဝေကဇံ ပီတိသုခံ သန်ါတာ သုခုမသညာသစ္စာ ဟောတိ''ဟုဆိုသတည်း။ သုခုမသစ္စာဟူ၍ ဆိုအပ်လျက် အာကို အရသဖြူ၍ သုခုမသစ္စဟု ဆိုသတည်း)။ **တနည်းကား**၊ ဝိဝေကဇံ ပီတိသုခံ သုခုမသစ္စသညာ၊ နိဝရဏမှ ကင်းခြင်းကြောင့် ဖြစ်သော ပီတိသုခနှင့်ယှဉ်သော သိမ်မွေ့သော ထင်ရှားစွာ ဖြစ်သော သညာသည်။ ဟောတိ၊ဖြစ်၏။တသ္မိံ သမယေ၊ထိုနိဝရဏမှကင်းခြင်းကြောင့်ဖြစ်သော ပီတိသုခနှင့်ယှဉ်သော သိမ်မွေ့သော ထင်ရှားစွာဖြစ်သော သညာဖြစ်သော အခါ၌။ သောဘိက္ခု၊ ထိုသညာနှင့်ပြည့်စုံသော ရဟန်းသည်။ (ပကတိ ကတ္တားထည့်)။ ဝိဝေကဇံ ပီတိသုခံသုခုမသစ္စသညီယေဝ၊ နိဝရဏမှကင်းခြင်းကြောင့်ဖြစ်သောပီတိသုခနှင့်

http://www.dhammadownload.com

ယှဉ်သော သိမ်မွေသော ထင်ရှားစွာသော သညာရှိသည်လျှင်။ ဟောဟိ၊ ၏။ (နောက်ပုဒ် တို့ဉ်ခလည်း ဤနည်းကိုမှတ်၍ ယောဇနာလေ)။ ဝေဒို၊ ဤပဌမဈာန်ကိုရသော အခြင်းအရာဖြင့်လည်း။ (ဝိသဒ္ဒါဖြင့် ဒုတိယဈာန် အစရှိသည်ကို ရသော အခြင်းအရာကို ပေါင်းသည်)။သိက္ခာ၊ ပြည့်စုံစေခြင်းငှာ ကျင့်အပ်သော။ ကော၊ အချို့သော။ သညာ၊ ပဌမဈာန်နှင့်ယှဉ်သောသညာသည်။ ဥပ္ပဇ္ဇတိ၊ ၏။ သိက္ခာ၊ ချုပ်စေခြင်းငှာ ကျင့်အပ်သော။ ကော၊ သော။ သညာ၊ ကာမသညာသည်။ နိရုဇ္ဈတိ၊၏။ (ဥပ္ပဇ္ဇန္တိ ဟု ဗဟုဝုစ်ဖြင့် အဋ္ဌကထာအလို ပါဠိရှိသင့်၏။ များသော ပါဠိတို့၌ ဥပ္ပဇ္ဇတိ နိရုဇ္ဈတိဟု ကေဝုစ် ဖြင့်သာ ရှိကြသည်)။ ။အယံ ဤပဌမဈာန်နှင့်ယှဉ်သော သညာသည်။ သိက္ခာ၊ သိက္ခာမည်၏။ ဇာတိ၊ သို့။ ဘဂဝါ၊သည်။ ဧတံ ဝစနံ၊ကို။ ပဋ္ဌာဝိဿဇ္ဇနဝသေန၊ ပြဿနာကို ဖြေသည်၏ အစွမ်းအားဖြင့်။ (ကြိယာ ဝိသိသ် ထည့်ပါ)။ အဝေါစ၊ ၏။ ပေါဠိဘာသာ၊ ဒ။ ပုနစပရံ၊ တုံ။ ဘိက္ခု၊ သည်။ ဝိတက္ကဝိစာရာနံ၊ တို့၏။ ဂူပသမာ၊ ကြောင့်။ အဇ္ဈတ္တံ၊ မိမိသန္တာန်၌ ဖြစ်ထသော။ စေတသော၊ စိတ်ကို။ သမ္ပသာဒနံ၊ ကြည်စေတတ်ထသော။ ဧကောဒိဘာဝံ၊ မြတ်သည်ဖြစ်သော သမာဓိကို ပွားစေတတ်ထသော။ အဝိတက္ကံ၊ ဝိတက်မရှိထသော။ အဝိစာရံ၊ သော။ သမာဓိဇံ၊သမ္မယုတ်ဖြစ်သော သမာဓိကြောင့်ဖြစ်ထသော။ "ပဌမဈာန် သမာဓိကြောင့် ဖြစ်ထသော, လည်းဟူ"။ ပီတိသုခံ၊ ပီတိသုခလည်း ရှိထသော။ဒုတိယံဈာနံ၊ကို။ဥပ္ပဇ္ဇမ္ဘု၊၍။ ဝိဟရတိ၊၏။ တဿ ဘိက္ခုနော၊ ထို ဒုတိယဈာန်နှင့် ပြည့်စုံသော ရဟန်း၏။ ဝုရိမာ၊ ဖြစ်သော။ ယာ ဝိဝေကဇံ ပီတိသုခံ သုခုမသဘွသညာ၊ အကြင် နိဝရဏမှ ကင်းခြင်းကြောင့် ဖြစ်သော ပီတိသုခနှင့် ယှဉ်သော ထင်ရှားစွာ ဖြစ်သော သညာသည်။ ဥပ္ပဇ္ဇေယျ၊ ၏။ သာဝိဝေကဇံ ပီတိသုခံ သုခုမသဘွသညာ၊ သည်။ နိရုဇ္ဈတိ၊ ၏။ တသ္မိံသမယေ၊ ထိုဒုတိယဈာန်ကို ဝင်စားသော အခါ၌။ "ထိုဒုတိယ ဈာန်နှင့် ပြည့်စုံသော အခါ၌, လည်းဟူ။ သမာဓိဇံ

http://www.dhammadownload.com

ဝိတိသုခံ သုခုမသစ္စသညာ၊ သမ္မယုတ် ဖြစ်သော သမာဓိကြောင့် ဖြစ်သော ဝိတိသုခနှင့်ယှဉ်သော သမ်မွေသော ထင်စွာဖြစ်သော သညာသည်။ ဟောတိ၊ ဖြစ်၏။ တသ္မိံ သမယေ၊ ထိုသမ္မယုတ် ဖြစ်သောသမာဓိကြောင့်ဖြစ်သော ဝိတိသုခရှိသော သိမ်မွေသော ထင်စွာဖြစ်သော သညာဖြစ်သောအခါ၌။ သောဘိက္ခု၊ ထိုဒုတိယ ဈာန်နှင့် ပြည့်စုံသော ရဟန်းသည်။ သမာဓိဇံ ဝိတိသုခံ သုခုမ သစ္စသညိ ယေဝ၊ သမ္မယုတ်ဖြစ်သော ဝိတိသုခ ရှိသော သိမ်မွေသော ထင်ခသော သညာရှိသည်သော်လျှင်။ ဟောတိ၊ ဖြစ်၏။ ဧဝံဝိဒ္ဓမိနာ အာကာရေန၊ ဖြင့်လည်း။ သိက္ခာ၊ ပြည့်စုံစိမ့်သောငှာ ကျင့်အပ်သော။ ဧကော၊ သော။ သညာ၊ ဒုတိယဈာန်သညာသည်။ ဥပပဇ္ဇတိ၊ ၏။ သိက္ခာ၊ ချုပ်စိမ့်သောငှာ ကျင့်အပ်သော။ သညာ၊ ပဌမဈာန် သညာသည်။ နိရုဇ္ဈတိ၊ ၏။ အယံ၊ ဤဒုတိယဈာန် သညာသည်။ သိက္ခာ၊ မည်၏။ ဒုတိ-ဧတံ ဝစနံ၊ ကို။ ဘဂဝါ၊ သည်။ ပဌမိဿဇ္ဈာနဝသေန၊ ဖြင့်။ အဝေါစ၊ ၏။ ပေါဋ္ဌပါဒ၊ ဒ။ ပုနပရံ၊ တပါးတဖုံ။ ဘိက္ခု၊ရဟန်းသည်။ ဝိတိယာ၊ ဝိတိကို။ ဝိရာဂါစ၊ စက်ဆုပ်ခြင်းကြောင့်လည်း။ ဥပေက္ခကောစ၊ တကြမဏ္ဍတ္ထ၊ ပေက္ခာနှင့်ပြည့်စုံ သည်ဖြစ်၍ လည်းကောင်း။ သတောစ၊ သတိနှင့် ပြည့်စုံသည်ဖြစ်၍လည်းကောင်း။ သမ္မဇာနောစ၊ ပညာနှင့်ပြည့်စုံ သည်ဖြစ်၍ လည်းကောင်း။ ဝိဟရတိ၊ ၏။ သုခဉ္စ၊ ကိုလည်း။ ကာယေန၊ ဖြင့်။ ပဋိသံဝေဒေတိ၊ ခံစား၏။ ယံ ဈာနဟောတု၊ အကြင် တတိယဈာန်ကြောင့်။ တံတတိယဈာန သမဂိပုဂ္ဂလံ၊ ထို တတိယဈာန်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို။ အရိယာ၊ ဘုရားအစ ရှိသော သူတော်ကောင်းတို့သည်။ ဥပေက္ခကော၊ တကြမဏ္ဍတ္ထ၊ ပေက္ခာနှင့် ပြည့်စုံသည်ဖြစ်၍။ သတိမာ၊ သတိနှင့် ပြည့်စုံသည် ဖြစ်၍။သုခဝိဟာရီ၊သုခဝေဒနာကို ခံစား၏။ဤတို၊သို့။ အာစိက္ခန္တိ ပသံသန္တိ၊ ချီးမွမ်းကုန်၏။ တံ တတိယဈာနံ၊ ကို။ ဥပသမ္ပဇ္ဇ၊ ၍။ ဝိဟရတိ၊ ၏။ တသ ဘိက္ခုနော၊ ထိုတတိယဈာန်နှင့် ပြည့်စုံသော ရဟန်းအား။ပုရိမာ၊ရှေ့၌ဖြစ်သော။ယာသမာဓိဇံဝိတိသုခံ သုခုမ

http://www.dhammadownload.com

သစ္စာသညာ၊ အကြင်ပဌမဈာန်သမာဓိကြောင့် ဖြစ်သော ပီတိသုခ ရှိသော သိမ်မွေ့သော ထင်သော သညာသည်။ ဥပဓေယျ၊ ၏။ သာ-သမာဓိဇံပီတိသုခံ သုခုမသစ္စာသညာ၊ သည်။ နိရုဇ္ဈတိ၊ ၏။ (သမာဓိဇံ ပီတိ သုခံဟူသော ပုဒ်တို့၌လည်း နိဂ္ဂဟိတ် အာဂုံတည်း)။ဟသ္မိံ သမယေ၊ထိုတတိယဈာန်ကို ဝင်စားသောအခါ၌။ ဥပေက္ခာ သုခံ သုခုမသစ္စာသညာ၊ တကြွ မဇ္ဈတ္တုပေက္ခာ သုခ ဝေဒနာနှင့် ယှဉ်သော သိမ်မွေ့သော ထင်သော သညာသည်။ ဥပဓေယျတိ၊ ၏။ တသ္မိံ သမယေ၊ ထို တကြွမဇ္ဈတ္တုပေက္ခာ သုခ ဝေဒနာနှင့်ယှဉ်သော သိမ်မွေ့သော ထင်သော သညာဖြစ်သော အခါ၌။ သော ဘိက္ခု၊ ထိုတတိယဈာန်နှင့် ပြည့်စုံသော ပုဂ္ဂိုလ် သည်။ ဥပေက္ခာသုခံ သုခုမသစ္စာသညီ ယေဝ၊ တကြွ မဇ္ဈတ္တုပေက္ခာ သုခဝေဒနာနှင့် ယှဉ်သော သိမ်မွေ့သော ထင်သော သညာသာလျှင်။ ဟောတိ၊ ၏။ ဧဝံပိ-ဇ္ဈာနာ အာကာရေန၊ ဖြင့်လည်း။ သိက္ခာ၊ ပြည့်စုံစိမ့်သောငှာ ကျင့်အပ်သော။ ကော၊အချို့သော။ သညာ၊ တတိယဈာန်သညာသည်။ ဥပဓေတိ၊၏။ သိက္ခာ၊ ချုပ်စေခြင်းငှာ ကျင့်အပ်သော။ကော၊သော။သညာ၊ဒုတိယဈာန် သညာသည်။ နိရုဇ္ဈတိ၊ ၏။ အယံ၊ ဤတတိယဈာန်သည်။သိက္ခာ၊ မည်၏။ဇ္ဈာတိ-ဇ္ဈာဒံဝစနံ၊ ကို။ ဘာဂဝါသည်။ အဝေါစ၊ ၏။ ပေါဋ္ဌပါဒ၊ ဒ။ ပုနစပရံ၊ တုံ။ ဘိက္ခု၊ သည်။ သုခသစ၊ကာယိကသုခကို လည်းကောင်း။ ဒုက္ခသစ၊ ကာယိကဒုက္ခကို လည်းကောင်း။ ပဟာနာ၊ဖယ်ခြင်းကြောင့်။ ပုဗ္ဗဝ၊ရှေးဈာန်၌လျှင်။ သောမနဿ ဒေါမနဿာနံ၊ သောမနဿ ဝေဒနာ ဒေါမနဿ ဝေဒနာတို့၏။ အတ္ထင်္ဂမာ၊ဝိကွဲမှုန်အား ဖြင့်ချုပ်ခြင်းကြောင့်။အဒုက္ခမသုခံ၊ဒုက္ခမှ တပါး သုခမှ တပါးသော် ဥပေက္ခာဝေဒနာနှင့် ယှဉ်ထသော။ ဥပေက္ခာသတိပါရိသုဒ္ဓိံ၊ ဟကြွမဇ္ဈတ္တုပေက္ခာသည် ဖြစ်စေအပ် သော သတိ၏ စင်ခြင်းလည်း ဖြစ်ထသော။ စတုတ္ထံဈာနံ၊ ကို။ ဥပသမ္ပဇ္ဇ၊ ၍။ဝိဟာသိ၊၏။ တဿ ဘိက္ခုနော၊ ထိုစတုတ္ထဈာန်နှင့် ပြည့်စုံသော ရဟန်းအား။ ပုရိမာ၊ သော်။ ယာ ဥပေက္ခာသုခံ

http://www.dhammadownload.com

သုခုမသစ္စသညာ၊ အကြင် တကြိမဇ္ဈတ္တုပေက္ခာ သုခဝေဒနာနှင့် ယှဉ်သော သိမ်မွေသောထင်သော သညာသည်။ ဥပပဇ္ဇေယျ၊ ၏။ သာ-ဥပေက္ခာ သုခံ သုခုမသစ္စသညာ၊သည်။ နိရုဇ္ဈတိ၊ ၏။ တသ္မိံ သမယေ၊ ထိုစတုတ္ထဈာန်ကို ဝင်စားသော အခါ၌။ ယာ-အဒုက္ခ မသုခသုခုမ သစ္စသညာ၊ အကြင် ဒုက္ခမှတပါး သုခမှတပါးသော ဥပေက္ခာဝေဒနာနှင့် ယှဉ်သော သိမ်မွေသော ထင်သော သညာသည်။ ဟောတိ၊ ဖြစ်၏။ တသ္မိံ သမယေ၊ ထိုဒုက္ခမှတပါး သုခမှတပါးသော ဥပေက္ခာ ဝေဒနာနှင့် ယှဉ်သော သိမ်မွေသော ထင်သော သညာဖြစ်သော အခါ၌။ သောဘိက္ခု၊ သည်။ အဒုက္ခ မသုခသုခုမ သစ္စသညီယေဝ၊ ဒုက္ခမှတပါး သုခမှ တပါးသော ဥပေက္ခာဝေဒနာနှင့် ယှဉ်သော သိမ်မွေသော ထင်သော သညာ ရှိသည်သာလျှင်။ ဟောတိ၊ ၏။ ဝေါဝိ-ဇ္ဈမိနာ အာကာရေန၊ ဖြင့်လည်း။ သိက္ခာ၊ သော။ ကော၊ သော။ သညာ၊ စတုတ္ထဈာန် သညာသည်။ ဥပပဇ္ဇတိ၊ ၏။ သိက္ခာ၊ ချုပ်စိမ့်သော့ဌာ ကျင့်အပ်သော။ ကော၊ သော။ သညာ၊ တတိယဈာန် သညာသည်။ နိရုဇ္ဈတိ၊၏။ အယံ၊ ဤစတုတ္ထဈာန် သညာသည်။ သိက္ခာ၊ မည်၏။ ဇ္ဈတိ၊ သို့။ ဘဂဝါ၊ သည်။ အဝေါစ၊၏။ ပေါဋ္ဌပါဒ၊ ဒ။ ပုနစပရံ၊ တုံ။ ဘိက္ခု၊သည်။သမ္မသော၊အချင်းခပ်သိမ်းအား ဖြင့်။ (သမတိက္ကမန္ဒ်စပ်)။ တနည်းကား၊ သမ္မသော၊ အလုံးစုံ ကုန်သော။ (ရူပသညာနံ်ဒ်စပ်)။ ရူပသညာနံ၊ ရုပ်လျှင် အာရုံရှိကုန်သော သညာတို့ကို။ သမတိက္ကမာ၊ လွန်ခြင်းကြောင့်။ ပဋိဃသညာနံ၊ ပဋိဃနှင့် ယှဉ်ကုန်သောသညာတို့၏။ အတ္ထင်္ဂမာ၊ ချုပ်ခြင်းကြောင့်။ နာနတ္တသညာနံ၊ အထူးထူးကုန်သော သညာတို့ကို။ အမနသိကာရာ၊ နှလုံး မပြု ခြင်းကြောင့်။ အာကာသော၊ ကောင်းကင်သည်။ အနန္တော၊ ဥပါဒိ ဒ္ဒိ ဘင် အား ဖြင့် အဝိုင်းအခြား မရှိ။ ဇ္ဈတိ-ဇ္ဈမံ ဘာဝနံ၊ ဤဘာဝနာကို။ ဘာဝေတ္ဝာ၊ ပွါးစေ၍။ (ဘာဒေဝတ္ဆာကား ပါဠိ သေသ တည်း)။ အာကာသာနဉ္စာ ယတနံ၊ အာကာသာနဉ္စာ ယတန ဈာန်ကို။ ဥပသမ္ပဇ္ဇ၊ ၍။ ဝိဟရတိ၊

http://www.dhammadownload.com

၏။ တဿ ဘိက္ခုနော၊ ထို-အာကာသာနဉ္စာယတနဈာန်နှင့် ပြည့်စုံသောရဟန်းအား။ ပုရိမာ၊သော။ ယာသညာ၊ အကြင်ရုပ်လျင်အာရုံရှိသောသညာသည်။ဥပ္ပဇ္ဇေယျ၊၏။သာသညာ၊ သည်။ နိရုဇ္ဈတိ ၏။ တသ္မိံ သမယေ၊ ထိုအာကာသာနဉ္စာယတနဈာန်နှင့် ပြည့်စုံသော အခါ၌။ အာကာသာနဉ္စာယတနသုခုမသစ္စသညာ၊ အာကာသာနဉ္စာယတနဈာန်နှင့်ယှဉ်၍ သိမ်မွေသော ထင်သော သညာသည်။ဟောတိ၊၏။တသ္မိံ သမယေ၊ ထိုအာကာသာနဉ္စာယတနဈာန်နှင့်ယှဉ်သောသိမ်မွေသော ထင်သော သညာဖြစ်သော အခါ၌။ သောဘိက္ခု၊ သည်။ အာကာသာနဉ္စာယတနသုခုမသစ္စသညီယေ၀၊ အာကာသာနဉ္စာယတန ဈာန်နှင့် ယှဉ်သော သိမ်မွေသော ထင်သော သညာရှိသည်သာလျင်။ ဟောတိ၊ ၏။ ဧ၀ံပိ-ဣမိနာအာကာရေန၊ ဖြင့်လည်း။ သိက္ခာ၊ ကျင့်အပ်သော။ ကော၊သော။ သညာအာကာသာနဉ္စာယတနဈာန်နှင့် ယှဉ်သော သို့မ်မွေသောထင်သောသညာသည်။ဥပ္ပဇ္ဇတိ၊၏။ သိက္ခာ၊ သော။ ကော၊ သော။ သညာ၊ ရူပါ၀စရ စတုတ္ထဈာန် သညာသည်။ နိရုဇ္ဈတိ၊ ၏။ အယံ၊ ဤ အာကာသာနဉ္စာယတန ဈာန် သညာသည်လည်း။သိက္ခာ၊မည်၏။ဣတိ-ဣဒံ၀စနံ၊ ကို။ ဘဂ၀ါ၊ သည်။ အ၀ေါစ၊၏။ပေါဋ္ဌပါဒ၊ဒ။ပုနစပရံ၊တုံ။ဘိက္ခု၊သည်။ သမ္မသော၊ အကြွင်း မရှိသော အားဖြင့်။ အာကာသာနဉ္စာယတနံ၊ အာကာသာနဉ္စာယတနဈာန်ကို။ သမ်တိက္ကမ္မ၊ လွန်၍။ ဝိညာဏံ၊ ပဌမဝိညာဉ်သည်။အနန်တံ၊ ဥပါဒိ ဒြ ဘင်အားဖြင့် အဝိုင်းအခြားမရှိ။ ဣတိ-ဣမံဘာ၀နံ၊ ကို။ ဘာ၀ေတွာ၊ ၍။ ဝိညာဏဉ္စာယတနံ၊ ဈာန်ကို။ ဥပသမ္ပဇ္ဇ၊၍။ဝိဟရတိ၊၏။ တဿ ဘိက္ခုနော၊ ထိုဝိညာဏဉ္စာယတနဈာန်နှင့် ပြည့်စုံသောရဟန်းအား။ ပုရိမာ၊ သော။ ယာအာကာသာနဉ္စာယတနသုခုမသစ္စသညာ၊ အကြင်အာကာသာနဉ္စာယတနဈာန်နှင့် ယှဉ်သော သိမ်မွေသော ထင်သော သညာသည်။ ဥပ္ပဇ္ဇေယျ၊၏။ သာအာကာသာနဉ္စာယတန သုခုမသစ္စသညာ၊ သဲ့သည်။ နိရုဇ္ဈတိ၊ ချုပ်၏။ တသ္မိံ သမယေ၊ ထိုဝိညာ

http://www.dhammadownload.com

ဏာဇ္ဈာယတနစျာန်နှင့် ပြည့်စုံသောအခါ၌။ ဝိညာဏာဇ္ဈာယတန သုခုမ သစ္စသညာ၊ ဝိညာဏာဇ္ဈာယတန စျာန်နှင့်ယှဉ်သော သိမ်မွေ့သော ထင်သော သညာသည်။ ဟောတိ၊ ဖြစ်၏။ တသ္မိံ သမယေ၊ ထိုဝိညာဏာဇ္ဈာယတနစျာန်နှင့် ယှဉ်သော သိမ်မွေ့သော ထင်သောသညာဖြစ်သောအခါ၌။ သောဘိက္ခု၊ ထိုရဟန်းသည်။ ဝိညာဏာဇ္ဈာယတန သုခုမ သစ္စသညာယေဝ၊ ဝိညာဏာဇ္ဈာယတန စျာန်နှင့်ယှဉ်သော သိမ်မွေ့သော ထင်သော သညာ ရှိသည်သာလျှင်။ ဟောတိ၊ ၏။ ဧဝံဝိ-ဣမိနာအာကာရေန၊ ဖြင့်လည်း။ သိက္ခာ၊ ပြည့်စုံစေခြင်းငှာ ကျင့်အပ်သော်။ ကော၊ အချို့သော။ သညာ၊ ဝိညာဏာဇ္ဈာယတန စျာန်နှင့် ယှဉ်သော သညာသည်။ ဥပပဇ္ဇတိ၊ ၏။ သိက္ခာ၊ချုပ်စေခြင်းငှာကျင့်အပ်သော။ ကော၊ သော။ သညာ၊ အာကာသာနဉ္စာယတနစျာန်နှင့်ယှဉ်သော သညာသည်။ နိရုဇ္ဈတိ၊ ၏။ အယမ္ပိ၊ ဤဝိညာဏာဇ္ဈာယတနစျာန်နှင့်ယှဉ်သော သညာသည်လည်း။ သိက္ခာ၊ မည်၏။ ဣတိ-ဣဒံဝစနံ၊ကို။ ဘဂဝါ၊ သည်။ အဓိစ္စ၊ ၏။ ပေါဋ္ဌပါဒ၊ဒ။ ပုနစပရံ၊ တုံ။ ဘိက္ခု၊ သည်။ သဗ္ဗသော၊ အကြွင်း မရှိသော အားဖြင့်။ ဝိညာဏာဇ္ဈာယတနံ၊ ဝိညာဏာဇ္ဈာယတနစျာန်ကို။ သမတိက္ကမ္မ၊၍။ နတ္ထိကိဉ္စိတိ၊၍။ အာကိဉ္စညာယတနံ၊ကို။ ဥပသမ္ပဇ္ဇ၊၍။ ဝိဟရတိ၊ ၏။ တသ္မ ဘိက္ခုနော၊ ထိုအာကိဉ္စညာယတနစျာန်နှင့်ပြည့်စုံသော ရဟန်းအား။ ပုရိမာ၊ သော။ ယာ ဝိညာဏာဇ္ဈာယတန သုခုမ သစ္စသညာ၊ အကြင် ဝိညာဏာဇ္ဈာယတန စျာန်နှင့်ယှဉ်သော သိမ်မွေ့သော ထင်သော သညာသည်။ ဥပပဇ္ဇေယျ၊ ရာ၏။ သာဝိညာဏာဇ္ဈာယတန သုခုမ သစ္စသညာ၊ သည်။ နိရုဇ္ဈတိ၊ ၏။ တသ္မိံ သမယေ၊ ထိုအာကိဉ္စညာယတနစျာန်ကို ဝင်စားသောအခါ၌။ အာကိဉ္စညာ ယတန သုခုမ သစ္စသညာ၊ အာကိဉ္စညာယတန စျာန်နှင့် ယှဉ်သော သိမ်မွေ့သော ထင်သော သညာသည်။ ဟောတိ၊ ၏။ တသ္မိံ သမယေ၊ထိုအာကိဉ္စညာယတနစျာန်နှင့် ယှဉ်သော သိမ်မွေ့သော ထင်သောသညာဖြစ်သောအခါ၌။ သောဘိက္ခု၊ ထိုရဟန်းသည်။

http://www.dhammadownload.com

အာကိဉ္စညာယတန သုခုမသစ္စသညီယေဝ၊ အာကိဉ္စညာယတန ဗျာန်နှင့် ယှဉ်သော သိမ်မွေ့သော ထင်သော သညာရှိသည် သာလျှင်။ ဟောတိ၊ ၏။ ဧဝံဝိ-ဣမိနာ အာကာရေန၊ ဤသို့သော အခြင်းအရာဖြင့်လည်း။သိက္ခာ၊ပြည့်စုံစေခြင်းငှာ ကျင့်အပ်သော။ ကော၊ သော။ သညာ၊ အာကိဉ္စညာယတနဗျာန်နှင့် ယှဉ်သော သညာသည်။ဥပ္ပဇ္ဇတိ၊၏။သိက္ခာ၊ချုပ်စေခြင်းငှာ ကျင့်အပ်သော။ ကော၊ သော။ သညာ၊ ဝိညာဏဉ္စာယတနဗျာန်နှင့် ယှဉ်သော သညာသည်။နိရုဇ္ဈတိ၊ချုပ်၏။ အယံ၊ ဤအာကိဉ္စညာယတနဗျာန် နှင့် ယှဉ်သော သညာသည်။ သိက္ခာ၊ သိက္ခာမည်၏။ ဣတိ-ဣဒံ ဝစနံ၊ ကို။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဝေါစ၊ ၏။

၄၁၄။ ပေါဋ္ဌပါဒ၊ဒ။ ယတောယောဘိက္ခု၊သည်။ (ယတောဉ္ဉတောပစ္စည်းပဋ္ဌာနအနက်၌ဖြစ်၏)။ဣဓ၊ ဤငါဘုရားသာသနာတော်၌။သကသညီ၊ မိမိ၏ သညာဟု ဆိုအပ်သော ပဋိပက္ခဗျာန် သညာဖြင့် သညာ ရှိသည်။ ဟောတိ၊ ဖြစ်၏။ သော ဘိက္ခု၊ သည်။ တတော၊ ထိုပဋိပက္ခဗျာန်မှ။ အမုတြ၊ ဤဒုတိယဗျာန်၌။ တတော၊ထိုဒုတိယဗျာန်မှ။အမုတြ၊ ဤတတိယဗျာန်၌။ ဣတိ၊ သို့။ ကာယ တာယသညာယ၊ ထိုထိုသော သညာဖြင့်။ သကသညီ၊ မိမိသညာရှိသည်။ဟုတ္တာ၊၍။ (ပါဋိသေသထည့်ပါ)။ အနုပုဗ္ဗေန၊ အစဉ်အားဖြင့်။ သညဂ္ဂံ၊ သညာ တို့၏ အဆုံး ဖြစ်သော အာကိဉ္စညာယတနဗျာန်သို့။ ဖုသတိ- ပါပုဏာတိ၊ ရောက်၏။ သညဂ္ဂေ၊ သညာတို့၏ အဆုံးဖြစ်သော အာကိဉ္စညာယတန သညာ၌။ ဌိတသ၊ တည်သော။ တဿဘိက္ခုနော၊ ၏။ ဧဝံ ပရိ ဝိတက္ကော၊သည်။ ဟောတိ၊ ၏။ စေတယမာနဿ၊ အဖန်တလဲလဲ လုံ့လပြုသော။ မေ၊ငါအား။ပါဝိယော၊ အထူးသဖြင့်ယုတ်သည်။ ဟောတိ၊ ၏။ အစေတယမာနဿ၊ အဖန်တလဲလဲ လုံ့လမပြုသေးသော့။ မေ၊ ငါ့အား။ သေယျော၊ အထူးသဖြင့်မြတ်သည်။ ဟောတိ၊၏။ ခေါပန၊ စင်စစ်။ အဟ္ဟော၀၊ ငါသည်သာလျှင်။ စေတေယျံ၊ အဖန်တလဲလဲ ဗျာန်ကို ဝင်စားအံ့သောငှာပြုအံ့။အဘိ

http://www.dhammadownload.com

သခ်ၤရေယ္ဆုံ၊ အထက်သမာပတ်အလျှင်ငှာ အားထုတ်အံ့။မေ၊ ၏။ ဣမာသညာစ၊ ဤအာကိဉ္စညာယတန သညာတို့သည်လည်း။ နိရုဇ္ဈယ္ဆုံ၊ ချုပ်ကုန်ရာ၏။ အညာ၊ တပါးကုန်သော။ သြဠာရိကာ၊ ရုန့်ရင်းကုန်သော်။ သညာစ၊ ဘဝင်သညာတို့သည်လည်း။ ဥပပဇ္ဇေယ္ဆုံ၊ ဖြစ်ကုန်ရာ၏။ ယံနူန-ယ္ယဒိပန၊ အကယ်၍။ အဟံ၊ ငါသည်။နစေတေယ္ဆုံ၊ အဖန်တလဲလဲ သမာပတ်ကို ဝင်စားအံ့သောငှာ လုံ့လမပြုမူကား။ နအာဘိသခ်ၤရေယ္ဆုံ၊ အထက်သမာပတ်အလျှင်ငှာအားမထုတ်မူကား။သာဓု၊ကောင်း၏။ (သာဓုကား ပါဠိသေသတည်း)။ ဣတိ-သော ပရိဝိတက္ကော၊ သည်။ ဟောတိ၊ ၏။ သောဘိက္ခု၊ ထိုအာကိဉ္စညာယတနဈာန်နှင့်ပြည့်စုံသော ရဟန်းသည်။ နစေဝ စေတေတိ၊ ဈာန်ကိုအဖန်တလဲလဲ ဝင်စားခြင်းငှာလုံ့လမပြု။ နအာဘိသခ်ၤရောတိ၊ အထက်သမာပတ် အလျှင်ငှာအားမထုတ်။ အစေတယတော၊ အဖန်တလဲလဲ သမာပတ်ကို ဝင်စားခြင်းငှာလုံ့လမပြုထသော်။နအာဘိသခ်ၤရောတော၊အထက်သမာပတ်အလျှင်ငှာအားမထုတ်ထသော်။တဿဘိက္ခုနော၊အား။ တာစေဝသညာ၊ထိုသမာပတ်တို့သည်လည်း။ နိရုဇ္ဈန္တိ၊ ကုန်၏။ သြဠာရိကာ၊ ကုန်သော။ အညာ၊ ကုန်သော။ သညာစ၊ တို့သည်လည်း။ နဥပပဇ္ဇန္တိ၊ ကုန်။သောဘိက္ခု၊သည်။နိရောဓံ၊သို့။ဖုသတိ-ဝိန္ဒတိ၊ ရ၏။ ပေါဋ္ဌပါဒ၊ ဒ။ ဧဝံ၊သို့။ အနုပုဗ္ဗာဘိသညာနိရောဓသမဓာန သမာပတ္တိ၊ အစဉ်အားဖြင့် ပညာသညာတို့၏ ချုပ်ရာဖြစ်သော သမာပတ်သည်။ ဟောတိ၊ ၏။

အမှာ　　အနုပုဗ္ဗာဘိသညာဌ္ဌ အာဘိသဒ္ဓါကား အနက်မရှိ။ ဥပသာရ မျှသာတည်း။ အနုပုဗ္ဗာဘိ သညာနိရောဓ သမဓာနဟူ နိရောဓ သဒ္ဓါ ခြားသည်ကို ပြု၍ ဆိုခြားသော်လည်း သညာသဒ္ဓါနှင့် သမဓာနသဒ္ဓါကို စပ်၍ ယောဇနာအပ်၏။ ထို့ကြောင့် အဋ္ဌကထာဌ္ဌ ''အာဘိတိ ဥပသဂ္ဂမတ္တံ၊ သမဓာနပဒံ နိရောဓပဒေန အနန္တရိကံ ကတွာ ဝုတ္တံ၊ အနုပဋိပါဋိယာ သမဓာနသညာ နိရောဓသမာပတ္တိတိ အယမ္ဟနေတ္ထ

http://www.dhammadownload.com

အတ္ထော''ဟု ဆိုသတည်း။ ။ဤသို့မြတ်စွာဘုရားသည် ပေါဠဒါဒအား နိရောဓသမာပတ် စကားကို ဟောတော်မူပြီး၍ နောင်မှ ပေါဠဒါဒကို နိရောဓသမာပတ် စကား၏ သာသနာတော်မှ တပါးသောအရှင်၌မရှိခြင်းကို ဝန်ခံစေခြင်းငှာ ''တံ ကိံ မညသိ'' အစရှိသောဒေသနာကို မိန့်သတည်း။ ထိုဒေသနာ၏ အတ္ထကား။

* ပေါဠဒါဒ၊ ဒ။ မယာ၊ သည်။ ဝုစ္စမာနံ၊ ဆိုလတ္တံ့သော။ တံဝစနံ၊ ကို။ တ္ဝံ၊ သည်။ ကိံ မညသိ၊ နည်း။ တေ-တယာ၊ သည်။ ဇာတော၊ ဤကာလမှ။ ပုဗ္ဗေ၊ ရှေးသောကာလ၌။ ဧဝရူပါ၊ ဤသို့သဘောရှိသော။ အနုပုဗ္ဗာဘိသညာ နိရောဓသမာပတ္တိ၊ အစဉ်အားဖြင့် ပညာသညာတို့၏ ချုပ်ရာဖြစ်သော သမာပတ်ကို။ သုတပုဗ္ဗာအဝိနံ၊ ကြားဘူးသလော။ ဇာတိ၊ ဤသို့။ ဘဂဝါ၊ သည်။ ပုစ္ဆိ၊ ၏။ ဘန္တေ၊ ရား။ ဧဝံဝစနံ၊ ကို။ မေ မယာ၊ သည်။ နောဟိ သုတပုဗ္ဗံ၊ မကြားစဘူး။ ဘန္တေ၊ ရား။ အဟံ၊ သည်။ ဘဂဝတော၊ ၏။ ဘာသိတံ၊ စကားတော်ကို။ ဧဝံ၊ ဟောတော်မူတိုင်း။ အာဇာနာမိ၊ ၏။ ဇာတိ၊ သို့။ ပေါဠဒါဒေါ၊ သည်။ ဘဂဓန္တံ၊ မြတ်စွာဘုရားကို။ အဝေါစ၊ ၏။ (အာဇာနာမိတိဟု ဇာတိ သဒ္ဒါနှင့်ဆို အပ်လျက် ဇာတိသဒ္ဒါကိုချေ၍ အာဇာနာမိ ဟူ၍ ဆိုလေသတည်း။ ဇာတိသဒ္ဒါနှင့်လည်းပါဠိ၌ရှိသည်ပင် သင့်လျော်တော့သည်)။ ပေါဠဒါဒ၊ ဒ။ ယတော-ယောဘိက္ခု၊ သည်။ ဇာဝေသာသနေ၊ ၌။ သက္ကသညီ၊ မိမိဟုဆိုအပ်သော ပဌမစျာန်သညာဖြင့် သညာရှိသည်။ ဟောတိ၊ ၏။ သောဘိက္ခု၊ သည်။ တတော၊ ထိုပဌမစျာန်မှ။ အမုတြ၊ ဤဒုတိယစျာန်၌။ တတော၊ ထိုဒုတိယစျာန်မှ။ အမုတြ၊ ဤတတိယစျာန်၌။ ဇာတိ၊ သို့။ တာယတာယ နာနာသညာယ၊ ထိုထိုသို့သော သိခြင်းသညာဖြင့်။ သက္ကသညီ၊ မိမိသညာရှိသည်။ ဟုတ္တာ၊ ၍။ (ပါဠိသေသထည့်ပါ)။ အနုပုဗ္ဗေန၊ ဖြင့်။ [(အနက် ရှေ့နှင့်တူပြီ)။ ဤသို့ ပေါဠဒါဒသည် ''နောဟေတံ ဘန္တေ''ဟု ဝန်ခံပြီးသော မြတ်စွာဘုရားသည် ပေါဠဒါဒအား သင်သည် ကောင်းစွာဝန်ခံအပ်၏ဟူ၍ ခွင့်ပြုတော်မူလို၍ ''ဧဝံ ပေါဠဒါဒါတိ'' ဟူသော

http://www.dhammadownload.com

ဒေသနာတော်ကိုမိန့်သတည်း။ထိုဒေသနာ၏ အတ္ထကား။)ပေါဠ
ပါဒ၊ ဒ။ ဧဝံ၊ သင် ဝန်ခံတိုင်းမှန်၏။ တယာ၊ သည်။ တေံဝစနံ၊
ကို။ နသုတပုဗ္ဗံ၊ မကြားဘူးလေ။ ဇုတိ-ဇုဒံ ဝစနံ၊ ကို။ ဘဂဝါ၊
သည်။အဝေါစ၊၏။ **တနည်းကား**၊ပေါဠပါဒ၊ ဒ။ တဝ၊ ၏။ တေံ
ပဋိဇာနာနံ၊ ဤသို့နောဟေတံဘန္တေဟု ဝန်ခံခြင်းသည်။ ဧဝံသာဓု၊
ကောင်း၏။ ဇုတိ-ဇုဒံဝစနံ၊ ကို။ အဝေါစ၊ ၏။

အမှာ　　ဤသို့ မြတ်စွာဘုရားသည် အာကိဉ္စညာယတနဈာန်
ကို သညဂ္ဂဟူ၍ ဟောတော်မူသည် ရှိသော် ပေါဠ
ပါဒအမည်ရှိသောပရိဗိုဇ်သည် မြတ်စွာဘုရားသည် အာကိဉ္စညာ
ယတန သမာပတ်ကို သညဂ္ဂဟူ၍ ဟောတော်မူ၏။ ထိုအာကိဉ္စ
ညာယတန သမာပတ် သာလျှင် သညဂ္ဂ မည်ကောင်းသလော,
ကြွင်းသောသမာပတ်တို့၌လည်း သညဂ္ဂသည် ရှိကောင်းသလော
ဟု အကြံရှိ၍ ထိုအကြောင်းကိုမေးလို၍ ''ကတြေဝနုခေါ'' အစ
ရှိသောပါဠိကို မိန့်သတည်း။ ထိုပါဠိ၏ အတ္ထကား။

ဂဝ၅။ ဘန္တေ၊ ရှင်။ ဘဂဝါသည်။ကတြေဝ၊ တခုသာလျှင်
ဖြစ်သော။သညဂ္ဂံ၊သညာတို့၏အဆုံးကို။''သညဂ္ဂကို,လည်းဟူ''။
ပညပေတိနုခေါ၊ ပညတ်သလော။ ဥဒါဟု၊ ထို့ကြောင့်မဟုတ်မူကား။
ပုထူပိ၊ များစွာလည်း ဖြစ်ကုန်သော။ သညဂ္ဂေ၊ သညဂ္ဂတို့ကို။
ပညပေတိ၊လော။ ဇုတိသို့။ ပေါဠပါဒေါ၊သည်။ ဘဂဝန္တံ၊ ကို။
ပုစ္ဆိ၊ ၏။ (ပေါဠပါဒပရိဗိုဇ်၏ ပုစ္ဆာကို ဖြေတော်မူလို၍ ''ကေမိ
ခေါ။ပ။ ပညပေမိ''ဟူသော ဒေသနာကို မိန့်သတည်း။ ။ထို-
ဒေသနာပါဠိ၏ အတ္ထကား)။ ပေါဠပါဒ၊ ဒ။ အဟံ၊သည်။ **ကေမိ**၊
တပါးသံဝလည်းဖြစ်သော။ သညဂ္ဂံ၊ ကို။ ပညပေမိ၊ ၏။ ပုထူပိ၊
များစွာလည်း ဖြစ်ကုန်သော။ သညဂ္ဂေ၊ တို့ကို။ ပညပေမိ၊ ၏။
ဇုတိ၊သို့။ဘဂဝါ၊သည်။ဝိသဇ္ဇေတိ၊ ဖြေတော်မူ၏။ ဘန္တေ၊ ရှင်း။
ကထံ-ကေနအာကာရေန၊ ဖြင့်။ (ယထာကား အနက်မရှိ နိပါတ်
မျှသာတည်း)။ ဘဂဝါ၊သည်။**ကေမိ**၊ တခုသာလည်း ဖြစ်သော။
သညဂ္ဂံ၊ ကို။ ပညပေတိ၊ နည်း။ ပုထူပိ၊ လည်းဖြစ်ကုန်သော။

http://www.dhammadownload.com

သညျဂွေ၊တို့ကို။ ပညပေတိ၊နည်း။ ဇာတိ သို့။ပေါ့ဋ္ဌပါဒေါ၊ သည်။ ပုဿ်၊၏။ပေါ့ဋ္ဌပါဒ၊ဒ။ ယထာ ယထာ-ယေန ယေန ကာသိဏောန၊ အကြောင်းအကြောင်းကသိဏ်းဖြင့်။ တနည်းကား၊ ယထာ ယထာ ယေန ယေနဈာနေန၊ဖြင့်။နိရောဓံ၊သညာဝျပ်ရာသမာပတ်ကို။ ဖုသတိ-ပါပုဏာတိ၊ ၏။ တထာ တထာ-တေန တေန ကာသိဏောန၊ ဖြင့်။ တနည်းကား၊ တထာ တထာ-တေနတေန ဈာနေန၊ဖြင့်။ အဟံ၊ သည်။ သညဂွံ၊ ကို။ ပညပေမိ၊၏။ ပေါ့ဋ္ဌပါဒ ဒ။ ဧဝံခေါ၊ ဤသို့လျှင်။ အဟံ၊သည်။ ကေမ္မိ၊ သော။ သညဂွံ၊ ကို။ ပညပေမိ၊ ၏။ ပုထုပိ၊ လည်းဖြစ်ကုန်သော။ သညဂွေ၊ တို့ကို။ ပညပေမိ၊ ၏။ ဇာတိ၊ သို့။ ဘဂဝါ၊ သည်။ ဝိဿဇ္ဇေတိ၊ ၏။ ။(အရှင် ဘုရား သညာ ပညာတို့၏ အစဉ်အားဖြင့် ချုပ်ရာဖြစ်သော သမာပတ် သည် ဖြစ်၏ဟုမိန့်တော်မူ၏။ နိရောဓသမာပတ်ကို ဝင်စားသော ရဟန်းအား သညာတည်း ရှေဦးစွာ ဖြစ်သလော, ပညာတည်း ရှေဦးစွာ ဖြစ်သလောဟု မေးလို၍ သညာနုခေါ ဘန္တေ. အစရှိသောပါဠိကို ဆိုသတည်း။ ထိုပါဠိ၏ အတ္ထကား)။

၄၁၆။ ဘန္တေ၊ ရား။ နိရောဓ သမာပဇ္ဇနကာသ၊ နိရောဓ သမာပတ်ကို ဝင်စားသော။ဘိက္ခုနော၊ အား။ (နှစ်ပုဒ်ထည့်ပါ)။ သညာ၊ သည်။ ပဌမံ၊ စွာ။ ဥပ္ပဇ္ဇတိနုခေါ၊ လော။ ပစ္ဆာ၊ မှ။ ဉာဏံ၊သည်။ ဥပ္ပဇ္ဇတိနုခေါ၊လော။ဥဒါဟု၊မူကား။ ဉာဏံ၊ သည်။ ပဌမံ၊စွာ။ ဥပ္ပဇ္ဇတိနုခေါ၊လော။ပစ္ဆာ၊မှ။ သညာ၊ သည်။ဥပ္ပဇ္ဇတိနုခေါ၊ လော။ ဥဒါဟု၊ မူကား။ သညာစ၊ သည်လည်းကောင်း။ ဉာဏဉ္စ၊ သည်လည်းကောင်း။ အပုဗ္ဗံအစရိမံ၊ မရှေးမနှောင်း။ ဥပ္ပဇ္ဇတိနုခေါ၊ ကုန်သလော။ ဇာတိ၊ သို့။ပေါ့ဋ္ဌပါဒေါ၊သည်။ပုဿ်၊ ၏။ပေါ့ဋ္ဌပါဒ၊ဒ။ပဌမံ၊ စွာ။ သညာ၊ အရဟတ္တဖိုလ်နှင့် ယှဉ်သော သညာသည်။ ဥပ္ပဇ္ဇတိ၊ ၏။ ပစ္ဆာ၊ မှ။ ဉာဏံ၊ ပစ္စဝေက္ခဏာဉာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ၏။ သညုပ္ပါဒါစ ပန၊ အရဟတ္တဖိုလ်သညာ ဖြစ်သည်မှ။ ပစ္ဆာ၊ ဌ်။ ဉာဏုပ္ပါဒေါ၊ အရဟတ္တဖိုလ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်၏ ဖြစ်ခြင်းသည်။ ဟောတိ၊၏။ သေဘိက္ခု၊

http://www.dhammadownload.com

သည်။ ဇာဒပွစ္ဆယာ၊ အရှဟတ္တဖိုလ်သည်ာ ဖြစ်ခြင်းကြောင့်။ ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်သည်။ မေ၊ အား။ ဥဒပါဒိ ကိရ၊၏။ ဇာတိဝေံ၊ သို့။ ပဇာနာတိ၊ ၏။ ပေါဋ္ဌပါဒ၊ ဒ။ ယထာ-ယေန ကာရဏေန၊ အကြောင်းကြောင့်။ သညာ၊ သညာသည်။ ပဌမံ၊ စွာ။ ဥပ္ပဇ္ဇတိ၊ ၏။ ပစ္ဆာ၊မှ။ ဉာဏံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ သညုပါဒါစေ ပန္၊ မှ။ပစ္ဆာ၊၌။ဉာဏုပ္ပါဒေါ၊သည်။ဟောတိ၊၏။ ဧတံကာရဏံ၊ ကို။ ဇာမိနာ ပရိယာယေန၊ ဤသို့ ငါဆိုအပ်ပြီးသော အစဉ်ဖြင့်။ ဝေဒိတဗ္ဗံ၊၏။ဇာတိ၊ဤသို့။ဘဂဝါ၊မြတ်စွာဘုရားသည်။ အဝေါစ၊ မိန့်တော်မူ၏။

အမှာ ယခုအခါ၌ ပေါဋ္ဌပါဒ ပရိဗိဇ်သည် ရှာသူတို့၏ ဝက်သည် နုံသာရည်ဖြင့် ရေချိုး၍ မွှေးကြိုင်လှစွာသော နုံသာတို့ဖြင့်လိမ်းကျံ၍ ပန်းတို့ကိုပန်၍ ကြက်သရေရှိသော အိပ်ရာထက်သို့တင်၍အိပ်စေသော်လည်းချမ်းသာကိုမရ။ လျင်စွာထ၍ မစင်ရှိရာ အရပ်သို့သာ လျင်စွာသွား၍ ချမ်းသာရသကဲ့သို့ ထို့အတူ မြတ်စွာဘုရားသည် နူးညံ့သိမ်မွေ့စွာသော လက္ခဏာယာဉ်သုံးပါးတို့သည် နှိပ်စက်အပ်သော အစဉ်အတိုင်း သညာ၏ ချုပ်ခြင်းကိုပြတတ်သော ဒေသနာတည်းဟူသောရေဖြင့် ရေချိုးအပ် လိမ်းကျံအပ် တန်းဆာ ဆင်အပ်သော်လည်း နိရောဓသမာပတ်ဒေသနာ တည်းဟူသော ကျက်သရေရှိသော အိပ်ရာထက်သို့တင်သော်လည်း ထိုတရားဒေသနာ၌ချမ်းသာကို မရသည်ဖြစ်၍ မစင်နှင့်တူသော မိမိအယူကိုသာလျှင် မေးလိုသည်ဖြစ်၍ ''သညာနုခေါ ဘန္တေ ပုရိသဿ အတ္တာ'' အစရှိသော ပါဠိကို မိန့်သတည်း။ ။ထိုပါဠိ၏ အတ္ထကား။

———

http://www.dhammadownload.com

ဘန္တေ၊ ရား။ ပုရိသဿ၊ ၏။ အတ္တာ၊ သည်။ အတ္တဘောသည်။ သညာနုခေါ၊ သညာမည်သလော။ ဥဒါဟု၊ မူကား။ သညာ၊ သည်။ အညာ၊ တပါးလော။ အတ္တာ၊ သည်။ အညော။ လော။ ဇုတိ၊သို့။ဘဂဝန္တံ၊ ကို။ ပုစ္ဆိ၊ ၏။ ။(သမ္မဒညမြတ်စွာဘုရားသည် ပေါဠဒါဒ၏ အလိုကိုယူ၍ဖြေတော်မူသည်ဖြစ်၍ ''ကံပနတွံ''အစ ရှိသော ဒေသနာပါဠိကို မိန့်သတည်း။ ထိုဒေသနာ ပါဠိ၏ အတ္ထကား)။ပေါဠပါဒ၊ဒ။ တွံ၊ သည်။ ကံပန၊ အဘယ်ကိုလျှင်။ အတ္တာနံ၊အတ္တဘောဟူ၍။ပစ္ဆေသိ၊ယုံကြည်သနည်း။ ဇုတိ၊ ဤသို့။ ဘဂဝါ၊ သည်။ ပုစ္ဆိ၊ ၏။ ။(ထိုဘုရားမေးတော်မူသော အခါ၌ ပေါဠဒါဒ ပရိဗိုဇ်သည် နာမ်တရားကို အတ္တဘောဟူ၍ အယူရှိသော်လည်း မြတ်စွာဘုရားသည် တရားဟောခြင်း၌ အလွန်လိမ္မာတော်မူ၏။ ထိုမြတ်စွာဘုရားသည် အစမှလျှင် ငါ၏အယူကို မပျက်စေလင့်ဟု ကြံ၍ မိမိ၏ အယူကို ပယ်တော်မူလိုသည် ဖြစ်၍ ''သြဠာရိကံခေါ''အစရှိသောပါဠိကိုဆိုသတည်း။ထိုပါဠိ၏အတ္ထကား)။ဘန္တေ၊ဘုရား။အဟံ၊သည်။ သြဠာရိကံ၊ရုန့်ရင်းထသော။ ရူပိ°၊ ရုပ်ရှိထသော။ စာတုမဟာဘူတိကံ၊ လေးပါးသောဘုတ်ကြောင့်ဖြစ်သော။ ကမ္မဇကာရဘက္ခံ၊ ကမ္မဇကာရ အာဟာရလျှင် အစာရှိထသော။အတ္တာနံ၊အတ္တဘောကို။ အတ္တာတိ၊ အတ္တဘောဟူ၍။ပစ္ဆေမိ၊၏။ဇုတိ၊ဤသို့။ပေါဠပါဒေါ၊ သည်။ ဘဂဝန္တံ၊ ကို။ အဝေါစ၊ ၏။ ။(ပေါဠပါဒ ပရိဗိုဇ်၏ အယူ၌ အပြစ်ကို ပြတော်မူလို၍ ''သြဠာရိကောစတေ'' အစရှိသော ဒေသနာပါဠိကို မိန့်သတည်း။ ထိုဒေသနာပါဠိ၏ အတ္ထကား)။ ။ပေါဠပါဒ၊ ဒ။ မတေန၊ အလိုအားဖြင့်။ (ထည့်ပါ)။ သြဠာရိကော၊ သော။ ရူပိ၊ ရုပ်ရှိထသော။ စာတုမဟာဘူတိကော၊ လေးပါးသော မဟာဘုတ်ကြောင့် ဖြစ်ထသော။ ကမ္မဇကာရဘက္ခော၊ ကမ္မဇကာရ အာဟာရလျှင် အစာရှိထသော။ အတ္တာ၊ သည်။ (ယဒိ ထည့်ပါ)။ယဒိအာဘဝိဿ၊အံ့။ဧဝံသန္တံ-ဧဝံသန္တေ၊ ဤသို့ဖြစ်သည် ရှိသော်၊ပေါဠပါဒ၊ဒ။တေ၊ ၏။ မတေန၊ အလိုအားဖြင့်။ သညာ၊

http://www.dhammadownload.com

သည်။ အညာဝ၊ တပါးသည်လျှင်။ အဘဝိဿ၊ ဖြစ်ရာ၏။ အတ္တာ၊ သည်။ အညောဝ၊ သည်လျှင်။ အဘဝိဿ၊ ၏။ (ဤအနက်ကား "ဧဝံသန္တေ၊ ဧဝံသန္တေ၊ ဘုမ္မတ္ထေ ဟိ တေ ဥပယောဂဝစနံ" ဟူသော အဋ္ဌကထာပါဠိနှင့် အညီတည်း။ ဧဝံသန္တံ ကို သတ္တမီအနက်၌ ဒုတိယ ဝိဘတ်ကြဉ်၍ ယောဇနာသော အနက်တည်း။ ဘနည်းကား၊ ပေါဠပါဒ၊ ဒ။ တော၊ ၏။ မတ္တေန၊ ဖြင့်။ သြဠာရိကော၊ သော။ ရူပီ၊ သော။ ကဗဠီကာရဘက္ခော၊ သော။ အတ္တာ၊ သည်။ ယဒိ အဘဝိဿ၊ အုံ။ (ဧဝံသန္တေ ထည့်ပါ)။ ဧဝံသန္တေ၊ ဤသို့ဖြစ်သည်ရှိသော်။ ပေါဠပါဒ၊ ဒ။ ဧဝံသန္တံ၊ ဤသို့ဖြစ်သော။ အတ္တာနံ၊ ကို။ အတ္တာတိ၊ ဟူ၍။ ပစ္စတ္တေ၊ ယုံကြည်သော။ တော၊ ၏။ မတ္တေန၊ အားဖြင့်။ သညာ၊ သည်။ အညာဝ၊ သည်လျှင်။ အဘဝိဿ၊ ဖြစ်ရာ၏။ အတ္တာ၊ သည်။ အညောဝ၊ သည်သာလျှင်။ အဘဝိဿ၊ ရာ၏။ (ဤအနက်ကား "ဧဝံသန္တံ အတ္တာနံ ပစ္စတ္တေ တဝါတိ အယံဝါတိ ဇ္ဈေ အဇ္ဈော" ဟူသော အဋ္ဌကထာပါဠိနှင့် အညီတည်း)။ ယသာ-ယေန ကာရဏေန၊ ကြောင့်။ သညာ၊ သည်။ အညာဝ၊ သည်လျှင်။ ဘဝိဿတိ၊ ထို့။ အတ္တာ၊ သည်။ အညောဝ၊ လျှင်။ ဘဝိဿတိ၊ ထို့။ ဧတံ ကာရဏံ၊ ကို။ ဇ္ဈမိနာ ပရိဿာယေန၊ ဤဆိုလတ္တံ့သော အကြောင်းဖြင့်။ ဝေဒိတဗ္ဗံ၊ ၏။ (တဒမိနာ၌ တံသဒ္ဒါကား နိပါတ်သာ အနက်မရှိ။ ဇ္ဈမိနာ၌ ဇ္ဈမသဒ္ဒါကား ဝုစ္စမာနာပေက္ခာတည်း။ ဤဆိုလတ္တံ့သော အကြောင်းတို့သည် အဘယ်နည်းဟူသမေးဖွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ တိဋ္ဌတေဝသာယံ ပေါဠပါဒ" အစရှိသောပါဠိကို မိန့်သတည်း။ ထိုပါဠိ၏ အတ္ထကား)။ ။ပေါဠပါဒ၊ ဒ။ ဟိယသ္မာ၊ ကြောင့်။ သြဠာရိကော၊ သော။ ရူပီ၊ ရုပ်ရှိသော။ စာတုမဟာဘူတိကော၊ ထသော။ကဗဠီကာရဘက္ခော၊ ကဗဠီကာရအာဟာရလျှင် အစာရှိထသော။ အယံအတ္တာ၊ ဤအတ္တဘောသည်။ တိဋ္ဌတေဝ၊ တည်သည်လျှင်တည်း။ နဘိဇ္ဇတေ၊ မပျက်။ (နဘိဇ္ဇတေကား ဧဝံသဒ္ဒါ၏ နိဝတ္တနတ္ထ ထည့်သည်)။ အထ-တသ္မိ ကာလေ၊ ထိုသို့

http://www.dhammadownload.com

အတ္တဘော တည်သောအခါ၌။ ဇ္ဈမဿ ပုရိသဿ၊ ၏။ အညာဝ၊ တပါးသာလျှင် ဖြစ်ကုန်သော။ သညာ၊ တို့သည်။ ဥပပဇ္ဇန်၊ ဖြစ်ကုန်၏။ အညာဝ၊ သာလျှင်ဖြစ်ကုန်သော။ သညာ၊ တို့သည်။ နိရုဇ္ဈန်၊ ၏။ တသ္မာ၊ ကြောင့်။ သညာ၊ သည်။ အညာဝ၊ လျှင်။ အဘဝိဿ၊ဖြစ်ရာ၏။ အတ္တာ၊သည်။ အညောဝ၊လျှင်။အဘဝိဿ၊ ၏။ (ဤသို့ သမ္မန်)။ ပေါဠိပါဒ၊ ဒ။ ယထာ-ယေန ကာရဏေန၊ ကြောင့်။သညာ၊သည်။ အညာဝ၊သည်လျှင်။ ဘဝိဿတိ၊ လတ္တံ့။ အတ္တာ၊သည်။ အညောဝ၊တပါးသည်လျှင်။ ဘဝိဿတိ၊ဖြစ်ရာ၏။ တေံ ကာရဏံ၊ကို။ ဇ္ဈမိနာပရိယာယေန၊ဖြင့်။ ဝေဒိတဗ္ဗံ၊၏။ ဇ္ဈတိ-တေံဝစနံ၊ ကို။ ဘဂဝါ၊ သည်။ အဝေါစ၊ ၏။

အမှာ အတ္တဟူသည် ပညတ်တည်း။ ထိုပညတ် ဖြစ်သော အတ္တဘောသည် တည်သည် သာတည်း။ သညာ ဟူသည် ပရမတ္ထတည်း။ ထို ပရမတ္ထ ဖြစ်သော သညာသည် ဥပါဒ်လည်း ဥပါဒ်၏။ ချုပ်လည်း ချုပ်၏။ ထိုကြောင့် သညာ အခြား အတ္တဘောအခြားဖြစ်လတ္တံ့ဟူလိုသည်။ ''တိဋ္ဌတေဝါယံ'' ဟူ၍ လည်းကောင်း ပါဌ်ရှိ၏။ ''တိဋ္ဌတေဝ အယံ''ဟူ၍ ပုဒ်ဖြတ်လေ။ တိဋ္ဌတေဝသာယံ'' ဟူ၍လည်း အဋ္ဌိပါဌ်ရှိ၏။ ထိုပါဌ်သည် မကောင်း။ လေးပါးကုန်သော ခန္ဓာတို့၏ ကေ့ပ္ပါဒ ကေနိရောဓ ဖြစ်သည်၏အဖြစ်ကြောင့် အကြင်သညာသည်ဖြစ်၏။ ထိုဖြစ်သော သညာသာလျှင် ချုပ်၏ရှင့်။ ထိုသို့ချုပ်သော်လည်း အဆက်ဆက် ဖြစ်သည်ကို စွဲ၍ ''သညာဝ သညာ ဥပပဇ္ဇန်၊ အတ္တာ နိရုဇ္ဈန်၊''ဟု ဟောတော်မူသတည်း။ ထိုကြောင့် အဋ္ဌကထာဌ် ''စတုန္နံ ခန္ဓာနံ ကေ့ပ္ပါဒေကနိရောဓတ္တာ ကိဉ္စာပိ ယာ သညာ ဥပပဇ္ဇတိ သာဝ နိရုဇ္ဈတိ၊ အပရာပရံ ဥပါဒါယ ပန သညာစ သညာ ဥပပဇ္ဇန်၊ အညာ နိရုဇ္ဈန်တိ ဝုတ္တံ''ဟု အဋ္ဌကထာ ဆရာဆိုတော် မူလေသတည်း။ ။ယခုအခါ၌ တပါးသော အယူကို ပြလိုသည်ဖြစ်၍ ''မနောမယံ'' အစရှိသော ပါဌ်ကို မိန့်သတည်း။။ ထိုပါဌ်၏ အတ္ထကား။

http://www.dhammadownload.com

၄၁၀။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ သည်။ မနောမယံ၊ စိတ်ဖြင့်ပြီးထသော။ သမ္မင်္ပစ္စက္ခိံ၊ အလုံးစုံသော အင်္ဂါကြီးငယ်နှင့် ပြည့်စုံထသော။ အဟီနိန္ဒြိယံ၊ မယုတ်သော ဇရန္ဒြေ ရှိထသော။ အတ္တာနံ၊ အတ္တဘောကို။ အတ္တာတိ၊ အတ္တဘောဟူ၍။ ပစ္စေမိ၊ ၏။ ပေါဋ္ဌပါဒ၊ ဒ။ တေ၊ ၏။ မတေန၊ အလိုအားဖြင့်။ မနောမယော၊ ဈာန်စိတ်ဖြင့်ပြီးသော။ သမ္မင်္ပစ္စက္ခိံ၊ အလုံးစုံသော အင်္ဂါကြီးငယ်နှင့် ပြည့်စုံထသော။ အဟီနိန္ဒြိယော၊ မယုတ်သော ဇရန္ဒြေရှိထသော။ အတ္တာ၊ သည်။ (ယဒိ ထည့်ပါ)။ ယဒိ အဘာဝိသ၊ အကယ်၍ ဖြစ်အံ့။ ဧဝံသန္တံ-ဧဝံသန္တေ၊ ဤသို့ ဖြစ်သည်ရှိသော်။ ပေါဋ္ဌပါဒ၊ ဒ။ ဘေ၊ ၏။ မတေန၊ ဖြင့်။ သညာ၊ သည်။ သညာဝ၊ သည်လည်း။ ဘဝိဿတိ၊ လတ္တံ့။ အတ္တာ၊ သည်။ အညော၊ လျင်။ ဘဝိဿတိ၊ လတ္တံ့။ **တနည်းကား**၊ ပေါဋ္ဌပါဒ၊ ဒ။ တေ၊ ၏။ မတေန၊ ဖြင့်။ မနောမယော၊ သော။ သမ္မင်္ပစ္စက္ခိံ၊ သော။ အဟီနိန္ဒြိယော၊ သော။ အတ္တာ၊ သည်။ ယဒိ အဘာဝိသ၊ အံ့။ (ဧဝံသန္တေပိ ထည့်ပါ)။ ဧဝံသန္တေပိ၊ သော်လည်း။ ပေါဋ္ဌပါဒ၊ ဒ။ ဧဝံသန္တံ၊ ဤသို့ဖြစ်သော။ အတ္တာနံ၊ ကို။ အတ္တာတိ၊ အတ္တဘောဟူ၍။ ပစ္စတော၊ ယုံကြည်သော။ တေ၊ သင်၏။ မတေန၊ ဖြင့်။ သညာ၊ သည်။ အညော၊ လျင်။ ဘဝိဿတိ၊ လတ္တံ့။ အတ္တာ၊ သည်။ အညော၊ သည်သာလျင်။ ဘဝိဿတိ၊ လတ္တံ့။ ယထာ-ယေန ကာရဏေန၊ ကြောင့်။ သညာ၊ သည်။ အညော၊ လျင်။ ဘဝိဿတိ၊ လတ္တံ့။ အတ္တာ၊ သည်။ အညော၊ သည်လျင်။ ဘဝိဿတိ၊ လတ္တံ့။ ဧတံကာရဏံ၊ ကို။ ဇရမိနာ ပရိယာယေန၊ ဖြင့်။ ဝေဒိတဗ္ဗံ၊ ၏။ (တဒမိနာဒ္ဓ တံကား နိပါတ်တည်း)။ ပေါဋ္ဌပါဒ၊ ဒ။ ဟိယသ္မာ၊ ကြောင့်။ မနောမယော၊ သော။ သမ္မင်္ပစ္စက္ခိံ၊ ထသော။ အဟီနိန္ဒြိယော၊ ထသော။ အယံအတ္တာ၊ သည်။ တိဋ္ဌတော၊ တည်သလျင် ကတည်း။ အထတသ္မိံကာလေ၊ ထို အခါ၌။ ဇရမသ ပုရိသဿ၊ ၏။ အညော၊ တပါးသောလျင် ဖြစ်ကုန်သော။ သညာ၊ တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ အညော၊ ကုန်သော။ သညာ၊ တို့သည်။ နိရုဇ္ဈန္တိ၊ ကုန်၏။ တသ္မာ၊ ကြောင့်။ သညာ၊ သည်။

http://www.dhammadownload.com

အညာဝ၊ သည်သာလျှင်။ အဘိဝိဿ၊ ၏။ အတ္တာ၊ သည်။ အညောဝ၊သည်သာလျှင်။အဘိဝိဿ၊၏။ (ဤသို့သမ္မန်။ ဤမိနာဝိ ခေါ်။ပ။ အညော အတ္တာတိဟူသော ပါဠိကား အနက် တူပြီ)။ ဤတိ ဤဒံဝစနံ၊ ကို။ ဘဂဝါ၊ သည်။ အဝေါစ၊ ၏။ (ဤဒုတိယ နည်းဖွင့် ရူပါဝစရ ဗြဟ္မာ၏အဖြစ်ကို အတ္တဘောဟု ယူသတည်း။ ပဌမနည်းဖွင့်ကား ကာမာဝစရ ဖြစ်သော ကိုယ်၏ အဖြစ်ကို အတ္တဘောဟု ယူသတည်း)။

၄၁၉။ ဘန္တေ၊ရား။အဟံ၊ သည်။ အရူပိ၊ရုပ်မရှိသော။ သညာမယံ၊ သညာကြောင့် ဖြစ်သော။ အတ္တာနံ၊ အတ္တဘောကို။ အတ္တာတိ၊အတ္တဘောဟူ၍။ ပစ္စေမိ၊ယုံကြည်၏။ ဤတိဤဒံဝစနံ၊ကို။ ပေါင်္ဂပါဒေါ၊ သည်။ အဝေါစ၊ ၏။ ပေါင်္ဂပါဒ၊ ဒ။ တော၊ သင်၏။ မတေန၊ အားဖြင့်။ အရူပိ၊ ရုပ်မရှိသော။ သညာမယော၊ သညာကြောင့်ဖြစ်သော။အတ္တာ၊သည်။(ယဒိထည့်ပါ)။ယဒိ အဘိဝိဿ၊ အံ့။ဝေသန္တမို့·ဝေသန္တေပါ၊ဤသို့ဖြစ်သော်လည်း။ပေါင်္ဂပါဒ၊ပေါင်္ဂပါဒ၊ တော၊သင်၏။ မတေန၊အလိုအားဖြင့်။ သညာ၊သညာသည်။ အညာဝ၊ သည်လျှင်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ အတ္တာ၊ သည်။ အညောဝ၊ သည်လျှင်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ပေါင်္ဂပါဒ၊ ပေါင်္ဂပါဒ။ ယထာ-ယေနကာရဏေန၊ ကြောင့်။ သညာ၊ သည်။ အညာဝ၊ သည်လျှင်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ အတ္တာ၊ သည်။ အညော ဝ၊ တပါးသည်လျှင်။ ဘဝိဿတိ၊ လတ္တံ့။ တေံ ကာရဏံ၊ ထိုအကြောင်းကို။ ဤမိနာ ပရိယာယေနာပိ၊ ဤ ဆိုလတ္တံ့သော အကြောင်းဖြင့်လည်း။ ဝေဒိတမ္ဗံ၊ သိအပ်၏။ (ဤဆိုလတ္တံ့သော အကြောင်းဟူသည် အဘယ်နည်းဟု သူမေးမြန်းရှိ၍ ထိုအမေးကို ဖြေခြင်းငှာ ''တိဋ္ဌတေဝ'' အစရှိသော ပါဠိကို မိန့်သတည်း။ ထိုပါဠိ၏အတ္ထကား)။ ။ပေါင်္ဂပါဒ၊ ဒ။ ဟိယသ္မာ၊ကြောင့်။အရူပိ၊ သော။ သညာမယော၊ သော။ အယံ အတ္တာ၊ သည်။ တိဋ္ဌတေဝ၊ တည်း။ အထတသ္မိံကာလေ၊ ထိုအတ္တဘော တည်သော အခါ၌။ ဤမဿပုရိသဿ၊ ၏။ အညာဝ၊ တပါးသာလျှင် ဖြစ်ကုန်သော။

http://www.dhammadownload.com

သည်၁၊ တို့သည်။ ဥပပဇ္ဇန္တိ၊ကုန်၏။ အညာဝ၊ ကုန်သော။ သည်၁၊ တို့သည်။ နိရုဇ္ဈန္တိ၊ ကုန်၏။ တသ္မာ၊ ကြောင့်။ သည်၁၊ သည်။ အညာဝ၊သည်လျှင်။ အဘဝိဿ၊၏။ အတ္ထာ၊ သည်။ အညောဝ၊ သည်လျှင်။ အဘဝိဿ၊ အံ့။ (ဤသို့ သမ္မန်)။ ယထာ-ယေန ကာရဏေန၊ ကြောင့်။ သည်၁၊ သည်။ အညာဝ၊ သည်လျှင်။ ဘဝိဿတိ၊ လတ္တံ့။ အတ္ထာ၊ သည်။ အညောဝ၊ သည်လျှင်။ ဘဝိဿတိ၊ လတ္တံ့။ တေံကာရဏံ၊ ဤအကြောင်းကို။ ဇ္ဈမိနာ ပရိယာယေနာပိ၊ ဤဆိုအပ်ပြီးသော အကြောင်းဖြင့်လည်း။ ဝေဒိတဗ္ဗံ၊ ၏။ ဧကံဝစနံ၊ ဤစကားကို။ ဘဂဝါ၊ သည်။ အဝေါစ၊ ၏။ (ဤတတိယနည်း၌ကား အရှုပဗြဟ္မာ ဖြစ်သော ကိုယ်၏အဖြစ်ကို အတ္တဘောဟုယူ၍ ဆိုသတည်း)။ ။ထို့နောင်မှ ပေါဌပါဒအမည် ရှိသော ပရိဗိဇ်သည် မိစ္ဆာအယူ၏ နှိပ်စက်အပ်သည်၏ အဖြစ် ကြောင့် မြတ်စွာဘုရားသည် ထိုသို့ဟောတော်မူအပ်သော်လည်း ထိုသို့သော တရားအထူးကို မသိသည်ဖြစ်၍ ''သတ္ထာ ပနေတံ ဘန္တေ''အစရှိသော ပါဠိကို ဆိုသတည်း။ထိုပါဠိ၏ အတ္ထကထး)။

၄၂၀။ ဘန္တေ၊ ရား။ ပုရိသဿ၊၏။ အညောဝ၊ သည်လျှင်။ အတ္တာ၊ အတ္တဇောတည်း။ ဇ္ဈတိဝါ၊ သို့လည်းကောင်း။ အတ္တာ၊ သည်။ အညော၊ တပါးတည်း။ ဇ္ဈတိဝါ၊ ဤသို့ လည်းကောင်း။ တေံ-နာနတ္တံ၊ ဤအထူးကို။ မယာ၊ အကျွန်ုပ်သည်။ ဥတ္တံ၊ သိခြင်း ငှာ။သတ္ထာပန၊တတ်ကောင်းအံ့လော။ဇ္ဈတိ၊ဤသို့။ ပေါဌပါဒေါ၊ ပေါဌပါဒသည်။ အဝေါစ၊ လျှောက်၏။ ပေါဌပါဒ၊ ဒ။ အညဒိဋ္ဌိ ကေန၊ သာသနာတော်မှ တပါးသော အယူရှိသော။ အညခန္တိ ကေန၊ သာသနာတော်မှ တပါးသော နှစ်သက်ခြင်း ရှိထသော။ အညရုစိတေန၊ သာသနာတော်မှ တပါးသော အလိုဆန္ဒ ရှိထ သော။ အညတြ၊ သာသနာတော်မှ တပါး၌။ အာရောဧန၊ ပြင်းစွာသော လုံ့လပြုခြင်းရှိထသော။ အညတြ၊ သာသနာတော် မှ တပါးသော တိတ္ထိတို့၏ နေရာ၌။ အာစရိယကေန၊ ဆရာရှိ

http://www.dhammadownload.com

ထသော။ တယာ၊သည်။ ပုရိသဿ၊ ၏။ သညာ၊ သည်။ အတ္တာ၊ တည်း။ ဇာတိဝါ၊ သို့လည်းကောင်း။ သညာ၊ သည်။ အညာဝ၊ လျှင်တည်း။ အတ္တာ၊ သည်။ အညော၊ တည်း။ တေ-နာနတ္တံ၊ ဤသို့သောအထူးကို။ ဒုဇ္ဈာနံခေါ၊ သိနိုင်ခဲသလျှင်ကတည်း။ ဇာတိ-ဇာဒံဝစနံ၊ ကို။ ဘဂဝါ၊သည်။ အဝေါစ၊၏။ ဘန္တေ၊ ရား။ အညဒိဋ္ဌိ ကေန၊ ထသော။ အညခန္တိကေန၊ ထသော။ အညရုစိကေန၊ ထသော။ အညတြ၊ သာသနာတော်မှ တပါးသော အရာ၌။ အာယောဂေန၊ ပြင်းစွာလုံ့လပြုထသော။ အညတြ၊ သာသနာ တော်မှ တပါးသာဖြစ်သော တိတ္ထိတို့နေရာ၌။ အာစရိယကေန၊ ဆရာရှိထသော။ မယာ၊ သည်။ ပုရိသဿ၊ ၏။ သညာ၊ သည်။ အတ္တာ၊တည်း။ ဇာတိဝါ၊ သို့လည်းကောင်း။ သညာ၊ သည်။ အညာဝ၊ လျှင်တည်း။ အတ္တာ၊ သည်။ အညော၊ လျှင်တည်း။ တေ နာနတ္တံ၊ကို။ သစေဒုဇ္ဈာနံ၊ အကယ်၍ သိနိုင်ခဲသည်ဖြစ်အံ့။ ဇာတိ-ဧဝံဒုဇ္ဈာနော၊ ဤသို့ သိနိုင်ခဲသည် ရှိသော်။ ဘန္တေ၊ အရှင်ဘုရား။ လောကော၊ အတ္တဘောသည်။ သဿတော၊ မြဲသလော။ ဇာဒမေဝ၊ ဤအရှင် ဂေါတမစကားသာလျှင်။ သစ္စံ-ကိမ္မန၊ မှန်သလော။ အညံ၊ တပါးသော သူတို့၏ စကားသည်။ မောဃံကိမ္မန၊ အချည်းနှီးလော။ ဇာတိ၊ ဤသို့။ ပေါဋ္ဌပါဒေါ၊ ပေါဋ္ဌပါဒသည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ပုစ္ဆိ၊ ၏။ ပေါဋ္ဌ ပါဒ၊ဒ။ လောကော၊ အတ္တဘောသည်။ သဿတော၊ ၏။ ဇာဒမေဝ၊ ဤငါ၏စကားသာလျှင်။ သစ္စံ၊ ၏။ အညံ၊ တပါးသောသူတို့၏ စကားသည်။ မောဃံ၊ အချည်းနှီးတည်း။ ဇာတိ၊ ဤသို့။ တေံဝစနံ၊ကို။ မယာ၊သည်။ အဗျာကတံ၊ မဆိုအပ်။ "မကြွားအပ်, လည်းဟူ"။ (မဟောအပ်, လည်းပေး)။ ဘန္တေ၊ အရှင်ဘုရား။ လောကော၊ သည်။ အဿသတောကိမ္မန၊မမြဲသလော။ ဇာဒမေဝ၊ ဤအရှင်ဂေါ တမစကားသည်သာလျှင်။ သစ္စံကိမ္မန၊လော။ အညံ၊သည်။ မောဃံ ကိမ္မန၊ လော။ ဇာတိ၊ဤသို့။ ပေါဋ္ဌပါဒေါ၊သည်။ ပုစ္ဆိ၊ ၏။ ပေါဋ္ဌ ပါဒ၊ ဒ။ လောကော၊ အတ္တဘောသည်။ အသဿတော၊ မြဲ။

http://www.dhammadownload.com

ဣဒမေဝ၊ ဤငါ၏စကားသာလျှင်။ သစ္စံ၏။ အညံ၊ သည်။ မောဃံ အချည်းနှီးတည်း။ တေ ဝစနံ၊ ကို။ မယာ၊ သည်။ အဗျာကတံ မဟောအပ်။ ဣတိ၊ သို့။ ဘဂဝါ၊ သည်။ အဝေါစ၊ ၏။ ဘဒ္ဒန္တေ၊ ရားလောကော၊ အတ္ထဘောသည်။ အန္တဝါကိမ္မန၊ အဆုံးရှိသလော ပ။ လောကော၊ သည်။ အနန္တဝါကိမ္မန၊ အဆုံးမရှိသလော။ တံ ဇီဝံ တံ၊ သည်။ ဇီဝံ၊ ဇီဝမည်၏။ တံ၊ ထိုဇီဝ မည်သောတရား သဘောသည်။ သာရီရံကိမ္မန၊ ကိုယ်မည်သလော။ ဇီဝံ၊ သည်၊ အညံကိမ္မန၊ လော။ သာရီရံ၊ သည်။ အညံကိမ္မန၊ လော။ တထာဂတော၊ သတ္တဝါသည်။ ပရမ္မရဏာ၊ စုတိစိတ်၏ အထက်၌၊ ဟောတိကိမ္မန၊ လော။ တထာဂတော၊ သည်။ ပရမ္မရဏာ၊ ၌၊ နဟောတိကိမ္မန၊ မဖြစ်သလော။ တထာဂတော၊ သည်။ ပရမ္မရဏာ၊ ၌။ ဟောတိကိမ္မန၊ ဖြစ်လည်း ဖြစ်သလော။ နဟောတိ စကိမ္မန၊ မဖြစ်လည်း မဖြစ်သလော။ တထာဂတော၊ သည်။ ပရမ္မရဏာ၊ ၌။ နေဝ ဟောတိ ကိမ္မန၊ မဖြစ်သလော။ နနဟောတိ ကိမ္မန၊ မဖြစ်သည်လည်း မဟုတ်သလော။ ဣဒမေဝ၊ ဤသင်၏ စကားသာလျှင်။ သစ္စံကိမ္မန၊ မှန်သည် မဟုတ်သလော။ အညံ၊ တုပါးသည်။ မောဃံကိမ္မန၊ လော။ ဣတိ၊ ဤသို့။ ပေါဋ္ဌပါဒေါ၊ သည်။ ပုစ္ဆိ၊ ၏။ ပေါဋ္ဌပါဒ၊ ဒ။ တထာဂတော၊ သည်။ ပရမ္မရဏာ၊ ၌။ နေဝဟောတိ၊ မဖြစ်။ နနဟောတိ၊ မဖြစ် သည်လည်း မဟုတ်။ ဣဒမေဝ၊ ဤငါ၏စကားသာလျှင်။ သစ္စံ၊ မှန်၏။ အညံ၊ သည်။ မောဃံ၊ တည်း။ ဟေံကာရဏံ၊ကို။ ဝေံ၊သို့။ မယာ၊ သည်။ အဗျာကတံ၊မကြားအပ်။ ဣတိ၊သို့။ ဘဂဝါ၊ သည်။ အဝေါစ၊ ၏။ ဘဒ္ဒန္တေ၊ဘုရား။ ကသ္မာ၊ ကြောင့်။ တေ ဝစနံ၊ ကို။ ဘဂဝတာ၊ သည်။ အဗျာကတံမန၊ မကြားအပ်သနည်း။ ဣတိ၊ သို့။ ပေါဋ္ဌပါဒေါ၊သည်။ပုစ္ဆိ ၏။ပေါဋ္ဌပါဒ၊ဒ။တေံဝစနံ၊ သည်။ ဟိယသ္မာ၊ ကြောင့်။ အတ္ထသံဟိတံ၊ ပစ္စုပ္ပန်ဘဝ၌ ဖြစ်သော အကျိုးစီးပွါး ဘဝလွန် ဘဝ၌ ဖြစ်သော အကျိုးစီးပွါးကို မှီ၍ ဖြစ်သည်။ တနည်းကား၊ မိမိအကျိုးစီးပွါး သူတပါးတို့၏ အကျိုးစီးပွါးကို

http://www.dhammadownload.com

မှီ၍ဖြစ်သည်။ နဟောတိ၊ မဖြစ်။ ဓမ္မသံဟိတံ၊ ကိုးပါးသော လောကုတ္တရာ တရားကို မှီ၍ ဖြစ်သည်။ နဟောတိ၊ ဖြစ်။ အာဒိ ဗြဟ္မစရိယကံ၊ သိက္ခာသုံးပါးအပေါင်းဟူဆိုအပ်သော သာသနာတော်တည်းဟူသော အကျင့်အစဉ်သည်။ နဟောတိ၊မဖြစ်။ နိဗ္ဗိဒါယ၊ သံသ ဂဝဋ္ဋဒုက္ခကြီးဖွေခြင်းငှာ။နသံဝတ္တတိ၊ မဖြစ်။ဝိရာဂါယ၊ ဝဋ်ဆင်းရဲ၌ တပ်ခြင်း ကင်းခြင်းငှာ။ နသံဝတ္တတိ၊ မဖြစ်။ နိရောဓာယ၊ ဝဋ်ဆင်းရဲချုပ်ခြင်းငှာ။ နသံဝတ္တတိ၊ ဖြစ်။ ဥပသမာယ၊ ဝဋ်ဆင်းရဲငြိမ်းခြင်းငှာ။နသံဝတ္တတိ ဖြစ်။အဘိညာယ၊ ဝဋ်ဆင်းရဲကို မျက်မှောက်သိခြင်းငှာ။ နသံဝတ္တတိ၊ မဖြစ်။ သမ္ဗောဓာယ၊ ဝဋ်ဆင်းရဲကို မဖောက်မပြန်သိခြင်းငှာ။ နသံဝတ္တတိ၊ဖြစ်။ နိဗ္ဗာနာယ၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်းငှာ။နသံဝတ္တတိ၊ ဖြစ်။ တသ္မာ၊ ကြောင့်။ တံဝစနံ၊ ကို။ မယာ၊ သည်။ အဗျာကတံ၊ မဟောအပ်။ ''မဖြေအပ်, လှည်းဟူ''။ ဣတိ ဧတံ ဝစနံ၊ ကို။ ဘဂဝါ၊ သည်။ အဝေါစ၊၏။ဘန္တေ၊ရား။ ကိမ္မူန၊ အဘယ်စကားကို။ ဘဂဝတာ၊ သည်။ဗျာကတံ၊ကြားအပ်သနည်း။ ဣတိ၊သို့။ပေါဋ္ဌပါဒေါ၊သည်။ ဘဂဝန္တံ၊ကို။ပုစ္ဆိ၊၏။ ပေါဋ္ဌပါဒ၊ ဒ။ဣဒံဓမ္မဇာတံ၊ သည်။ ဒုက္ခံ၊ ဒုက္ခတည်း။ဣတိ၊သို့။မယာ၊ သည်။ ဗျာကတံ၊ ဖြေအပ်၏။ အယံဓမ္မော၊ ဤ တဏှာ တရားသည်။ ဒုက္ခ သမုဒယော၊ ဒုက္ခ၏ အကြောင်းတည်း။ ဣတိခေါ၊ သို့။ ပေါဋ္ဌပါဒ၊ဒ။ မယာ၊ သည်။ ဗျာကတံ၊၏။အယံဓမ္မော၊ ဤနိဗ္ဗာန်တရားသည်။ ဒုက္ခနိရောဓော၊ ဒုက္ခ၏ ချုပ်ရာတည်း။ ဣတိခေါ၊ သို့။ ပေါဋ္ဌပါဒ၊ဒ။ မယာ၊သည်။ ဗျာကတံ၊၏။အယံဓမ္မော၊ ဤအရိယမဂ်တရားသည်။ ဒုက္ခနိရောဓဂါမိနီ၊ ဒုက္ခ၏ ချုပ်ရာ နိရောဓသစ္စာသို့ ရောက်စေတတ်သော။ ပဋိပဒါ၊ အကျင့်တည်း။ဣတိခေါ၊သို့။ပေါဋ္ဌပါဒ၊ဒ။ မယာ၊သည်။ ဗျာကတံ၊၏။ ဣတိ၊သို့။ဘဂဝါ၊သည်။အဝေါစ၊၏။ဘန္တေ၊ ရား။ ကသ္မာ၊ ကြောင့်။ ဧတံ စတုသစ္စံ၊ ဤလေးပါးသော သစ္စာကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဗျာကတံပန၊ နည်း။ ဣတိ၊ သို့။ ပုစ္ဆိ၊ ၏။ ပေါဋ္ဌပါဒ၊ ဒ။ ဧတံ စတုသစ္စံ၊ သည်။ အတ္ထသံဟိတံ၊

http://www.dhammadownload.com

ပစ္စုပ္ပန်ဘဝင်္ဖြစ်သောအကျိုးစီးပွါး တမလွန်၌ဖြစ်သောအကျိုး စီးပွါးကိုမှီ၍ဖြစ်၏။ **တနည်းကား**၊ မိမိအကျိုးစီးပွါး သူတပါးတို့၏ အကျိုးစီးပွါးကိုမှီ၍ ဖြစ်၏။ တံစတုသစ္စံ၊ သည်။ ဓမ္မသံဟိတံ၊ ကိုးပါးသော လောကုတ္တရာ တရားကိုမှီ၍ ဖြစ်၏။ တံ စတုသစ္စံ၊ သည်။ အာဒိ မြဟ္မစရိယကံ၊ သိကွာ သုံးပါးဟု ဆိုအပ်သော သာသနာတော်တည်းဟူသော မြတ်သော အကျင့်၏ အစဖြစ်၏။ တံစတုသစ္စံ၊ သည်။ နိဗ္ဗိဒါယ၊ သံသရာဝဋ်၌ ငြီးငွေ့ခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။ ဝိရာဂါယ၊ ဝဋ်ဆင်းရဲ၌ တပ်ခြင်းကင်းခြင်းငှာ။ သံဝတ္တတိ၊ ၏။ နိရောဓာယ၊ ဝဋ်ဆင်းရဲချုပ်ခြင်းငှာ။ သံဝတ္တတိ၊ ၏။ ဥပသမာယ၊ ဝဋ်ဆင်းရဲငြိမ်းခြင်းငှာ။ သံဝတ္တတိ၊ ၏။ အဘိညာယ၊ ဝဋ်ဆင်းရဲကိုပိုင်းခြား၍ သိခြင်းငှာ။ သံဝတ္တတိ၊ ၏။ သမ္မောဓာယ၊ ဝဋ်ဆင်းရဲကို မဖောက်မပြန် သိခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။ နိဗ္ဗာနာယ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ။ သံဝတ္တတိ၊ ၏။ တာဝ၊ ကြောင့်။ တံစတုသစ္စံ၊ ကို။ မယာ၊ သည်။ ဗျာကတံ၊ ၏။ ဇုတိ၊ သို့။ ဘဂဝါ၊ သည်။ အဝေါစ၊ ၏။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ရှင်ပင်ဘုရား။ တံဝစနံ၊ ဤသို့ အရှင်ဘုရား မိန့်တော်မူသော စကားသည်။ ဧဝံ သစ္စံ၊ မိန့်တော်မူတိုင်း မှန်၏။ သုဂတ၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော အရှင်ဘုရား။ တံ၊ သည်။ ဧဝံသစ္စံ၊ ၏။ ဘန္တေ၊ ရား။ ဒါနိဇုဒါနိ၊ ၌။ ယသဂမနဿ၊ အကြင်သွားခြင်း၏။ ကာလံ၊ ကို။ ဘဂဝါ၊ သည်။ မညသိ၊ သိတော်မူ၏။ တံဂမနံ၊ ထိုသွားခြင်းကို။ ကရောဟိ၊ ပြုတော်မူပါလော့။ (ဤသို့ သမ္မန်)။ ဇုတိ ဧတံ ဝစနံ၊ ကို။ ပေါဋ္ဌပါဒေါ၊ သည်။ အဝေါစ၊ ၏။ အထခေါ၊ ၌။ ဘဂဝါ၊ သည်။ အာသနာ၊ မှ။ ဥဋ္ဌာယ၊ ၍။ ပက္ကမိ၊ ကြတော်မူလေ၏။

၄၂၁။ အထခေါ၊ ထိုသို့ ဘုရားကြွတော်မူသည်၏ အခြားမဲ့ ဖြစ်သောကာလ၌။ တေပရိဗ္ဗာဇကာ၊ တို့သည်။ ဘဂဝတော၊ ၏။ အစိရပက္ကန္တဿ၊ ကြွတော်မူ၍မကြာမြင့်မီ။ ပေါဋ္ဌပါဒံ၊ ပေါဋ္ဌပါဒ

http://www.dhammadownload.com

အမည်ရှိသော။ပရိဗ္ဗာဇကံ၊ကို။သမန္တ တော၊ထက်ဝန်းကျင်သော အဖို့အား ဖြင့်။'အလုံးစုံသော အဖို့အား ဖြင့်,လည်းဟူ'။ ဝါစာယ သန္ဓိတောဒကေန၊ နှုတ်လှန်ထိုးသဖြင့်။ သဉ္ဇ ဇ္ဈရိ၊ မပြတ်နှိပ်စက် ခြင်းကို။''အပြစ်တင်ခြင်းကို,လည်းဟူ''။အကံသု၊ ပြုကုန်၏။ ကိုဴ အကံသု၊ အသို့အပြစ်တင်ခြင်းကိုပြုကုန်သနည်းဟူမူကား။ အယ္ယံ ဘဝံ ပေါဋ္ဌပါဒေါ၊ အရှင် ပေါဋ္ဌပါဒသည်။ (အဇ္ဈနမောဒတိဋ္ဌ ကတ္တားစပ်)။ သမဏော၊ ရဟန်းဖြစ်သော။ ဂေါတမော၊ သည်။ ယညဒေဝ-ယဲယံဒေဝ၊အကြင်အကြင်စကားကိုလျှင်။ဘာသတိ၊၏။ အသဃေါတမဿ၊၏။တန္တ ဒေဝ-တံတံဒေဝ၊ ထိုထိုသောစကားကို သာလျှင်။ဒေဝမေဝပန၊ အရှင်ဂေါတမဆိုတိုင်းသာလျှင်။ ဘဂဝါ၊ ဘုန်းရှိတော်မူသော အရှင်ဘုရား။ ဧတံဝစနံ၊ ဤအရှင်ဘုရား မိန့်တော်မူသောစကားသည်။ဒေံသစ္စံ၊၏။သုဂတ၊ ကောင်းသော စကားကိုဆိုတော်မူတတ်သောအရှင်ဘုရား။ဧတံဝစနံ၊ သည်။ဒေံ သစ္စံ၊၏။ဇာတိ၊ သို့။ အဇ္ဈနမောဒတိ၊ ဝမ်းမြောက်၏။ ဇာတိ၊ သို့။ သဉ္ဇ ဇ္ဈရိ၊ မပြတ်အပြစ်တင်ခြင်းကို။ အကံသု၊ ကုန်၏။ ခေါပန၊ စင်စစ်။မယံ၊တို့သည်။သမဏသ၊ရဟန်းဖြစ်သော။ ဂေါတမဿ၊ ၏။(ဓမ္မဋ္ဌစပ်)။ ဂေါတမဿ၊သည်။ (ဒေသိတံဋ္ဌစပ်)။ ဒေသိတံ၊ ဟောအပ်ထသော။ ဧကံသိကံ၊ မဖောက်မပြန် မှန်သော အဖို့ ရှိသော။ ဓမ္မံ၊ ကို။ ကိဿ၊ တစုံတခုကို။ လောကော၊ အတ္တဘော သည်။ သဿတော၊ ၏။ဇာတိဝါ၊သို့လည်းကောင်း။ လောကော၊ သည်။ အသဿတော၊ မမြဲ။ ဇာတိဝါ၊ သို့လည်းကောင်း။ လောကော၊သည်။အန္တဝါ၊အဆုံးရှိ၏။ဇာတိဝါ၊သို့လည်းကောင်း။ လောကော၊သည်။ အနန္တဝါ၊ ရှိ။ဇာတိဝါ၊ သို့လည်းကောင်း။ တံ ဓမ္မဇာတံ၊သည်။ဇီဝံ၊မည်၏။တံ၊ထိုဇီဝမည်သော တရားသဘော သည်။သရီရံ၊ကိုယ်မည်၏။ဇာတိဝါ၊သို့လည်းကောင်း။ဇီဝံ၊ သည်။ အညံ၊ တည်း။ သရီရံ၊ သည်။ အညံ၊ တည်း။ ဇာတိဝါ၊ သို့ လည်းကောင်း။ တထာဂတော၊သည်။ ပရမ္မရဏာ၊၌။ ဟောတိ၊ ၏။ဇာတိဝါ၊ သို့လည်းကောင်း။ တထာဂတော၊ သည်။ ပရမ္မ

http://www.dhammadownload.com

ရဏာ၊ ၌။နဟောတိ၊ ဖြစ်။ ဣတိဝါ၊ သို့လည်းကောင်း။ တထာဂတော၊သည်။ ပရမ္မရဏာ၊ ၌။ ဟောတိ၊ ၏။ နဟောတိစ၊ ဖြစ်။ ဣတိဝါ၊ သို့လည်းကောင်း။တထာဂတော၊ သည်။ နေဝဟောတိ၊ မဖြစ်။ နနဟောတိ၊ မဖြစ်သည်လည်း မဟုတ်။ ဣတိဝါ၊ သို့လည်းကောင်း။ နအာဇာနာမ၊ မသိကုန်။ ဣတိ၊သို့။တေပရိမ္ဟာဇကာ၊ တို့သည်။ အာဟံသု၊ ကုန်၏။ တေဟိ ပရိမ္ဟာဇကေဟိ၊ တို့သည်။ (ကတ္တားထည့်)။ ဧဝံဝစနေ၊ ဤသို့သော စကားကို။ ဝုစ္စတေ၊ သော်။ ပေါဋ္ဌပါဒေါ၊ သော။ ပရိမ္ဟာဇကော၊ သည်။ တေပရိမ္ဟာဇကေ၊တို့ကို။ ဧတံဝစနံ၊ ကို။ အဝေါစ၊ ၏။ ကိံအဝေါစ၊ နည်း၊ ဘော၊ အရှင်တို့။ အဟမ္ပိ၊ သည်လည်း။ သမဏာဿ၊ သော။ ဂေါတမဿ၊ ၏။ ''သည်, လည်းဟူ''။ ဒေသိတံ၊ သော။ ဧကံသိကံ၊ မဖောက်မပြန် မှန်သော အဖို့ရှိသော။ ဓမ္မံ၊ ကို။ ကိဋ္ဌ၊ တစုံတခုကို။ လောကော၊ သည်။သဿတော၊ ၏။ ဣတိဝါ၊ သို့လည်းကောင်း။ပ။ နနဟောတိ၊ ဟုတ်။ ဣတိဝါ၊ သို့လည်းကောင်း။ နအာဇာနာမိ။ သိ။ အပိစ၊ စင်စစ်ကား။ သမဏော၊ သော။ဂေါတမော၊သည်။ ဘူတံ၊ ဟုတ်သော။ တစ္ဆံ၊ မှန်သော။ တထံ၊ မဖောက်မပြန်သော။ ဓမ္မဋ္ဌိတိကံ၊ ကိုးပါးသော လောကုတ္တရာတရား၊တို့၌ တည်ခြင်း သဘောရှိထသော။ ဓမ္မနိယာမတံ၊ ကိုးပါးသော လောကုတ္တရာ တရားဖြင့် မှတ်အပ်ထသော။ ပဋိပဒံ၊ အကျင့်ကို။ပညပေတိ၊ပညတ်တော်မူ၏။ ခေါပန၊ စင်စစ်။ ဘူတံ၊ ဟုတ်သော။ တစ္ဆံ၊ မှန်သော။ တထံ၊ မဖောက်မပြန်သော။ ဓမ္မဋ္ဌိတံ၊ကိုးပါးသော လောကုတ္တရာ တရားတို့၌ တည်ခြင်းသဘောရှိထသော။ ဓမ္မနိယာမတံ၊ ကိုးပါးသော လောကုတ္တရာတရားတို့ဖြင့် မှတ်အပ်ထသော။ ပဋိပဒံ၊ကို။ပညပေန္တိသ၊ ပညတ်တော်မူသော။ သမဏာဿ၊ သော။ ဂေါတမဿ၊ ၏။ သုဘာသိတံ၊ ကောင်းစွာဆိုအပ်သော စကားကို။ သုဘာသိတတော၊ ကောင်းစွာဆိုသောအားဖြင့်။ဝိညူ၊ ပညာရှိဖြစ်သော။ မာဒိသော၊ငါကဲ့သို့သောသူသည်။ကထံဟိ-ကေနကာရဏေန၊ ကြောင့်။ နာဇ္ဈနုမော

http://www.dhammadownload.com

ဒေယျနာမ၊ ဝမ်ိဳးမေမြာက်အံ့နည်း။ ဇာတိ၊ သို့။ ပေါင်းပါဒေါ်၊သည်။ အဝေါစ၊ ၏။

စိတ္တဟတ္ထိသာရိပုတ္တပေါဏပါဒဝတ္ထု

၄၂၂။ အထခေါ်၊ ၌။ ဒွိဟတိဟသ၊ နှစ်ရက် သုံးရက်၏။ အစ္စယေန၊ လွန်သဖြင့်။ စိတ္တော၊ မငြိမ်သက်သော စိတ်ရှိသော။ (ခုနစ်ကြိမ် လူထွက်သောကြောင့် မငြိမ်သက်သော စိတ်ရှိ၏ ဟူသတည်း)။ ဟတ္ထိ သာရိပုတ္တောစ၊ ဆင်ထိန်း သားသည်လည်းကောင်း။ **တနည်းကား**၊ ဟတ္ထိ သာရိပုတ္တော၊ ဆင်ထိန်းသားဖြစ်သော။ စိတ္တောစ၊ သည်လည်းကောင်း။ ပေါင်းပါဒေါ်၊ ပေါင်းပါဒအမည်ရှိသော။ ပရိဗ္ဗာဇကောစ၊ သည်လည်းကောင်း။ ဇာမေ ဒွေသဟာယကာ၊ ဤနှစ်ယောက်သော အဆွေခင်ပွန်းတို့သည်။ (ထည့်ပါ)။ ယေန ယတ္ထ၊ ၌။ ဘဂဝါ၊ သည်။ အတ္ထိ၊ ၏။ တေန-တတ္ထ၊ သို့။ ဥပသင်္ကမိ ံသု၊ ကုန်၏။ပ။ (အနက်လွယ်ပြီ)။ သမန္နာဟရော၊ အလုံးစုံသော အဖို့ဖြင့်။ ဝါစာယ သန္နတော ဒ္ဓကေန၊ နူတ်လှန်ထိုးသဖြင့်။ သဗ္ဗညူရိ ံ၊ နွိပ်စက်ခြင်းကို ''အပြစ်တင်ခြင်းကိုလည်းဟူ'' အံ့သု၏။ကိ ံသဗ္ဗညူရိ ံအံ့သု၊ အဘယ် အပြစ်တင်ခြင်းကို ပြုကုန်သနည်း ဟူမူကား။ အယံ ဘဝံ ပေါဏပါဒေါ်၊ သည်။ (အဇ္ဇနုမောဒတိ၌စပ်)။ သမဏောဝ၊ သော။ ဂေါတမော၊ သည်။ ယာဉဒေဝ- ယံယံ ဒေ ဝစနံ၊ ကိုလျှင်။ ဘာသတိ၏။အဿဂေါတမဿ၏။တံတဒေဝ-တံတံ ဒေ ဝစနံ၊ ကိုလျှင်။ဘဂဝါ၊ရား။ တေံ ဝစနံ၊ သည်။ ဒေမေဝ၊ ဘုရားမိန့်တော်မူကိုင်းလျှင်။ဒေံသစ္စံ၊ ၏။သုဂတော၊ ရား။ တေံဝစနံ၊သည်။ ဒေံသစ္စံ၊ ၏။ဇာတိ၊သို့။အဇ္ဇနုမောဒတိ၊ ၏။ ခေါပန၊ စစ်။ မယံ၊ တို့သည်။ သမဏဿ၊သော။ဂေါတမဿ၊ သည်။ ဒေသိတံ၊ သော။ ကေသိကံ၊စင်စစ် မှန်သောအဖို့ရှိသော။ ဓမ္မံ၊ ကို။ ကိဉ္စိ၊ တစုံတခုကို။ လောကော၊ အတ္တဘောသည်။ သဿတော၊ ၏။ ဇာတိဝါ၊

http://www.dhammadownload.com

သို့လည်းကောင်း။ပ။ နနဟောတိ၊ မဖြစ်သည်လည်း မဟုတ်။ ဣတိဝါ၊ သို့လည်းကောင်း။ နအာဇာနာမ၊ ကုန်။ ဣတိ၊ သို့။ သဉ္ဇာရိ၊ ကို။ အကံသု၊ ကုန်၏။ ဘန္တေ၊ ရား။ ဝေဒံ၊သို့။ ဝုတ္တော၊ သော်။ အဟံ၊ သည်။ တေပရိဗ္ဗာဇကေ၊ တို့ကို။ တေဝဒံ၊ကို။ အဝေါစ၊ ၏။ ကိံအဝေါစ၊ နည်း။ပ။(အနက်တူပြီ)။ဝိညူ၊ ပညာရှိဖြစ်သော။ မာဒိသော၊ ငါကဲ့သို့သောသူသည်။ ကင်္ခီ-ကေန ကာရဏေန၊ ကြောင့်။ နာဇာနုမောဒေယျနာမ၊ ဝမ်းမမြောက်အံ့နည်း။ ဣတိ၊ သို့။ အဝေါစ၊ ၏။

၄၂၃။ ပေါဋ္ဌပါဒ၊ဒ။ သဗ္ဗေဝ၊ အလုံးစုံလျှင် ဖြစ်ကုန်သော။ တေပရိဗ္ဗာဇကာ၊ တို့သည်။ အန္ဓာ၊ ကန်းကုန်၏။ အစက္ခုကာ၊ ပညာတည်းဟူသော မျက်စိမရှိကုန်။ နေသံ၊ ထိုပရိဗိုဇ်တို့တွင်။ တံ့ယေဝကော၊ သင်တယောက်သာလျှင်။ စက္ခုမာ၊ ပညာတည်းဟူသောစက္ခုနှင့်ပြည့်စုံ၏။ ပေါဋ္ဌပါဒ၊ ဒ။ မယာ၊ သည်။ ကံသိကာ၊ စင်စစ် မဖောက်မပြန် မှန်သော အဖို့ရှိကုန်သော။ ဓမ္မာပိ၊ တို့ကိုလည်း။ ဒေသိတာ၊ ကုန်ပြီ။ ပညတ္တာ၊ ထားအပ်ကုန်ပြီ။ပေါဋ္ဌပါဒ၊ ဒ။ မယာ၊ သည်။ အနေကံသိကာ၊ စင်စစ် မဖောက်မပြန် မှန်သော အဖို့မရှိကုန်သော။ဓမ္မာပိ၊ တို့ကိုလည်း။ ဒေသိတာ၊ ကုန်ပြီ။ပညတ္တာ၊ကုန်ပြီ။ (ဟိသဒ္ဒါ ခေါသဒ္ဒါတို့ကား ပဒါလင်္ကာရ။အနက်မရှိ)။ပေါဋ္ဌပါဒ၊ ဒ။ ကတမေ၊အဘာယ်မည်ကုန်သော။ အနေကံသိကာ၊ စင်စစ် မဖောက်မပြန် မှန်သောအဖို့မရှိကုန်သော။ တေဓမ္မာ၊ တို့ကို။ မယာ၊ သည်။ ဒေသိတာ၊ ကုန်သနည်း။ပညတ္တာ၊ထားအပ်ကုန်သနည်းဟူမူကား။ပေါဋ္ဌပါဒ၊ ဒ။ ပ။(သဿတော လောကောတိဝါ အစရှိသည်အနက်တူပြီ)။ ဒေသိတော၊ဟော အပ်ပြီ။ ပညတ္တော၊ ပြီ။ ပေါဋ္ဌပါဒ၊ ဒ။ ကဿ၊ ကြောင့်။ မယာ၊ သည်။ အနေကံသိကာ၊ ကုန်သော။ တေဓမ္မာ၊ တို့ကို။ဒေသိတာ၊ကုန်သနည်း။ ပညတ္တာ၊ ကုန်သနည်းဟူမူကား။ ပေါဋ္ဌပါဒ၊ဒ။ တေဓမ္မာ၊ ထိုသဿတောလောကော အစရှိသော တရားတို့သည်။ ဟိယသ္မာ၊ ကြောင့်။ အတ္ထသံဟိတာ၊ မိမိ၏ အစီး

http://www.dhammadownload.com

အပ္ပါးသူတပါးတို့၏အစီးအပ္ပါးနှင့်စပ်ကုန်သည်။နဟောန္တိ၊ကုန်။ ခမ္မသံဟိတာ၊ကိုးပါးသောလောကုတ္တရာတရားနှင့် စပ်ကုန်သည်။ နဟောန္တိ၊ကုန်။ အာဒိဗြဟ္မစရိယကာ၊သိက္ခာသုံးပါးအပေါင်းဟု ဆိုအပ်သော သာသနာတော် တည်းဟူသော မြတ်သော အကျင့် ၏အစမျှ သည်လည်း။နဟောတိ၊ ဖြစ်။ပ။ (နာနိဒ္ဒဒါယ အစရှိသည့် အနက်တူပြီ)။ တသ္မာ၊ ကြောင့်။ မယာ၊ သည်။ အနေကံသိကာ၊ ကုန်သော။တေခမ္မာ၊တို့ကို။ ဒေသိတာ၊ ကုန်၏။ပညတ္တာ၊ ကုန်၏။

ကံသိကခမ္မာ

၄၂၄။ ပေါဠဝါဒ၊ ဒ။ ကတမေ၊အဘယ်မည်ကုန်သော။ ကံသိကာ၊ ကုန်သော။ တေခမ္မာ၊တို့ကို။မယာ၊ သည်။ပ။ (ဒေသိတာ စသည် အနက်တူပြီ)။

၄၂၅။ ပေါဠဝါဒ၊ ဒ။ အတ္တာ၊အတ္တဘောသည်။ ကေန္တသုခီ၊ စင်စစ်သုခဝေဒနာနှင့်ပြည့်စုံသည်။ ဟောတိ၊ ၏။ ပရမ္မရဏာ၊ စုတိစိတ်၏အထက်၌။ အရောဂေါ၊မြဲသည်။တောတိ၊၏။ ဧဝံဝါဒိနော၊ ဤသို့ ဆိုလေ့ရှိကုန် ထသော။ ဧဝံဒိဋ္ဌိနော၊ ဤသို့ ယူလေ့ရှိကုန် ထသော။ ဧကေ၊ အချို့ကုန်သော။ သမဏဗြာဟ္မဏာ၊ တို့သည်။ သန္တိ၊ကုန်၏။ တေသမဏဗြာဟ္မဏေ၊ တို့ကို။ အဟံ၊ သည်။ ဥပသင်္ကမိတ္ဝာ၊ ၍။ ဧဝံ၊ သို့။ ဝဒါမိ၊ ၏။ ။(သစ္စံကိရ အစရှိသော ပါဠိကား ဆိုသော အခြင်းအရာကိုပြသော ပါဠိတည်း။ ထိုပါဠိ၏ အတ္ထကား)။ ။အာယဿ္မန္တေ၊ ဂါ့ရှင်တို့။ တုမှေ၊ တို့သည်။ အတ္တာ၊ သည်။ ကေန္တသုခီ၊သည်။ ဟောတိ၊ ၏။ ပရမ္မရဏာ၊ ၌။ အရောဂေါ၊ သည်။ ဟောတိ၊ ၏။ ဧဝံဝါဒိနော၊ ဤသို့ ဆိုလေ့ရှိကုန်၏။ဧဝံဒိဋ္ဌိနော၊ဤသို့ယူလေ့ရှိကုန်၏ ဟူသည်ကား။ သစ္စံကိရ၊ မှန်ပေသလော။ ဇာတိဧဝံ၊သို့။ ဝဒါမိ၊၏။ တေသမဏဗြာဟ္မဏာ၊ တို့သည်လည်း။ဓမ္မယာ၊သည်။ဧဝံ၊သို့။ပုဋ္ဌာ၊မေးအပ်သည်ဖြစ်၍။ အာမ၊ ဤသို့ ဆိုလေ့ရှိကုန်သည် ဤသို့ ယူလေ့ရှိကုန်သည် မှန်၏။ ဇာတိ၊သို့။ ပဋိဇာနန္တိ၊ကုန်၏။အဟံ၊သည်။ တေသမဏဗြာဟ္မဏေ၊

http://www.dhammadownload.com

တို့ကို။ ဒေံ၊သို့။ ဝဒါမိ၊၏။ ကိံ ဝဒါမိနည်းဟူမူကား။ အာယဿ္မန္တော၊ တို့။ တုမှေ၊ တို့သည်။ ကေန္တသုခံ၊ စင်စစ် သုခဝေဒနာနှင့် ပြည့်စုံသော။ လောကံ၊ လောကကို။ ဇာနံဇာနန္တော၊ ညဏ်ဖြင့် သိကုန်သည်ဖြစ်၍။ ပဿံပဿန္တော၊ ညဏ်တည်းဟူသော မျက်စိဖြင့် မြင်ကုန်သည်ဖြစ်၍။ ဝိဟရထအဝိစပန်၊ နေကုန်သလော။ ဇာတိ၊ သို့။ ဝဒါမိ ၏။ ဇာတိ၊သို့။မယာ၊ သည်။ ပုဋ္ဌော၊ မေးအပ်ကုန်သော့။တေသမဏဗြာဟ္မဏာ၊ တို့သည်။ မယံ၊ တို့သည်။ ကေန္တသုခံ၊ သော။ လောကံ၊ကို။ဇာနံ-ဇာနန္တော၊၍။ နောဝိဟာရာမ၊ကုန်၊ ဇာတိ၊သို့။ ဝဒန္တိ၊ ကုန်၏။ အဟံ၊ သည်။ တေသမဏဗြာဟ္မဏေ၊ တို့ကို၊ ဒေံ၊သို့။ ဝဒါမိ၊၏။ ကိံ ဝဒါမိ၊ နည်းဟူမူကား။ အာယဿ္မန္တော၊ တို့။ တုမှေ၊ တို့သည်။ ကေံဒိဝသံ ဝါ၊ တဉ္စေပတ်လုံး လည်းကောင်း။ ကေံဒိဝသံ ဝါ၊ တန္ဒေပတ်လုံး လည်းကောင်း။ ဥပဓုရတ္တိံ ဝါ၊ ညဉ့်ထက်ဝက်ပတ်လုံးလည်းကောင်း။ဥပဓုဒိဝသံဝါ၊နေ့ထက်ဝက်ပတ်လုံးလည်းကောင်း။ ကေန္တသုခိံ၊ သော။ အတ္တာနံ၊ အတ္တဘောကို။ သမ္မဇာနာထအဝိပန၊ မဖောက်မပြန် သိကုန်သလော။ ဇာတိ၊သို့။ ဝဒါမိ ၏။ ဇာတိ၊သို့။ မယာ၊ သည်။ ပုဋ္ဌော၊ ကုန်သော။ တေသမဏဗြာဟ္မဏာ၊ တို့သည်။ မယံ၊ တို့သည်။ ကေန္တသုခိံ၊ သော။ အတ္တာနံ၊ ကို။ နောသမ္မဇာနာမ၊ ကုန်။ ဇာတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။ အဟံ၊ သည်။ တေသမဏဗြာဟ္မဏေ၊ တို့ကို။ ဒေံ၊ သို့။ ဝဒါမိ၊ ၏။ ကိံ ဝဒါမိ၊ နည်းဟူမူကား။ အာယဿ္မန္တော၊ တို့။ တုမှေ၊ တို့သည်။ ကေန္တသုခဿ၊ စင်စစ် ချမ်းသာဖြစ်သော။ လောကဿ၊ ကို။ သစ္ဆိကိရိယာယ၊ ၄ာ။ အယံ၊ ဤသည်ကား။ မဂ္ဂေါ၊အကြောင်းတည်း။ အယံ၊ကား။ ပဋိပဒါ၊အကျင့်တည်း။ ဇာတိ၊ သို့။ ဇာနာထအဝိပန၊ သိကုန်သလော။ ဇာတိ၊ဤသို့။ ဝဒါမိ၊၏။ ဇာတိ၊သို့။ မယာ၊ သည်။ ပုဋ္ဌော၊ကုန်သော။ တေသမဏဗြာဟ္မဏာ၊ တို့သည်။ နောဇာနာမ၊ ကုန်။ ဇာတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။ အဟံ၊ သည်။ တေမဏဗြာဟ္မဏေ၊ တို့ကို။ ဒေံ၊ သို့။ ဝဒါမိ၊ ၏။ ကိံ ဝဒါမိ၊ နည်းဟူမူကား။ အာယဿ္မန္တော၊ တို့။ တုမှေ၊ တို့သည်။ ယာဒေဝတာ၊ တို့သည်။

http://www.dhammadownload.com

(တာကားအနက်မရှိ)။ ကန္တသုခံ၊သော။ လောကံ၊ကို။ဥပပန္နာ၊ ရောက်ကုန်၏။ မာရိသာ၊ အရှင်တို့။ တုမှေ၊ တို့သည်။ ကန္တသုခဿ၊ ကောန်စင်စစ် ချမ်းသာဖြစ်သော။ လောကဿ၊ကို။ သစ္ဆိကိရိယာယ၊ငှာ။ သုပ္ပဋိပန္နာ၊ ကောင်းစွာ ကျင့်ကုန်သည်။ အတ္ထ-ဘဝထ၊ ဖြစ်ကုန်၏လော။ မာရိသာ၊တို့။ တုမှေ တို့သည်။ ကန္တသုခဿ၊သော။ လောကဿ၊ကို။ သစ္ဆိကိရိယာယ၊ငှါ။ ဥဇုပဋိပန္နာ၊ ကောင်းစွာကျင့်ကုန်သည်။ အတ္ထ-ဘဝထ၊ ကုန်၏လော။ ဟိ-တဒေဝဿစ်၊ ၏။ မာရိသာ၊တို့။ မယမ်ပိ၊ တို့သည်လည်း။ ဧဝံပဋိပန္နာ၊ ဤသို့ ကောင်းစွာ ကျင့်ကုန်သည်။ ဖြောင့်စွာ ကျင့်ကုန်သည်။ ဟုတ္ထာ၊ ၍။ ကန္တသုခံ၊သော။ လောကံ၊ သို့။ ဥပပန္နာ၊ ကုန်၏။ ဣဒံဝစနံ၊ ကို။ ဘာသမာနာနံ၊ ဆိုကုန်သော။ တာသံ-ဒေဝတာနံ၊ တို့၏။ သဒ္ဒံ၊ အသံကို။ သုဏာဇာအပိပန၊ ကြားဘူးကုန်သလော။ ဣတိ၊ ဤသို့။ ဝဒါမိ၊ ၏။ ဣတိ၊ ဤသို့။ မယာ၊သည်။ ပုဋ္ဌာ၊ ကုန်သော။ တေသမဏဗြာဟ္မဏာ၊ တို့သည်။ မယံ၊တို့သည်။ ဧဝံသဒ္ဒံ၊ ကို။ နောသုဏာမ၊ မကြားဘူးကုန်။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ကုန်၏။ ပေါဋ္ဌပါဒ၊ဒ။မယာ၊သည်။ ဝုစ္စမာနံ၊ဆိုလတ္တံ့သော။ တံဝစနံ၊ကို။ တံ့၊သည်။ ကိံ မညသိ၊အသို့အောက်မေ့သနည်း။ ဧဝံသန္တေ၊ဤသို့ ဖြစ်သည်ရှိသော်။ တေသံ သမဏဗြာဟ္မဏာနံ၊ တို့၏။ ဘာသိတံ၊ စကားသည်။ အပ္ပါဋိဟီရကတံ၊ အံ့ဖွယ်မရှိသည်၏ အဖြစ်သည်။ ''ဝဋ္ဋဆင်းရဲမှ ထွက်မြောက်သည်၏ အဖြစ်သည်, လည်းဟူ''။ သမ္မဇ္ဇတိနနု၊ဖြစ်သည်မဟုတ်တုံလော။ ''ဖြစ်သလော,လည်းဟူ''။ ဣတိ၊ဤသို့။ ဘဂဝါ၊သည်။ အဝေစ၊၏။ ဘန္တေ၊ရား။ ဧဝံသန္တေ၊ ဤသို့ ဖြစ်သည်ရှိသော်။ အဒ္ဓါဒေါ၊ စင်စစ်လျှင်။ တေသံ သမဏဗြာဟ္မဏာနံ၊ တို့၏။ ဘာသိတံ၊ သည်။ အပ္ပါဋိဟီရကတံ၊ သည်။ သမ္မဇ္ဇတိ၊ ၏။ ဣတိ၊ သို့။ ပေါဋ္ဌပါဒေါ၊ သည်။ ဘဂဝန္တံ၊ ကို။ အဝေစ၊ ၏။

၄၂၆။ ပေါဋ္ဌပါဒ၊ ဒ။ သေယျထာပိ၊ ဥပမာ အဘယ်ကဲ့သို့ နည်းဟူမူကား။ ပုရိသာ၊ သည်။ ဧဝံ၊ သို့။ ဝဒေယျ၊ ၏။ ကိံ

http://www.dhammadownload.com

